www.burmeseclassic.com



BURMESE CLASSIC

# တစ္ဆေတွေနေတဲ့အိမ်

တာတေ
ရွှေဘုန်းကံ
နေပုည
မင်းဘုန်းသိင်္ခသူ

www.burmeseclassic.com

ဒီဇိုင်း - ယမုံနိုး

www.burmeseclassic.com



မျက်နှာဖုံး:ဒီဇိုင်း
ယမုံစိုး
အတွင်း:သရုပ်ဖော်
ကိုကျော်ဦး
ကွန်ပြူတာစာစီ
ဇာနည်မော်
မျက်နှာဖုံး:ဖလင်
EAGLE
အတွင်း:ဖလင်
ရာဇာမျိုးဝင်း
စာအုပ်ချုပ်
ဇာနည်


ထုတ်ဝေသူ-
ဦးမောင်မောင်မြင့်အေး (မြ-၀၄၁၀၀)
လာဘ်မိုးစွေစာပေ
ပုံနှိပ်သူ-
ဦးစည်သူကိုကို (မြ-၁၀၉၈၁)
တော်ဝင်ထွန်း:ပုံနှိပ်တိုက်
အုပ်ရေ-၁၀၀၀ အုပ်
တန်ဖိုး -၁၃၀၀ ကျပ်





ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်
အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း–၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉၇၃၁၇၃၁၈၁၊ ၀၉၄၃ ၊ ၁၀၈၆၁၈၄


20 NOV 2014



တာတေ
မင်းဘုန်းသိခ္ခ
နေပုည
ရွှေဘုန်းကံ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ တစ္ဆေကြီးနေတဲ့အိမ်

**တာတေ** ........................................ [illegible]

၂။ ဖြုံပျက်ကြီးထဲကအိမ် နှင့် မိန်းမပျိုသုံးယောက်

**ရွှေဘုန်းကံ** ........................................ [illegible]

၃။ ဝေးကာရှောင်ရှား သွားကြပြီ

**နေမုည** ........................................ ၈

၄။ မြို့အပြင်က ည

**မင်းဘုန်းသိခ်သူ** ........................................ ၁၀

၅။ လူနှစ်ယောက် စက်ဘီးတစ်စီး သုဘာန်ရှေ့ခေါင်းတစ်ခု

**မင်းဘုန်းသိခ်သူ** ........................................ ၁၃




## တာတေ

## တစ္ဆေကြီးနေတဲ့အိမ်

ကိုဘထွန်း ခေါ်လို့ ကျုပ် လိုက်သွားတာဗျို့၊ ထီးဂလိုင် ဆိုတဲ့ရွာက ကျုပ်တို့ ထနောင်းကုန်းနဲ့တော့ အတော်ကလေး လှမ်းသားဗျ။ ထီးဂလိုင်က ကိုဘထွန်းတို့အမျိုးတွေ ရှင်ပြုဖိတ်လို့ သွားတာပါဗျာ။ အသွားကတော့ ဟုတ်သားဗျ။ ထီးဂလိုင်မှာနေတဲ့ ကိုဘထွန်းတို့ ဘထွေးက လှည်းနဲ့ လာခေါ်တာလေ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com



ကဆုန်လဆိုတော့လည်း ရာသီဥတုက ပူပါ့ဗျာ။ ကျုပ်တို့ အညာသားတွေ ပြောလေ့ရှိတာပဲဗျာ။ တန်ခူး ကဆုန် ဆွေ့ဆွေ့ခုန် ဆိုတာလေ။ တကယ်ကို ဆွေ့ဆွေ့ခုန်ရတော့တာပါဗျာ။ ပူချက်က တော့ ကမ်းကုန်ရောဗျို့။

ယင်းချောင်းတွေမှာလည်း ရေကို ခန်းရောဗျ။ ကျုပ်တို့ အသွားမှာ ထီးဂလိုင်မရောက်ခင် ယင်းချောင်းတစ်ချောင်းကို ဖြတ်ရတာဗျ။ နွားခြေထောက်တွေ ရေစွတ်ရုံ ရှိတာဗျို့။

ကိုဘထွန်းတို့ဘထွေးက လှည်းကို ယင်းချောင်းထဲ တန်း မောင်းချပြီး ဟိုဘက်ကမ်းရောက်တော့လည်း ကမ်းပေါ် တန်း တက်ချသွားတာဗျ။

ဘာမှကြာလှတယ် မဟုတ်ဘူး။ ထီးဂလိုင်ကို ရောက် သွားရောဗျို့။ ကျုပ်က ထီးဂလိုင်ကို တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူးဗျ။

အခုရောက်တော့ ကျုပ် တော်တော်သဘောကျသွားတယ် ဗျို့။

ထီးဂလိုင်က လှတ်သာယာတာကလားဗျ။ ရွာပြင်က ထန်းတောတွေကလည်း ညို့နေတာဗျို့။ ထီးဂလိုင်က ထန်းလျက် ချက်တဲ့ ရွာလေဗျာ၊ ထန်းလျက်မှ မျိုးစုံအောင် ထွက်တာဗျ။ ထဖိုးဦး စားမလား။ ဓိးထန်းလျက်စားမလား။ ပေါက်ပေါက်နဲ့





ဆုပ်ထားတဲ့ ထန်းလျက်ဆုပ်စားမလား။ အုန်းထန်းလျက်စားမလား စုံချက်ဗျာ။

ထီးဂလိုင် ဓိးယိုကလည်း ရှတ်ကောင်းတာဗျ။ ဓိးပေါင်း လည်း လုပ်တယ်။ ဒီတော့ ရွာက စီးပွားရေး လှတ်ကောင်းတာ ပေါ့ဗျာ။ နှမ်းရော ပဲရော ထန်းလျက်ရော ဆိုတော့ ဝင်ငွေကို မှန်နေတာပေါ့ဗျာ။

ထီးဂလိုင်နောက်ကျောမှာက အလယ်ရိုးမကြီးကလည်း ကပ်လို့လေဗျာ။ မိုးဦးကျဆိုရင် မှိုနွတ်၊ မျှစ်နွတ်ကလည်း အလုပ် ဖြစ်သေးဆိုပဲ။ ထင်းခုတ်၊ ဝါးခုတ်၊ သစ်ခုတ်ကလည်း အဖို့ရ သေးတယ်တဲ့ဗျို့။ ဒီတော့ ထီးဂလိုင်မှာက လူဆင်းရဲ နည်းတယ် ဗျ။ လူချမ်းသာ ပေါတာပေါ့ဗျာ။

အခုရှင်ပြုလုပ်တဲ့ ကိုဘထွန်းတို့ အမျိုးတွေဆိုရင်လည်း ထီးဂလိုင်ရဲ့ လူချမ်းသာစာရင်းမှာ ပါတဲ့သူတွေပဲဗျ။

ထီးဂလိုင်က အိမ်ဝိုင်းတွေ တော်တော်များများမှာ မြင်း ကောင်းတွေနဲ့ဗျ။ မြင်းတွေ ရှိကြတယ်။ ဟိုရွာ ဒီရွာ သွားချင်ရင် မြင်းနဲ့ သွားကြတာဗျ။ လူချမ်းသာတွေဆိုတော့လည်း မြင်းက စီးနိုင်တာပေါ့ဗျာ။

ဟန်တော့ အကျသားဗျ။ ရပ်ထဲရွာထဲ ရှင်ပြုရှိပြီဆိုရင် ရှင်လောင်းလှည့်ဖို့ မြင်းတွေမှ တန်းစီထွက်လာတာဗျို့။ တစ်ခို



www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးတွေဗျာ နည်းတဲ့ဒေါက်ကြီးတွေ မဟုတ်ဘူးဗျို့။ မြိုင်မြင်းလုပ်လို့ရတဲ့ အမျိုးတွေဗျ။

ကိုဘထွန်းတို့အမျိုးတွေ ရှင်ပြုကလည်း အစည်သားဗျ။ စုစုပေါင်း ရှင် ဆယ်ပါးဗျ။ ရဟန်းလောင်းက နှစ်ပါး၊ အလှူကြီးပေါ့ဗျာ။ ထီးဂလိုင်ရွာဦးကျောင်းဝင်းကြီးကလည်း လွှတ်ကျယ်တာဗျို့။ ထမင်းကျွေးရုံကြီးကလည်း ကျယ်ပါ့ဗျာ။

တစ်ရွာလုံး မီးခိုးတိတ်ပဲဗျို့။

အနီးအနားရွာတွေကလည်း လာသေးသဗျ။ လှည်းယာဉ်တွေနဲ့ လာကြတာလေ။ ရွာလယ်လမ်းကြီးမှာ ဖုန်တထောင်းထောင်းထပြီး ခြူသံ တချွင်ချွင်နဲ့ပေါ့ဗျာ။ ခြူသံဆိုတာ သိပ်ကြာကြာပြတ်တယ်လို့ မရှိဘူးဗျ။ လှည်းတွေက တစ်စီးပြီးတစ်စီးဝင်လာနေတာဗျို့။

ထီးဂလိုင်သားတွေရဲ့ ဝက်သားချက်ကလည်း လွှတ်ကောင်းဗျာ။ ချက်ထားလိုက်တဲ့ ဝက်သားမှ အိနေတာဗျို့။ သရက်ချဉ်သုတ်ကလေးကလည်း ခပ်ပြေပြေလေးဗျ။ မယ်ဇလီရွက်ဟင်းချိုကလေးကလည်း အချက်ကောင်းတော့ မခါးဘဲ ဆိမ့်ကိုနေတာဗျို့။

ထီးဂလိုင်ဆိုတာက ကျုပ်တို့နယ်မှာ ပဲထွက်၊ နှမ်းထွက် လွှတ်ကောင်းတဲ့ရွာဗျ။ ဒီတော့လည်း ချက်သမျှ ဟင်းတွေမှာ





ဆီကို နှစ်နေတာဗျ။ ရေတ်သီးကြော်ဆိုတာလည်း ဆီအရွှဲသားနဲ့ဗျ။

အလှူလာတဲ့ ပရိသတ်ကလည်း စားလိုက်ကြတာဗျာ။ ခေါင်းကို မဖော်ဘူးဗျို့။ ကိုဘထွန်းနဲ့ ကျုပ်လည်း ဗိုက်ခွေးနမ်းမတတ်ကို ကြိတ်လိုက်တာဗျို့။

ထမင်းစားသောက်ပြီးတော့ ညှော်ခံတဲ့ လက်ဖက်ကလည်း အပေါ်မှာ ဆီလက်တစ်လုံးလောက် မြုပ်နေတာဗျ။ ကျုပ်အကြိုက် နဂါးဆေးပေါ့လိပ်ကလည်း အစည်းလိုက်ကို ဝိုင်းတိုင်းမှာ ချထားတာဗျို့။

ဗိုက်တင်းအောင် ထမင်းစားပြီး လက်ဖက်ကလေးနဲ့ အကြမ်းကလေးသောက်၊ နဂါးဆေးပေါ့လိပ်ကလေးဖွာဆိုတော့ မျက်စိကလေးကစဉ်းပြီး လွှတ်ကိုဇိမ်ကျနေတာပေါ့ဗျာ။ ကျုပ်တို့အညာသားတွေရဲ့ စည်းစိမ်ဆိုတဲ့အထဲမှာ နဂါးဆေးပေါ့လိပ်ကလည်း မပါမဖြစ် ထင်ပါရဲ့ဗျာ။

အလှူပြီးနောက်တစ်နေ့ရောက်တော့ ကိုဘထွန်းရဲ့အစ်ကိုဝမ်းကွဲတွေက ကိုဘထွန်းနဲ့ ကျုပ်နဲ့ကို ရွာတောင်ဘက်က ထန်းတောကြီးထဲကို ခေါ်လာတယ်ဗျ။

နေညိုရင် ရွှေဘိုကို လွမ်းတယ်ဆိုတဲ့စကားက ဒီလိုထန်းတောကြီးကိုပြောတာ ထင်ပါရဲ့ဗျာ။

ထီးဂလိုင်သား တော်တော်များများကို တွေ့ရသဗျ။ ထိုသာ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းရဲ့အစ်ကိုတွေဖြစ်တဲ့ ကိုထွန်းတင်တို့ ကိုထွန်းရင်တို့က ကိုဘထွန်းနဲ့ ကျုပ်ကို မိတ်ဆက်ပေးကြတယ်ဗျ။ ထီးဂလိုင်သားတွေ လွှတ်ခင်တက်မှန်းကို ဒီတော့မှ ကျုပ်က သိရတာဗျို့။ မြင်တာနဲ့ကို ခင်ကြတာဗျ။

"ဟ နေပါဦးကွ၊ ဒီနာမည် ငါ ကြားဖူးပါတယ်၊ ထနောင်းကုန်းက တာတေ ဟုတ်လား"

ကိုမောင်ပု ဆိုတဲ့လူက ထန်းရည်လေးတွေတွေနဲ့ ကျုပ်ကို ကြည့်ပြီးမေးတယ်။

"ဟုတ်ပါတယ်ဗျ၊ တာတေဆိုတာ ကျုပ်ပါ"

ကိုမောင်ပုမျက်နှာက ဝမ်းသာသွားတဲ့ပုံပဲဗျ။ ကျုပ်ကို ပြုံးပြုံးကြီးလုပ်ပြီး ကြည့်နေတယ်။

"ဒီလိုကွ တာတေရ မင်းတို့ရွာက အောင်ချစ်ဆိုတာ ငါနဲ့ သူငယ်ချင်းကွ"

ကိုအောင်ချစ် ဆိုတဲ့အသံကို ကြားရတော့ ကျုပ် ဆတ်ကနဲတောင် တုန်သွားမိတယ်။

"ဗျာ...ကိုမောင်ပုက ကိုအောင်ချစ်နဲ့ သူငယ်ချင်းတွေလား"

"အေးလကွာ၊ ဒီကောင်နဲ့ ငါနဲ့က ဝါသနာတူတွေလေ တာတေရာ၊ ဘာဝါသနာလည်း မင်း သိလား"





"ဟာ ကျုပ် မသိဘူးဗျ"

"ဖဲလေကွာ၊ ဖဲ၊ ဖဲ၊ ဟား...ဟား...ဟား"

"ဩော် ဟုတ်လား၊ ကိုအောင်ချစ်ကတော့ ဖဲဆို လွှတ်ဝါသနာကြီးတာဗျ"

"ငါလည်း အောင်ချစ်အတိုင်းပဲကွ တာတေရ၊ ငါတို့နှစ်ယောက်စလုံးက မိန်းမတွေ ဘာတွေ ယူဖို့ စိတ်မဝင်စားဘူးကွ၊ ဖဲပဲချစ်နိုင်တာ၊ ဖဲသာ ချနေရလို့ကတော့ ထမင်းမစားရလည်း နေနိုင်တဲ့ကောင်တွေဟေ့"

"အင်း ကျုပ် ယုံပါတယ်ဗျာ၊ ကိုအောင်ချစ်နဲ့ ကျုပ်က တော်တော်ကို တွဲခဲ့ကြတာဗျ၊ ကုန်ကုန်ပြောရရင် ကိုအောင်ချစ်သေတဲ့အချိန်အထိ ဆိုပါတော့ဗျာ"

ထန်းရည်ဝိုင်းက ကျန်တဲ့လူတွေက တစ်ချို့လည်း ဆေးလိပ်ကလေးတွေဖွာလို့။ တစ်ချို့လည်း ထန်းရည်ငုံထားတဲ့ အုန်းမှုတ်ခွက်ကလေးမော့လို့။ တစ်ချို့တော့ သောက်လုံးကြီးတဲ့လူတွေဆိုတော့ မြူအိုးလိုက် မော့လို့ပေါ့ဗျာ။ ဒါပေမဲ့ အားလုံးက ကျုပ်နဲ့ ကိုမောင်ပု ပြောနေကြတာကို နားစွင့်နေကြတာဗျ။

"ဒါထက် တာတေရဲ့၊ ငါ့သူငယ်ချင်း အောင်ချစ် သေတဲ့အကြောင်းကို နည်းနည်းတော့ ကြားမိသ[illegible] ပြီးတော့ အောင်ချစ်သေတဲ့အချိန်မှာ မင်းအနားမှာ ရှိတယ်လို့ မင်းတို့ရွာက ကိုဆိမ့်မှား



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ငါ့ကို ပြောဖူးတယ်ကွ”

“သြော် ကိုမောင်ပုကို ကိုဆိတ်ဖွား ပြောတာလား၊ ဟုတ်တယ်ဗျ၊ ကိုအောင်ချစ် သေတာ ကျုပ်တို့ရွာမြောက်ဘက်က မီးလောင်ကုန်းသင်္ချိုင်းထဲမှာ၊ ကိုအောင်ချစ်နဲ့ ကျုပ်နဲ့ မီးလောင်ကုန်းက တရုတ်ကြီးအမိန်းရဲ့ အသုဘမှာ ဖဲချပြီး ပြန်လာကြတာဗျ။ ကျုပ်က ကိုအောင်ချစ်နဲ့ အဖော်လိုက်ရတာပေါ့ဗျာ၊ ည ၂ ချက်တီးလောက်ကြီးမှာ သေတာဗျ”

“ဟာ… ည ၂ ချက်တီး ဟုတ်လား၊ သင်္ချိုင်းထဲမှာ သေတာ၊ ဟင် ဘယ်လိုဖြစ်လို့တုံးကွ”

ထန်းရည်ဝိုင်းကအားလုံးဝိုင်းပြီး တစ်ယောက်တစ်ပေါက် မေးကြတာဗျ။ ပြီးတော့မှ ကိုမောင်ပုက ပြောတယ်။

“သင်္ချိုင်းထဲမှာ အချိန်မတော်ကြီး သေတယ်ဆိုတာတော့ ငါသိတယ် တာတေရ၊ ဘယ်လိုဘယ်ပုံ သေတယ်ဆိုတာတော့ ငါ မသိဘူးကွ၊ နို့ ဘယ်လိုဖြစ်တာတုံးကွာ”

ကျုပ်လည်း ဒီအကြောင်းကို ပြန်မပြောချင်ပေမဲ့ သူတို့က သိပ်သိချင်နေတာဆိုတော့လည်း ပြောရတော့မှာပေါ့ဗျာ။

“ပိုးထိတာနေမှာပေါ့ မောင်ပုရာ”

ကိုအုန်း ဆိုတဲ့သူက သူ့ထင်ကြေးကို ဝင်ပြောတယ်။

“ပိုးထိတာ မဟုတ်ဘူးဗျ၊ အသတ်ခံရတာ”





“ဟာ အသတ်ခံရတာ ဟုတ်လား”

“ဒါဆို ဘယ်သူသတ်တယ်ဆိုတာ မင်းသိမှာပေါ့ တာတေရ၊ ရဲကို မင်း မပြောဘူးလား”

ကျုပ်က သူတို့ကို ခေါင်းခါပြတယ်။ သူတို့ကတော့ ကျုပ် ဘာပြောမှာတုံးဆိုတာကို စိတ်ဝင်စားနေကြတာဗျ။

“သိတာပေါ့ဗျာ၊ ကိုအောင်ချစ်ကို မဖဲဝါ သတ်တာ”

“ဟေ”

“မဖဲဝါ ဟုတ်လား”

အားလုံး တအံ့တသြနဲ့ ကျုပ်ကို ကြည့်နေကြတယ်။ တစ်ချို့ကတော့ ဟုတ်ပါ့မလားဆိုတဲ့ အကြည့်နဲ့ပေါ့ဗျာ။

“မဖဲဝါဆိုတာ သရဲမပဲကွ၊ တာတေရ”

“ဟုတ်တယ် ကိုမောင်ပုရဲ့၊ အဲဒီမဖဲဝါက ကိုအောင်ချစ်ကို သတ်လိုက်တာ”

“ဟေ ဘယ်လိုဖြစ်တာတုံး တာတေရာ”

“အင်း ဒီလိုဗျ၊ ကိုမောင်ပုရဲ့၊ မီးလောင်ကုန်းက တရုတ် အသုဘမှာ ဖဲသွားချဖို့ ကိုအောင်ချစ်က ကျုပ်ကို အဖော်ခေါ်တယ်၊ အဲဒီမှာ မြို့က တရုတ်တွေ ရောက်နေတာ၊ သူဌေးတွေချည်းပဲတဲ့၊ အဲဒီလူတွေကို သူနိုင်အောင် ကစားမယ်လို့ပြောတယ်”

“သြော်…သြော်”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ သတိပေးတာပေါ့ဗျာ၊ ကိုအောင်ချစ် မြို့ကလူတွေကို ယုဉ်ကစားလို့ ခင်ဗျား နိုင်ပါ့မလားဆိုတော့ ကိုအောင်ချစ်က ကျုပ်ကို ပြောတယ်ဗျ၊ သူ့မှာ ဖဲနိုင်အောင် ကစားနိုင်တဲ့နည်းတွေ ရှိတယ်တဲ့ဗျ"

"ဟေ ဟုတ်လား၊ ဘာနည်းတွေများပါလိမ့်"

ကိုမောင်ပုကလည်း ဖဲသမားဆိုတော့ ဖဲနိုင်အောင် ကစားနိုင်တဲ့နည်းဆိုတာကို စိတ်ဝင်စားတာပေါ့ဗျာ။

"မောင်ပုရာ မင်းက တစ်ရှိုး ငြိမ်ငြိမ်နားထောင်စမ်းပါကွ"

ကိုမောင်ပုရဲ့ သူငယ်ချင်းတွေက သူ့ကို ဝိုင်းအော်ကြတယ်ဗျို့။

"အဲဒီည ခုနစ်နာရီလောက်မှာ ကိုအောင်ချစ်က ခေါ်လို့ သူနဲ့ ကျုပ်လိုက်သွားတယ်။ မီးလောင်ကုန်းသချိုင်းကိုရောက်တော့ ကိုအောင်ချစ်က ပြောတယ်ဗျ"

"တာတေ ခဏနေဦးကွ၊ ဒီည ငါက စီးပွားဖြစ် ...က် မှာဆိုတော့ ငါ့အစွမ်းတစ်ခုတည်းနဲ့တော့ မဖြစ်ဘူးကွ၊ မဖဲဝါရဲ့ အကူအညီကိုလည်း တောင်းရမှာ"

"ဗျာ...မဖဲဝါ ဟုတ်လား"

"အေး ဟုတ်တယ်လေ၊ ဘာလဲ မင်းက မဖဲဝါ ဆိုတော့ လန့်သွားလို့လား"





လို့ပြောပြီး လက်ထဲက အထုပ်ကို ဂူပေါ်မှာတင်ပြီး ဖြည်တယ်။ ကျုပ် သေသေချာချာ မှတ်မိတယ် ကိုမောင်ပုရဲ့ သူကြီး ဦးသူတော်ရဲ့ဂူပေါ်မှာ ဖြည်တာ။

"ဘာအထုပ်ကို ဖြည်တာတုံးကွ တာတေရ"

"ခေါက်ဆွဲကြော်ထုပ်ဗျ၊ ကိုအောင်ချစ်က မဖဲဝါကိုကျွေးဖို့ဆိုပြီး ကျုပ်တို့ရွာက အပိန့်ခေါက်ဆွဲကြော်ဆိုင်က အကောင်းစားမှာလာတာဗျ"

"သြော်...သြော် မဖဲဝါကို ခေါက်ဆွဲကြော် ကျွေးတာကိုး"

ထန်းရည်ဝိုင်းက လူတစ်ယောက်က ခေါင်းလေး တညိတ်ညိတ်လုပ်ပြီး ဝင်ပြောသဗျ။

"ဟုတ်တယ်ဗျ၊ ကိုအောင်ချစ်က မဖဲဝါကို သေသေချာချာ ပင့်ဖိတ်ပြီး ခေါက်ဆွဲကြော် ကျွေးတာ၊ ပြီးတော့ ဖဲနိုင်အောင် လုပ်ပေးပါ၊ ထူးထူးခြားခြားနိုင်ရင် နောက်တစ်နေ့မှာ မဖဲဝါကို ဟောဒီနေရာမှာပဲ အမဲသားသုံးပိဿာ ချက်ကျွေးပါ့မယ်လို့ သေသေချာချာကို ကတိပြုတာဗျ"

"နို့ နေပါဦး တာတေရဲ့၊ အောင်ချစ်ကျွေးတဲ့ ခေါက်ဆွဲကြော်ကို မဖဲဝါက စားလို့လား"

ကိုမောင်ပုက ကျုပ်ကို ထောက်မေးတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ စားပါပြီလား ကိုမောင်ပုရာ၊ ကျုပ် သေသေချာချာ ကို ကြည့်နေတာ၊ ခေါက်ဆွဲကြော်တွေမှ ပြိုက်ကနဲ ပြိုက်ကနဲ ကုန်သွားတာဗျ"

"ဟေ ဟုတ်လား"

အားလုံး အံ့သြကုန်ကြတာဗျို့။ ကျုပ်လည်း ဆက်ပြီးပြော ရတော့တာပေါ့လေ။

"နို့ နေပါဦးကွ တာတေရ၊ အဲဒီည အောင်ချစ် ဖဲရော နိုင်လား"

"ဟာ ကိုမောင်ပုရာ၊ ခင်ဗျားသူငယ်ချင်း ကိုအောင်ချစ် နိုင်လိုက်တာမှဗျာ တစ်ဝိုင်းလုံးရှိသမျှ တရုတ်တွေရဲ့ ပိုက်ဆံတွေ သူ့ဆီ အကုန်ရောက်တာဗျို့၊ နာရီတွေ၊ လက်စွပ်တွေ အကုန် ရောက်တာဗျာ၊ ရန်ကုန်ကလာတဲ့ တရုတ်တွေဆိုတာ ခါးဝတ်ခါးစား ပဲ ကျန်တော့တာဗျ"

"ဟာ ဒါဆိုရင် မဖဲဝါက အောင်ချစ်ကို တကယ်ကူညီ တာပေါ့ကွ တာတေရ"

"အို ကူညီလိုက်တာမှဗျာ၊ အဲဒီည အိမ်ပြန်တော့ ကျုပ် မှာ ကိုအောင်ချစ် နိုင်ထားတဲ့ ငွေထုပ်ကြီးကို ထမ်းလိုက်ရတာဗျာ မပြောပါနဲ့တော့"

"ဟာ"





ထန်းရည်ဝိုင်းတစ်ခုလုံး စိတ်ဝင်စားနေကြတာဗျို့။ ထန်းရည်တောင် ထပ်မမှာကြတော့ဘူး။

"အေး ဒီတော့ အောင်ချစ်က မဖဲဝါကို အမဲသား သုံးပိဿာ ကျွေးရောလားကွ"

ကိုမောင်ပုက သူ့သူငယ်ချင်းအကြောင်းကို တော်တော် ကို သိချင်နေပုံပဲဗျ။ ကျုပ်က ဒီနေရာရောက်တော့ အလိုလို သက်ပြင်းချလိုက်မိတယ်။

"အဲဒီမှာ ပြဿနာ စတော့တာပေါ့ဗျာ"

"ဟေ ဘယ်လိုဖြစ်လို့တုံးကွ၊ သူ့ကို ဒီလောက် သိသိ သာသာ လုပ်ပေးထားတာပဲကွာ၊ သူကတိအတိုင်း ကျွေးရတော့ မှာပေါ့ကွ"

"ကိုအောင်ချစ်က ကျွေးဖို့တော့ လုပ်တယ်ဗျ၊ မြို့ကို လှလှတ်ပြီး အမဲသား ဝယ်ပိုင်းတယ်၊ ဒါပေမဲ့ အမဲသားက ရ မလာဘူးဗျ"

"ဟာ"

ကိုမောင်ပုက အံ့သြသွားတယ်ဗျ။ ကိုအုန်း ဆိုတဲ့လူက ဝင်ပြောတယ်။

"ဝယ်မရရင်လည်း တောင်းပန်ထားပြီး ရတဲ့နေ့ သွား ကျွေးရင် ရမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ကိုအောင်ချစ်က အဲဒီလို မလုပ်ဘူးဗျ၊ ဖဲနိုင်တာဟာ မဖဲဝါ လုပ်ပေးတာ ဟုတ်ချင်မှ ဟုတ်မှာပါတဲ့ဗျာ၊ သူ့အစွမ်းနဲ့သူနိုင်တာ ဖြစ်ချင်ဖြစ်မှာပါလို့ ကျုပ်ကို ပြောတယ်၊ ပြီးတော့ ကိုအောင်ချစ်က ကျုပ်ကိုတောင် ဆူသေးတာဗျ၊ မဖဲဝါကို ဒီလောက်ကြောက်နေရသလားလို့ဝေ့ဗျာ၊ အဲဒီည ဖဲသွားချတော့ ကိုအောင်ချစ် ရှုံးလိုက်တာမှ ဝက်ပက်စက်စက်ကို ရှုံးတာဗျို့၊ တစ်လှည့်မှကို မနိုင်တာ"

"မော ပထမည နိုင်တာတွေ ကုန်ရောလားကွ"

"ဟာ မကုန်ဘူးဗျ၊ ကိုမောင်ပုရဲ့၊ ခင်ဗျားလူကလည်း လူပါးပဲ၊ အကုန်ပြန်ယူလာတာ မဟုတ်ဘူးဗျ"

"ဟား…ဟား…ဟား…ဟား"

ကျုပ်ပြောလိုက်တာကို သဘောကျပြီး ဝိုင်းရယ်နေကြတယ်။ ကျုပ်က ဆက်ပြောပြတယ်။

"အဲဒီည မီးလောင်ကုန်းက အပြန်မှာ ကိုအောင်ချစ် အရက်တော်တော်မူးနေတာဗျ၊ လက်ထဲမှာလည်း အရက်ပုလင်းကြီးကိုင်ပြီး လမ်းလျှောက် သောက်လာတာ၊ မီးလောင်ကုန်းသချိုင်းထဲလည်းရောက်ရော မဖဲဝါကို ဆဲတော့တာပဲဗျာ"

"ဟာ ဆဲတယ်ဟုတ်လား၊ အောင်ချစ် တော်တော်ကို မှားသွားတာပဲကွာ"





ကိုမောင်ပုက အံ့သြပြီး ပြောတယ်။

"ကျုပ်လည်း သူ့ကို အမျိုးမျိုးပြောပါတယ်ဗျာ၊ ဘယ်လိုပြောလို့မှကို မရတာဗျ၊ လူကလည်း တော်တော်လေး မူးနေပြီလေဗျာ၊ ကျုပ်ကိုတောင် ဟောကောင် တာတေ၊ မင်းကြောက်ရင် ရှေ့က သွားနှင့်၊ ဒီကောင်မနဲ့ ငါ ဒီည စာရင်းရှင်းမယ်ဆိုပြီး ထပ်ဆဲတော့တာပါပဲဗျာ။ ကျုပ်လည်း စိတ်ပျက်သွားတာနဲ့ သူ့အနားကနေ ထွက်လာခဲ့တာ ခြေလှမ်း လေးငါးလှမ်းပဲ လှမ်းရပါသေးတယ်ဗျာ၊ 'အုန်း အုန်း' ဆိုတဲ့ အသံကြီး ကြားလိုက်လို့ နောက်ကို လှည့်ကြည့်လိုက်တော့ ကိုအောင်ချစ်လက်ထဲက အရက်ပုလင်းကြီး လွတ်ကျသွားပြီး ရှေ့ကို ဒူးညွှတ်ကျသွားတယ်။ သူ့နောက်မှာ ဆံပင်ဖားလျားကြီးချပြီး မားမားကြီးရပ်နေတာ မဖဲဝါကြီးဗျ၊ အရပ်ကြီးက ဆယ်ပေလောက် ရှိမယ်ထင်တယ် ကိုမောင်ပုရဲ့၊ မျက်လုံးကြီးတွေမှားဗျာ၊ အကြမ်းပန်းကန်လောက် ရှိမယ်ဗျ၊ နီရဲပြီး အရောင်တွေ တောက်နေတာဗျို့"

"နို့ အောင်ချစ် ဘာဖြစ်သွားတုံး"

ကိုမောင်ပုက ကျုပ်ကို မေးတယ်။

"ဘာဖြစ်ရမှာတုံး ကိုမောင်ပုရယ်၊ သွေးတွေအန်တော့တာပေါ့ဗျာ၊ ဝေါကနဲ ဝေါကနဲ နှစ်ချက်ထိုးအန်ပြီး မှောက်လျက်ထိုးလဲကျသွားတော့တာပေါ့ဗျာ၊ မဖဲဝါကြီးလည်း ပျောက်သွားရော



www.burmeseclassic.com

www.burmeseclassic.com



ဗျို့”

“အို ဖြစ်မှဖြစ်ရလေကွာ”

ကျုပ်စကားဆုံးတော့ ကိုမောင်ပုက တော်တော်ကို စိတ်မကောင်းဖြစ်သွားတာဗျ။ ထန်းရည်ဝိုင်းတစ်ခုလုံး ငြိမ်သွားပြီး တွေးနေကြတာဗျို့။

“လက်စသတ်တော့ မဖဲဝါဆိုတာ တကယ်ရှိတာပါလား”

လို့ ကိုမောင်ပို့ ဆိုတဲ့လူက ဝင်ပြောတယ်။

“ဟာ ရှိပါပြီလား မောင်ပုရာ၊ ငါ့အဘပြောဖူးတယ်ကွ၊ ရွာအနောက်က သချိုင်းထဲကနေ ဆံပင်ဖားလျားကြီးချပြီး ခေါင်းကြီးတစ်လုံး ထမ်းသွားတဲ့ မဖဲဝါကြီးကို သူမြင်လိုက်ရတယ်ဆိုပဲ၊ ငါ့အဘက သချိုင်းဘေးက လှည်းလမ်းအတိုင်း လှည်းမောင်းလာတာဆိုပဲ၊ နွားတွေဆိုတာ လန့်ပြီး ပဒပ်ရပ်နေကြတာတဲ့ဟေ့၊ ရှေ့မတိုးတော့ဘူးတဲ့ဟေ့၊ အဲဒါ အဘက နှင်တံနဲ့ ခပ်နာနာထိုးမှ ဆက်သွားကြတာဆိုပဲ”

ကိုထန်းဖူးဆိုတဲ့လူက ကိုမောင်ပုကို ပြောပြတာဗျ။ စကားဝိုင်းက တော်တော်ကို ကောင်းသွားတာဗျို့။ သူကြားဖူးတာ၊ ကိုယ်ကြားဖူးတာတွေ ပြောကြတော့တာပေါ့ဗျာ။ ထန်းရည်ဆိုတာလည်း တစ်မြူပြီး တစ်မြူ ချပေးရတာဗျို့။ အမြည်းကတော့





အမဲကြော်ပေါ့ဗျာ။

အဲ…ပြောရဦးမယ်ဗျ။

တာတေဆိုတဲ့ ကျုပ်က အညာသားဆိုပေမယ့် ထန်းရည်တော့ မကြိုက်ဘူးဗျ။ အခုလည်း မိတ်ဖြစ်ဆွေဖြစ်အနေနဲ့သာ အာစွတ်ရုံ ကျုပ်သောက်တာဗျို့။ သောက်ကို မသောက်နိုင်တာ။

အဲ့ညနေကတော့ ပခန်းကိုကြီးကျော်တို့ သိပ်ကြိုက်တဲ့ ညနေမျိုးထင်ပါရဲ့ဗျာ။ လွတ်ပျော်ဖို့ကောင်းတာဗျ။

ကျုပ်ကိုလည်း တော်တော်ခင်သွားကြတာ။ ထီးဂလိုင်ကို မကြာခဏ အလည်လာဖို့ ထပ်ကာ ထပ်ကာ ဖိတ်ခေါ်ကြတယ်။

တာတေဆိုတဲ့ ကျုပ်ကလည်း လာလည်ပါ့မယ်လို့ ကတိကဝတ်ပြုရတာပေါ့ဗျာ။ အားလုံးစားသောက်ပြီးကြတော့ ရွာထဲကို အုပ်လိုက်ကြီး ပြန်ဝင်လာကြတာပေါ့ဗျာ။ အားလုံး လမ်းလျှောက်တာ နောက်ကို ကော့လန် ကော့လန်နဲ့ဗျို့။

အဲ…ပြောရဦးမယ်။ လူဆိုတာ အရက်မူးရင် အရှေ့ကို စိုက်သွားတတ်တယ်ဗျ။ ထန်းရည်မူးရင်တော့ နောက်ဘက်ကိုလန်ပြီး မူးတာလေဗျာ။ အမူးလွန်လို့ လဲရင်လည်း အရက်သမားက ရှေ့ကို မှောက်လျားထိုးလဲတာဗျ။ ထန်းရည်သမားများကြတော့ အမူးလွန်ပြီဆိုရင် နောက်ကို ပက်လက်လန်ပြီး လဲတာဗျို့။

နောက်နေ့ကျတော့ ကိုဘထွန်းနဲ့ ကျုပ် ရွာပြန်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နှစ်ယောက် လှည်းကြုံလိုက်လာတာဗျ။ လှည်းကြုံက ယင်းချောင်း မရောက်ခင် တစ်တိုင်လောက်အလို(နှစ်မိုင်)က တောင်ချိုင့်ဆိုတဲ့ ရွာအထိ ရောက်တာ။ ယင်းချောင်း ဟိုဘက်ကို ကျုပ်တို့နှစ်ယောက် ကုန်းကြောင်းသွားကြမှာဗျ။ ဒီခရီးလောက်က တော့ ကျုပ်တို့က သွားနေကြပါဗျာ။

တောင်ချိုင့်ကနေ ထွက်လာတော့ ညနေတော်တော်စောင်း နေပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ လှည်းကြုံလိုက်လာတဲ့ ကိုချို ဆိုတဲ့လူက သူတို့အိမ်ကို ဝင်ပါဆိုပြီး ဖွတ်အိမ်လည်ခေါ် တာဗျို့။ ကျုပ်တို့နှစ်ယောက်လည်း အားနာတာနဲ့ လိုက်ခဲ့ကြတာ။ သူ့အိမ်ရောက်တော့ ညနေစာ စားပြီးမှ သွားပါလို့ ဖွတ်ဆွဲပြန်ရော ဗျို့။ လွှတ်သဘောကောင်းတဲ့ ကိုချိုတို့မိသားစုကို အားနာတာနဲ့ ညနေစာ စားကြရတာပေါ့ဗျာ။

ဒါကြောင့် ညနေစောင်းတော့မှ တောင်ချိုင့်က ထွက်ဖြစ် တော့တာဗျ။ တောင်ချိုင့်က ထွက်လာတော့ အံ့ဩစရာဗျာ။ ကောင်းကင်မှာ မိုးသားမည်းမည်းတွေ တက်လာလို့ဗျို့။

"ဟာ ကိုဘထွန်းရေ မိုးတွေချက်ချင်းတက်လာပါလား ဗျို့"

"အေးကွ တာတေရ၊ ယင်းချောင်းရောက်အောင် ခပ် သုတ်သုတ်ကလေး လျှောက်ရအောင်ဟေ့၊ ကိုချိုတို့အိမ်သားတွေ





အတင်းဆွဲတာနဲ့ ထမင်းစားနေလို့ နောက်ကျသွားတာကွ"

"ဟာ ကိုဘထွန်းရယ် သူတို့ကလည်း ကျုပ်တို့နှစ်ယောက် ကို တွေ့တွေ့ချင်းကို ခင်တာဗျ၊ လွှတ်သဘောကောင်းတဲ့ မိသားစု ပါဗျာ၊ ဒီတော့လည်း ထမင်းစားဖို့ကို ဘယ့်နှယ်လုပ် ငြင်းမလဲဗျာ"

ကျုပ်နဲ့ ကိုဘထွန်းနဲ့ ခပ်သုတ်သုတ် လျှောက်ကြတယ်။ ကိုဘထွန်းက ကျုပ်ထက် ငါးနှစ် ခြောက်နှစ်လောက်တော့ ကြီးမှာ ဗျ။ ဒါပေမဲ့ လူက လူဗလံကလေး။ ကျုပ်ထက်တောင် နည်းနည်း ညှက်ချင်သေးတယ်။ ဒါပေမဲ့ လူကတော့ လူလျင် လူသွက်ဗျို့။ ယင်းချောင်းမရောက်ခင် မိုးမိမှာစိုးပြီး ရှေ့ကနေ ခပ်သုတ်သုတ် လျှောက်သွားနေတာကို ကျုပ်က သူ့နောက်ကနေ အလျှားထိုးလိုက် နေရသဗျို့။

ကျုပ်တို့နှစ်ယောက် ယင်းချောင်းကမ်းပါးရောက်တော့ ကောင်းကင်မှာ မိုးတွေ မည်းနေပြီ။ အချိန်ကလည်း မိုးချုပ်စ ဖြစ်ပြီဗျ။

"ကဲ တာတေ၊ သတိထားကူးဟေ့၊ မိုးတော့ လွှတ်သေး တယ်ကွ"

ပြောပြောဆိုဆိုနဲ့ ကိုဘထွန်းက ပုဆိုးခါးတောင်းကျိုက် တယ်။ ကျုပ်လည်း ကပျာကယာ ပုဆိုးခါးတောင်းကျိုက်လိုက် တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နှစ်ယောက် ချောင်းထဲကို ဆင်းခဲ့ကြတယ်။ ယင်းချောင်းက ရေစီးကသန်တော့ အောက်ကသဲမြေမှာ ကြာကြာ ရပ်လို့ ရတာမဟုတ်ဘူးဗျ။ ရပ်ရင် သဲက ကျွံဝင်သွားတော့ လူက ယိုင်ပြီး ဟန်ချက်ပျက်သွားတတ်တယ်။ ဒီလိုအခါမျိုးမှာ ရေစီးကသန်တော့ လဲကျသွားတတ်တာဗျ။ ဒါကြောင့် အောက်က နင်းထားတဲ့သဲ ကျွံဝင်မသွားခင် ခပ်သုတ်သုတ် လျှောက်ကြရတာ။

ကျုပ်တို့နှစ်ယောက် ချောင်းထဲမှာ ခြေလှမ်း ဆယ့်ငါး လှမ်းလောက် လျှောက်မိတယ်ဆိုရင်ဘဲ ကျုပ်က ချောင်းအထက် ပိုင်းကို လှမ်းကြည့်လိုက်မိတယ်ဗျို့။

"ဟာ ကိုဘထွန်း ရေတွေလာပြီ၊ နောက်ပြန်ပြေး၊ နောက်ပြန်ပြေး"

တောင်ကျရေဗျို့။ ကျုပ်က နောက်ပြန်ပြေးတယ်။ ဘယ် လွတ်လိမ့်မတုံးဗျာ။ တောင်ကျရေပဲ။ လူမပြောနဲ့၊ မြင်းပြေးရင် တောင် မလွတ်ဘူးဗျ။ ကျုပ်ရော ကိုဘထွန်းရော ရေလုံးရိုက်ပြီး ပါသွားတယ်။ ဒါပေမဲ့ ကိုဘထွန်းရော ကျုပ်ရောက ရေကူးလည်း သန်တယ်၊ သတိလည်းကောင်းတယ်ဆိုတော့ ကမ်းဘက်ကို ကူး တာပေါ့ဗျာ။

ချောင်းထဲမှာ မှောင်သွားပြီဗျ။ မိုးချုပ်တာရော၊ မိုးမှောင် တာရောပေါင်းပြီး မည်းမှောင်သွားပြီ။





"ဝေါ ဝေါ"

ကြောက်စရာကောင်းတဲ့ ရေစီးသံကြီးကို ကြားနေရတာ သွေးပျက်စရာပဲဗျာ။

ချောင်းရေက ချက်ချင်းပြင်ကျယ်ကြီး ဖြစ်သွားပြီး ကမ်း က ဝေးသွားတော့ ကျုပ်တို့နှစ်ယောက် တော်တော်ကူးနေရတာ ပေါ့ဗျာ။ ရေစီးနဲ့ မျောလည်း မျောနေကြတာဗျ။

"အား"

ဟာ ကိုဘထွန်း အော်သံဗျို့။ ကျုပ် လန့်သွားတယ်။ ဘာမှလည်း မမြင်တော့ဘူး။ မှောင်ပိန်းနေပြီ။

"ကိုဘထွန်း၊ ဘာဖြစ်တာတုံး"

"တာတေ ငါ့ခြေထောက်ကို သစ်တုံးကြီး တိုက်သွား တာ၊ ကျိုးသွားပြီထင်တယ်"

ကိုဘထွန်းစကား ဆုံးတယ်ဆိုပဲ ကျုပ် ကမ်းစပ်ရောက် သွားတယ်၊ ခြေထောက်လို့ ရသွားပြီ။

"ကိုဘထွန်း၊ ကိုဘထွန်း ခင်ဗျား ဘယ်မှာတုံး"

"ငါ ဒီမှာကွ တာတေရ၊ ကမ်းစပ်ရောက်ပြီ"

"ဝေါ၊ ဝေါ၊ ဝေါ၊ ဂျိန်း၊ ဂျိန်း"

အို ရွာလိုက်တဲ့မိုးဗျာ။ မိုးသံရော ရေစီးသံရော၊ မိုးခြိမ်း သံရော။ ကျုပ် ကိုဘထွန်းအသံကိုမှန်းပြီး ပြေးသွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီ၊ တွေ့ပြီ။ ကိုဘထွန်းက ထနောင်းပင်ကြီးရဲ့ ပင်စည်ကို မှီပြီး ထိုင်နေတယ်။ လျှပ်တစ်ချက် လက်လိုက်တဲ့အချိန်မှာ သူ့ကို ကျုပ်တွေ့သွားတာဗျ။ သူကလည်း ကျုပ်ကို မြင်သွားတယ်။

"တာတေ လာ လာ၊ ငါ ဒီမှာ၊ ငါ့ခြေထောက်တော့ သစ်တုံးကြီး ဝင်ဆောင့်သွားတာ ကျိုးသွားပြီထင်တယ်ကွ၊ ငါ့ ခေါင်းတွေလည်း မူးနောက်နေတယ်၊ ဘာဖြစ်တုံးမသိဘူး တာတေ"

ကျုပ် ကိုဘထွန်းကို ချက်ချင်းမ,ထူပေးပြီး ကျုပ်ကို ကျောပိုးခိုင်းတယ်။

"လာ ကိုဘထွန်း ဒီနေရာကို မကြာခင် ရေမြုပ်တော့မှာ"

ကိုဘထွန်းက လူ့ဗလံလေးဆိုတော့ ကျုပ်က အသာလေး ကျောပိုးနိုင်တာပေါ့ဗျာ။

"ဘယ်သွားမှာတုံး တာတေ"

"တောင်ချိုင့်ကိုပဲ ပြန်ရမှာပေါ့ဗျာ"

"မင်း လမ်းသိလို့လား"

"လမ်းတော့ မသိဘူးဗျ၊ ကျုပ်တို့ ချောင်းထဲမှာ မျော သွားတာလည်း ဘယ်လောက်ဝေးသွားမှန်း မသိဘူး၊ ဒါပေမဲ့ လျှပ်လက်တဲ့အရောင်နဲ့ကြည့်ပြီး သွားကြတာပေါ့ဗျာ၊ တောင်ချိုင့်





မရောက်လည်း ရောက်တဲ့ရွာမှာ ဝင်ပြီးအကူအညီတောင်းဖို့ပေါ့ဗျာ"

ကိုဘထွန်းကို ကျောပိုးပြီး ကျုပ် ခပ်သွက်သွက် လျှောက်တာပေါ့ဗျာ။ ကိုဘထွန်းကတော့ ကျုပ်ရဲ့ ကျောပေါ်မှာ မှေးနေတယ်ဗျ။ ဘာမှမပြောတော့ဘူး။

"ဟာ ဟိုမှာ ဟိုမှာ"

ကျုပ်အသံကြားတော့ ကိုဘထွန်းက မေးတယ်။

"ဟင် ဘာတုံး တာတေ"

"ဟိုရှေ့မှာ အိမ်ကြီးတစ်လုံးဗျ၊ မီးရောင်တော့ မတွေ့ ဘူး၊ လူတော့ရှိမှာပါ၊ မိုးတွေ လေတွေနဲ့ဆိုတော့ မီးမှုတ်ပြီး စောစောအိပ်ချင် အိပ်နေကြမှာပေါ့ဗျာ၊ အဲဒီမှာဝင်ပြီး မိုးခိုရတော့ မှာပဲဗျာ"

မိုးတွေကလည်း ရေတွေသွန်ချနေသလိုကို ရွာတာဗျ။ တော်တော်ကလေး သွားလိုက်တော့မှ လှည်းလမ်းကြောင်းတစ်ခု ကိုတွေ့တယ်။ လှည်းလမ်းကြောင်းကို ကျော်လိုက်တော့ အိမ်ဝင်း ကြီးထဲကို ရောက်လာတယ်။ လျှပ်စီးတစ်ချက်အလက်မှာ ကျုပ် အိမ်ကြီးဆီကို လှမ်းကြည့်လိုက်တော့ တံခါးကြီး ပွင့်နေတယ်ဗျ။ ခပ်ဟဟလေးပွင့်နေတာ လူရှိရှိ မရှိရှိဗျာ၊ မိုးတော့ ဝင်ခိုလို့ရပြီ ဆိုပြီး ကျုပ် ဝမ်းသာသွားတယ်။ ကိုဘထွန်းကို ကျောပိုးရင်း အိမ်ကြီးရဲ့ တံခါးမကြီးကို တွန်းဖွင့်ဝင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးထဲမှာလည်း မည်းမှောင်နေတာဗျ။ ဘာမှကို မမြင်ရဘူး။ ကျုပ် အိမ်ထဲကို ဝင်လိုက်တယ်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း။

"ရပ်"

ကျုပ်တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းကနဲ ထသွားတယ်ဗျို့။ မှောင်ထဲက ထွက်လာတဲ့ အသံကြီးဗျ။ အသံက ခပ်သြသြကြီးဗျ။ ယောကျ်ားကြီးတစ်ယောက်ရဲ့ အသံပဲ။

"ကိုဘထွန်း၊ ကိုဘထွန်း"

ကျုပ်က ကိုဘထွန်းကို ခေါ်လိုက်တယ်။ ကိုဘထွန်းက ပြန်မထူးဘူး။ ကျုပ်ပခုံးပေါ်မှာ ခေါင်းမှီပြီး အိပ်ပျော်နေပြီဗျ။

"ဘထွန်း မြွေဆိပ်တက်နေပြီ"

မှောင်ထဲက အသံကြီးက ထပ်ထွက်လာတယ်။ ဟာ ကိုဘထွန်း ပိုးထိထားတာထင်တယ်။ ကျုပ် တော်တော်ကို စိုးရိမ်သွားမိတယ်။

"ခြေထောက်ကလည်းကျိုးလို့၊ ဒီအထဲကို မြန်မြန်ခေါ်ခဲ့၊ ဒါထက်နောက်ကျရင် သေတော့မှာ"

"ဗျာ"

"အခုခေါ်ခဲ့ဆို၊ ဘာလုပ်နေတာတုံး"

ကျုပ် မှောင်ထဲကို ရမ်းလျှောက်ခဲ့ရတာပေါ့ဗျာ။ ဘာမှ





လည်း မမြင်ရဘူး။ မှောင်ထဲက ပြောနေတာလည်း ဘယ်သူမှန်း မသိဘူး။ ကျုပ်တစ်ကိုယ်လုံးလည်း ရေတွေရွှဲနစ်ပြီး ခိုက်ခိုက်တုန်နေပြီဗျို့။ ကြောက်လို့ ကြက်သီးထတာလည်း ပါမှာပေါ့ဗျာ။

"ရောက်ပြီ၊ အဲဒီကုတင်ပေါ်မှာတင်လိုက်"

ကျုပ် လက်နဲ့ လိုက်စမ်းလိုက်တယ်။ ဟုတ်တယ်ဗျ။ ကုတင်ကြီးတစ်လုံး။ ကျုပ် ကိုဘထွန်းကို ကုတင်ပေါ် ခပ်ဖြည်းဖြည်း ချပေးလိုက်တယ်။ ကိုဘထွန်းကတော့ ငြိမ်နေတာဗျို့။ အိပ်ပျော်နေတာလား၊ သတိလစ်နေတာလားဆိုတာ ကျုပ် မသိဘူး။ မှောင်မည်းနေတော့ ကိုဘထွန်းကိုလည်း ကျုပ်မြင်ရတာ မဟုတ်ဘူးဗျ။

"သွားတော့လေ၊ ဘာလုပ်နေတာလဲ"

ကျုပ်နောက်ကျောဘက်က အသံကြီး ထွက်လာတယ်။ ကျုပ်လည်း ဘာမှပြန်မပြောရဲဘဲ မှောင်ထဲမှာပဲ စမ်းပြီး ထွက်လာခဲ့တယ်။ လျှပ်စီးတစ်ချက်အလက်မှာ ပွင့်နေတဲ့ တံခါးပေါက်ကို လှမ်းတွေ့လိုက်လို့ ကျုပ် လျှောက်တဲတာပေါ့ဗျာ။

တစ်အိမ်လုံး ငြိမ်သွားတယ်။

"ဝေါ၊ ဝေါ၊ ဂျိန်း၊ ဂျိန်း"

အပြင်မှာတော့ လေရောမိုးရောကို တော်တော်ကြမ်းနေတာဗျို့။ ကျုပ်လည်း ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေပြီ။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



နံရံကိုမှီပြီး ထိုင်ချလိုက်တယ်။ ခဏနေတော့ ကျုပ် လစ်ကနဲ အိပ်ပျော်သွားတယ်။ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားတယ် မသိပါဘူးဗျာ။

"ဟေ့ သူငယ်၊ ဟေ့ သူငယ်"

ကျုပ်ကို လူတစ်ယောက် လှုပ်နှိုးနေတာဗျ။ မှောင်ထဲက ထွက်လာတဲ့ အသံကြီးကို ကျုပ် ချက်ချင်းသတိရပြီး ဝုန်းကနဲ ထထိုင်လိုက်တယ်။ မိုးကတော့ မရွာတော့ဘူး။ နေတွေပူနေပြီဗျ။ ကျုပ်အဝတ်တွေတောင် ခြောက်နေပြီ။

"သတိထား သူငယ်၊ သတိထား၊ ဒီမြက်တောကြီးထဲမှာ ဘာလို့အိပ်နေရတာတုံး၊ ကျုပ် လှည်းမောင်းလာရင်း တွေ့လိုက်လို့ လာကြည့်တာကွ"

"ကိုဘထွန်းရော ကိုဘထွန်း"

ကျုပ်က ကျုပ်ကို လှုပ်နှိုးတဲ့ အဘိုးကြီးကိုကြည့်ပြီး မေးလိုက်တယ်။ မြက်ရိုင်းတောကြီးထဲမှာ ကျုပ် အိပ်ပျော်နေတာဗျ။

"ဟိုသူငယ်လား၊ ဟိုအုတ်ပုံကြီးပေါ်မှာ အိပ်နေတဲ့ သူငယ်မို့လား"

"ဗျာ…ဘယ်မှာတုံး၊ ဘယ်ကအုတ်ပုံတုံး"

ဟာ…ဟုတ်ပါရဲ့ဗျာ။ ကိုဘထွန်းက အုတ်ပုံဖြိုဖြိုကြီး တစ်လုံးပေါ်မှာ ဆန့်ဆန့်ကြီး အိပ်ပျော်နေတာဗျ။ ကျုပ် ချက်ချင်း





ထပြီး ကိုဘထွန်းကို ပြေးနှိုးလိုက်တယ်။

"ကိုဘထွန်း၊ ကိုဘထွန်း"

"အင် ဘာတုံး၊ ငါတို့ ဘယ်ရောက်နေတာတုံး၊ အား ကျွတ် ကျွတ်၊ ငါ့ခြေထောက်မှာ ဘာလုပ်ထားတာတုံး"

"ဟင် ဒီသူငယ်က ခြေထောက်ကျိုးထားတာလား၊ ဝါး ခြမ်းနဲ့ညှပ်ပြီး ကျပ်စည်းထားတာပဲ"

ကျုပ်တို့ကိုနှိုးတဲ့ အဘိုးကြီးက ပြောတယ်။

"ဟုတ်တယ် အဘ၊ ညက ကျုပ်တို့နှစ်ယောက် ယင်း ချောင်းထဲမှာ ဖြတ်ကူးနေတုန်း တောင်ကျရေနဲ့ ပါသွားကြတာ၊ ကိုဘထွန်းက သစ်တုံးနဲ့ ဆောင့်မိပြီး ခြေကျိုးသွားတာဗျ၊ နို့ နေပါဦး အဘရဲ့၊ ကျုပ်တို့နှစ်ယောက် ညက အိမ်မဲကြီးထဲမှာပါ၊ ကိုဘထွန်းကို ကျုပ်က ကုတင်ကြီးတစ်လုံးပေါ် တင်ပေးထားတာ၊ အဲဒီအိမ်မဲကြီးထဲက လူကြီးတစ်ယောက်က ဆေးကုပေးတာဗျ၊ အသံပဲ ကျုပ် ကြားရတာ၊ လူကိုတော့ မမြင်ဘူး၊ အခု အဲဒီအိမ် ကြီးက ဘယ်မှာတုံး၊ ကျုပ်တို့က ဒီနေရာကို ဘယ်လိုရောက်နေ တာတုံးဗျ"

"အိမ်မဲကြီး ဟုတ်လား သူငယ်၊ ကျုပ်တို့ မမွေးခင်တုန်း ကတော့ ဒီနေရာဟာ ဆေးဆရာကြီးတစ်ယောက် နေခဲ့တဲ့ ခြံဝင်း ကြီးလို့ ပြောသံကြားဖူးတယ်၊ အဲဒီဆေးဆရာကြီးမိသားစုက



www.burmeseclassic.com

www.burmeseclassic.com



အိမ်မဲကြီး အကြီးကြီးတစ်လုံးနဲ့ နေကြတာတဲ့ကွ၊ ဟိုသူငယ် တက်အိပ်နေတဲ့ အုတ်ဂူကြီးက အဲဒီဆေးဆရာကြီးရဲ့ဂူပေါ့၊ သူ သေတော့ သူ့မိသားစုက ဒီခြံဝင်းကြီးထဲမှာပဲ သူ့ကို ဂူသွင်းပြီး သင်္ဂြိုဟ်ထားကြတယ်လို့ ပြောတယ်၊ အဲဒီခြံကြီးတို့၊ အိမ်မဲကြီးတို့ ဆိုတာကို အဘတို့ရွာက အသက်ရှစ်ဆယ်ကျော် ကိုးဆယ်ကျော် ရှိတဲ့ လူတွေတောင် မမီလိုက်ကြဘူးကွ၊ စကားပဲ ကျန်နေတာ၊ ဒါပေမဲ့ ဒီအုတ်ဂူကြီးက ရှိနေသေးတော့ ဒီအကြောင်းတွေက လည်း ဟုတ်မှာပဲလို့ ယုံကြရတာပေါ့ကွာ”

ကျုပ်လည်း ဘာပြန်ပြောရမှန်းတောင် မသိတော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားတာပေါ့ဗျာ။

“နို့ အဘနာမည်က ဘယ်သူတဲ့ဗျ၊ အဘတို့ရွာက ဘာတဲ့တုံး၊ ဝေးသေးလား”

“ကျုပ်နာမည်က ဦးစံတဲ့ဗျ၊ ကျုပ်တို့ရွာက မဝေးတော့ ဘူး၊ ဒီလှည်းလမ်းအတိုင်းလိုက်ရင် နာရီဝက်ဆိုရောက်ပြီ၊ ရွာ နာမည်က သမားကုန်းရွာလို့ ခေါ်တယ်၊ ဒီဆေးဆရာကြီးကို အစွဲပြုပြီး ခေါ်တာလို့ ပြောတယ်ကွ၊ နို့ မင်းတို့က ဘယ်က လာကြတာတုံး”

“ကျုပ်တို့ နေတာက ထနောင်းကုန်းဗျ၊ ထီးဂလိုင်အလှူ ကို သွားကြတာပါ၊ တောင်ချိုင့်မှာ ညစာ ဝင်စားပြီး ထွက်ခဲ့ကြ





တာ အဘရဲ့”

“ဟာ တောင်ချိုင်က တော်တော်တောင် လှမ်းနေပြီပဲ၊ မင်းတို့ အဝေးကြီး မျောလာတာကွ”

“ဟင် ဟုတ်လား အဘ”

“အေး ဟုတ်တယ်၊ ကဲ လာကြပါ၊ ကျုပ်မှာ လှည်းပါပါ တယ်၊ ချောင်းရေလည်း ကျနေပါပြီ၊ ကျုပ် ရွာအရောက် ပို့ပေးပါ မယ်၊ ဟိုသူငယ်က ခြေထောက်လည်း ကျိုးနေတာမို့လား၊ ဒီယင်း ချောင်းကျော်လိုက်ရင် ထနောင်းကုန်းကို သိပ်မဝေးရပါဘူး၊ ကျုပ်နွားတွေက နွားသန်ကြီးတွေပါ၊ ကဲ လာ၊ လာ၊ ကျုပ်လှည်း ပေါ်တက်”

ကျုပ်လည်း မငြင်းတော့ဘူးဗျာ။ ကိုဘထွန်းကို ဂူပေါ်က တွဲချရင်း အုတ်ဂူကို တစ်ပတ် ပတ်ပြီး ကျုပ်ကြည့်တယ်။ အင်းဂတေ တွေက ကွာနေပြီဗျ။ ဘာစာမှ ဂူပေါ်မှာ မရှိတော့ဘူး။

လှည်းပေါ်ရောက်တော့ ဦးစံ ဆိုတဲ့ အဘိုးကြီးက ခြေ ထောက်မှာ ကျုပ်စည်းထားတဲ့ ကိုဘထွန်းကို သေသေချာချာ ကြည့်ပြီး မေးတယ်ဗျ။

“သူငယ်တို့ ညက အိမ်မဲကြီးထဲကို ရောက်ခဲ့တယ်ဆို တာ တကယ်လားကွဲ့”

“တကယ်ဗျ၊ အဘစံရဲ့၊ ဟောဒီ ကိုဘထွန်းက ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လည်းကျိုး၊ ပိုးလည်းထိဆိုတော့ သတိမေ့သွားတာ၊ သူ့ကို ကျော်ပိုးပြီး ကျုပ်က ဒီအိမ်ကြီးထဲကို ဝင်ခဲ့တာ၊ မှောင်ထဲက အသံကြီးပဲ ကျုပ်ကြားခဲ့တာဗျ အဘစံရဲ့၊ ကိုဘထွန်းကို သူက နာမည်ဖော်ခေါ်လိုက်သေးတယ်၊ ကုတင်ပေါ်တင်ဆိုလို့ ကျုပ်က မှောင်ထဲမှာစမ်းပြီး တင်လိုက်တာ၊ အဲဒါ အုတ်ဂူကြီးဖြစ်နေတာပေါ့ဗျာ၊ ဒီတော့ ကျုပ်အထင်ပြောရရင် ဒီအိမ်ကြီးက ဒီနေရာမှာပဲ ရှိနေတာဗျ အဘစံရဲ့၊ ကိုဘထွန်းကို ညက အမှောင်ထဲမှာ ဆေးကုပေးခဲ့တာလည်း အဘစံပြောတဲ့ ဆေးဆရာကြီးပဲ ဖြစ်မှာဗျ"

ကျုပ်က သေသေချာချာ ပြောပြလိုက်တော့မှ အဘစံဆိုတဲ့ အဘိုးကြီး မျက်နှာပျက်သွားတယ်ဗျ။

"ဟေ ဟုတ်လား၊ ဒါဆို ဆေးဆရာကြီး ခုထိမကျွတ်သေးဘူးပေါ့"

အဘိုးကြီး တော်တော်ကို ကြောက်သွားတဲ့ပုံပဲ။ ပြီးတော့ ဆေးဆရာကြီးရဲ့ အုတ်ဂူကို တစ်ချက်လှမ်းကြည့်လိုက်တယ်။

"ဟဲ့ နွား၊ ဖျန်း"

အဘစံက သူ့နွားတွေကို ခပ်ကြမ်းကြမ်းရိုက်လိုက်ပြီး အဲဒီနေရာကနေ တရကြမ်း မောင်းပြေးတာပါပဲဗျာ။

ဆ ဆ ဆ

**တာတေ**





# ရွှေဘုန်းကံ

## ခြံပျက်ကြီးထဲကအိမ်နှင့်မိန်းမပျိုသုံးယောက်

လမ်းလေးက ဂဝံမြေနှင့်သဲမြေအချို့ ရောယှက်နေသဖြင့် အနောက်ဘက်သို့ ဆွေစောင်းလုလုနေခြည်အလင်းရပ်တို့ ဖျောပါးပါးကျစင် ဖွန်းကွက်နေလျက်ပါပင်။ နီပြေပြေလေးသန်းနေသည်။ အချို့လူတစ်ရပ်မကမြင့်မားလှသည့် ဂဝံမြေသားတဝက် ကုန်းမို့ကြီးများထက် ပင်စည်ချင်းယှက်ဖြာနေလျက်

www.burmeseclassic.com



အကိုင်းခက်ချင်း ရွက်ဖျားလေးများချင်း ထိဆက်ပူးကပ်လျက် ညွတ်ကွေးနွဲ့ကိုင်းကျနေသည့် ဝါးပိုးရုံ၊ ကြခတ်၊ ဝါးနက်၊ မျှင်ဝါးရုံကြီးများကလည်း အချို့နေရာတွင် ချုတို့ကားလေးကိုပင် လျှပ်ရယ်နေသော ဝါးကိုင်းလက်တံများဖြင့် ထိနမ်းနှုတ်ဆက်နေသယောင်ပင် ...

ကျောက်တန်းမြို့သို့ သွားရာတစ်ခုတည်းသော ကတ္တရာလမ်းမကြီးကနေ ဖဲ့ဆင်းလျက် လျှိုမြောင်လျှိုနိမ့်များသဖွယ် အကွေ့အဝိုက်အချို့ဖြင့် ရွာလေး၏ လမ်းအတိုင်း အောင်မင်းနိုင်က ကားကို အညင်သာဆုံး မောင်းဆင်းလာသည်။ ဝါးရုံပင်ကြီးများ၊ သရက်၊ ပိန္နဲပင်၊ သစ်စေးပင်ကြီးများ အုပ်ဆိုင်းမိုးအုပ်နေသဖြင့် အချို့နေရာ၌ နေပြောက်ပင် မထိုးနိုင်ပါဘဲ အမှောင်ရိပ်ကျချင်နေသည်။ အောင်မင်းနိုင်၏ နဘေးမှ လိုက်ပါလာရင်း ရွာ၏ တောလမ်းအတိုင်း နဘေးဝဲယာရှိ ဝါးရုံတောကြီးများ၊ သရက်ပိန္နဲစင်ကြီးများ အုပ်ဆိုင်းနေသော ခြံဝိုင်းကြီးများကို ဟိုဒီကြည့်ရင်း ချောစုလှိုင်က -

"အောင် ... မရောက်သေးဘူးလား ... ဟင်"

"ရှေ့မှာ ... ရောက်ပါပြီ ချောရဲ့၊ ဘာဖြစ်လို့လဲ"

"ဟို ... ခြံကြီးတွေကလည်း ဝါးရုံပင်ကြီးတွေနဲ့ ဖိတ်ဆိုနေတာပဲနော်။ နောက်ပြီး ... ဒီမှာ ... လူ ... လူတွေ





ရော နေကြရဲ့လားဟင် ..."

"အဟင်း ... တင်း ... ဘာလဲ ... အောင်က ချောကို လူသူမရှိတဲ့ အာဖရိကအမေဇုံတောကြီးထဲ ခေါ်လာတယ်လို့ ချောက ထင်မှတ်နေလို့လား၊ ရွာပဲချောရဲ့ လူသူမနေဘဲ နေပါ့မလား ...၊ အချို့ခြံတွေက ဗွီဒီယိုရိုက်တဲ့ခြံတွေလေ၊ ခြံကြီးတွေရဲ့ အလယ်မှာ အိမ်တွေရှိကြပါတယ် ချောရဲ့။ ဒီရွာက မြို့နဲ့လည်း မဝေးမနီး၊ အေးဆေးတိတ်ငြိမ်တဲ့ ခြံဝိုင်းကြီးတွေ ဖြစ်လို့ အောင့်ဖေဖေက ဟိုတုန်းကတည်းက သဘောကျတာနဲ့ ဝယ်ထားလိုက်တာ၊ ဈေးကလည်း သိပ်မရှိဘူးကိုး၊ အခု အောင်တို့ရဲ့ ပျားရည်ဆမ်းခရီးက ဘယ်လောက်အေးချမ်းလဲ"

"အစကတည်းက ဒီလောက်ခေါင်တဲ့ နေရာဆိုရင် ချောငြင်းမှာ သိလား၊ ပြီးတော့ ဒီလို လျှိုလမ်းတွေဆိုရင်လည်း ညဘက် မပြောနဲ့၊ နေ့ဘက်တောင် ဘယ်သူတစ်ဦးတစ်ယောက်မှ ခသွားလာတဲ့ဥစ္စာ"

"ချောကလည်း ကျေးလက်ကျေးရွာဆိုတာ အခုလိုမျိုး သူ့ခြံသူဝိုင်းနဲ့ သီးခြားနေတတ်ကြတာမျိုးလေ၊ ကိစ္စရှိမှ တစ်ခြံနဲ့ တစ်ခြံ ကူးတတ်ကြတာ၊ နောက်ပြီး ပြည့်စုံကြတဲ့ သူတွေများတဲ့အပြင် ရှုတင်ခြံကြီးတွေပဲဆိုတော့ နဂိုကတည်းက တိတ်ဆိတ်နေတဲ့သဘောပါချောရဲ့၊ ဆယ်လေးငါးမိနစ်တတ်လိုက်

www.burmeseclassic.com



တာနဲ့ သန်လျင် ရောက်တဲ့ဥစ္စာ၊ သန်လျင်ဆိုတာ တောမှမဟုတ်ဘဲ ချောရဲ့၊ တစ်နာရီလောက်မောင်းရုံနဲ့ ရန်ကုန်မြို့လယ် ရောက်တာပဲ၊ ကဲ ရောက်ပါပြီဗျာ''

''ချောတို့ နေကြမှာ ဒီခြံလား''

''အင်းလေ ချောရဲ့။ နှစ်ဧကနီးပါးကျယ်တယ်၊ အောင် နှစ်ခါရောက်ဖူးတယ်။ ခြံထဲရောက်ရင် ချောအရမ်း သဘောကျ သွားမှာပါ၊ ကဲ ချော ခဏနေဦး''

အောင်မင်းနိုင်က ကားလေးကို ကျောက်တိုင်အုတ်ရိုးနှင့် သံဇကာလိပ် စည်းရိုးကာထားသည့် ခြံတံခါးရှေ့တည့်တည့်ရပ်ပြီး ကားတံခါးဖွင့်ဆင်းပြီး ခြံတံခါးအား သော့ဖွင့်သည်။ ခြံတံခါးကြီး အား တွန်းရွှေ့ဖွင့်ကာ ကားဆီပြန်လာပြီး စက်နှိုးသည်။ ကားကို ပွင့်နေသည့် သံတံခါးမှနေ ဝါးရွက်ခြောက်၊ သစ်ရွက်ခြောက်များ ထူထပ်ပုံခဲနေသည့် သဲမြေလမ်းလေးထက် မောင်းဝင်လာတော့ မိနစ်ပိုင်းပင် မကြာ။ သရက်ပင်ကြီး သုံးလေးပင် အုပ်ဆိုင်းလျက် ရေနံချေးရောင်များဖြင့် မည်းနက်နေသည့် တိုက်ခံနှစ်ထပ်အိမ် လေးအား သစ်ပင်ကြီးများကြား မှုန်ကုပ်ကုပ်တွေ့ရသည်။ အိမ်လေး မှာ ရေနံချေးရောင်ဝနေသည်ဆိုပါသော်ငြား အောက်ခံတိုက်နံရံ များကမူ အပေါ်ယံ အင်္ဂတေနံရံအချို့ပင် ကွဲဟနေပြီး အတွင်းမှ အုတ်ခဲချပ်အချို့ကိုပင် မြင်နေရသည်။





အရှေ့ထောင့်စွန်းတွင်လည်း နံရံကပ်နွယ်အချို့ ခွေလိမ် တက်နေပြီး မည်သည့်သစ်ပင်များဟုမသိရသည့် အရွက်ဖားဖား ဂမုန်းလိုအပင်များနှင့် နှုတ်ခမ်းသားများ ကွဲအက်နေသည့် ပန်းအိုးလေးငါးလုံးကို တွေ့ရသည်။ ပေ ၃၀ခန့် အကျယ်အဝန်း ရှိသော တိုက်ခံအိမ်မည်းကြီးမှာ ဘာရယ်ကြောင့်မှန်း မသိပါဘဲ ချောစုလှိုင် ဟိုသည်လျှောက်ကြည့်ရင်းက ကျောရိုးတစ်လျှောက် စိမ့်ခနဲ ကြက်သီးထသွားမိသည်။

ခြံဝင်းကြီးတစ်ခုလုံး ဘယ်နေရာကြည့်ကြည့် ဝါးရုံကြီး များ အုပ်ဆိုင်းညွတ်ကွေးလျက် အိမ်ကြီး၏ ခေါင်းရင်းနှင့် အရှေ့ ဘက်ထောင့်ရှိ လူကြီးနှစ်ဖက်စာခန့်ရှိသည့် နှစ်သက်ရင့် သရက် ပင်ကြီးတွေ၏ အရိပ်ကြောင့်လည်း အိမ်ကြီးမှာ မှုန်ကုပ်ကုပ် အမှောင်ရိပ်များ သန်းနေသည်ကပင် အသည်းငယ်သူအဖို့မူ ခြောက်ချားလန့်ထိတ်ဖွယ်ရာ စိတ်ကို ကြက်သီးမွေးညင်း ထ သည်မှာ အမှန်ပင်။

''ဒီခြံကြီးထဲ သရဲများရှိသလား မသိဘူး''

ဖျက်ကနဲ အမှတ်မထင် တစ်ကြိမ်တစ်ခါမျှပင် မတွေးမိ ခဲ့ဖူးသည့် အတွေးက ချောစုလှိုင်ခေါင်းထဲ ဖျက်ကနဲ တိုးဝင် လာသည်။ စိမ့်ခနဲ ကြက်သီးထသွားမိပြန်ပါသည်။

''ဟင် ဆင်းလေ ချောရဲ့၊ ဘာလုပ်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အော် ... အင်း .. မေ့လို့အောင့်ရဲ့ ... ဟင်း ဟင်း"

ကားရပ်ပြီး နောက်ဖုံးတံခါးဖွင့်ကာ အတွင်းမှ အဝတ်အစားအိတ်နှင့် အသုံးအဆောင်အချို့ယူပြီး လျှောက်လာသည့် အောင်မင်းနိုင်က ကားရှေ့ခန်းတွင် ငေးငေးငူငူကြီးထိုင်နေဆဲဖြစ်သော သူ၏ ချစ်သက်ထား ဇနီးမယားဖြစ်သည့် ချောစုလှိုင်အား အံ့ဩသောမျက်ဝန်းအစုံဖြင့် ကြည့်ကာ ချစ်မြတ်နိုးဖွယ်ရာ ဆိုလိုက်မှ ချောစုလှိုင်က အသိဝင်လာသလို ပျာပျာသလဲ ချစ်မက်ဖွယ်အပြုံးနှင့် ကားတံခါးဖွင့်လျက် ဆင်းရန်ပြင်သည်။

အောင်မင်းနိုင်နှင့် ချောစုလှိုင်မှ မနေ့ကမှပင် ရန်ကုန်မြို့ရှိ ဟိုတယ်တစ်ခုတွင် မင်္ဂလာဆည်ခံပွဲကျင်းပပြီးစီးခဲ့ကြသည့် ဇနီးမောင်နှံအသစ်စက်စက်ပင်ဖြစ်သည်။ သူတို့၏ မင်္ဂလာဦးရက်အချို့အား သူငယ်ချင်းမိတ်ဆွေ၊ ကုမ္ပဏီလုပ်ငန်းများဖြင့်ဝေးရာ အေးချမ်းသည့် ရန်ကုန်တစ်ဘက်ကမ်း သန်လျင်-ကျိုက်ခေါက်ဆံတော်ရှင် စေတီကြီးနှင့် မနီးမဝေး အောင်မင်းနိုင်၏ ဖခင်ကြီး ဦးမြတ်ကျော်လက်ဖွဲ့သည့် ခြံကြီးထဲသို့ မင်္ဂလာဦးများရည်ဆမ်းနေ့ရက်အချို့အား ကျော်ဖြတ်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

ယခုနှစ်ဦးသား နှစ်ကေခန့်ကျယ်ဝန်းသည့် ခြံကြီးထဲ





ခြေချမိကြလေပြီ။

အောင်မင်းနိုင်က ရှေ့မှဦးဆောင်ပြီးပါလာသည့် သော့ဖြင့် ရေနံချေးရောင်ဖျော့တော့လျက် အိုမင်းစပြုနေသော ကျွန်းတံခါးကြီးကို ဖွင့်လိုက်သည်။ တံခါးကြီးမြည်ရွှေ့သွားသံကပင် အမှောင်ရိပ်ပျိုးစ ညနေခင်း လူသူကင်းမဲ့နေသည့် သစ်ရိပ်များအုပ်ဆိုင်းနေသော ခြံကြီးအတွင်း သွေးပျက်ခြောက်ချားဖွယ်ရာ လူမမာကဲ့သို့ တအီအီ ရွှေ့သွားသည်။

"ကျွီ ... အိ ... အိ ... ကျိ"

"ဖရော ... ရော ... ကျိကျိ"

"အမေ့ .. အမလေး ..."

ရုတ်တရက် အမှောင်ရိပ်သန်းနေသည့် အိမ်ကြီးထဲမှ ဖရောဖလူး အသံဖြင့်အတူ ချောစုလှိုင်၏ ခြေခုံမို့မို့ပေါ် ဖြတ်သန်းသွားသည့် အေးစက်ကြမ်းရှသည့် တစ္ဆေသရဲလက်ဖဝါးကဲ့သို့ အထိအတွေ့ကြောင့် ချောစုလှိုင် အထိတ်တလန့် အော်လိုက်ခြင်းဖြစ်သည်။

"ဘာ ... ဘာဖြစ်တာလဲ .. ချော ..."

"ကြွက် ... ကြွက် .. ဟိုမှာ"

ဖွင့်ဟသွားသည့် တံခါးအပြင်က အလင်းရိပ်ပျပျကြောင့် ဖြတ်ပြေးသွားသော အမွေးအမျှင်များနှင့် မသတီဖွယ်ရာ ကြွက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်အား ချောစုလှိုင် အလန့်တကြား လက်ညှိုးထိုးပြမိလိုက်သည်။ အောင်မင်းနိုင်က ချောစုလှိုင်၏ လက်ဖျားလေးအား ဆုပ်ကိုင်လိုက်ရင်း …

"အဟင်း … ကြွက်ပါချောရဲ့၊ ဘာမှမဟုတ်ပါဘူး လူမနေတော့ သူတို့ရဲ့ သိုက်မြုံလို့ ဖြစ်နေမှာပေါ့၊ ဘာလဲ … ချောကြောက်လို့လား … အဟက်"

"မကြောက်ဘဲနေပါ့မလား၊ အမွေးကြီးတွေနဲ့၊ သရဲကြွက်ကြီးကျနေတာပဲ"

အမှန်တကယ်လည်း ချောစုလှိုင် လက်ဖျားသွယ်နုကလေးတွေက ချွေးစီးများစို့လျက် အေးစက်နေလေသည်။ အောင်မင်းနိုင်က ချောစုလှိုင်လက်ဖျားလေးကို တင်းကျပ်အောင် ဆုတ်ကိုင်လိုက်ရင်း ….

"သရဲကြွက်ဆိုတာ ရှိလို့လားချောရဲ့၊ အောင် ကြားတောင်မကြားဖူးဘူး"

"အိုး လူတောင်သေရင် သရဲဖြစ်သေးတာ၊ ကြွက်တွေလည်း သေရင် သရဲမဖြစ်ဘူးလို့ ပြောနိုင်လို့လား၊ ဗီဒီယိုတွေထဲ အောင် မတွေ့ဘူးလား"

"တဲ့ .. လာပါ မရွှေချော၊ မီးဖွင့်လိုက်ဦးမယ်၊ အဖေတို့က ဈေးသက်သာလို့သာဝယ်လိုက်တာ၊ ဝယ်ပြီးကတည်းက





ပထမတော့ ခြံစောင့်ထားသေးတယ်၊ နောက် ဘာဖြစ်လို့လဲ မသိဘူး၊ အဲဒီခြံစောင့်ဘကြီးအေးက မနေတော့ဘူး၊ ဒီရွာထဲကပဲ ဘကြီးအေး ခြံစောင့်မလုပ်တော့ တံခါးပိတ်ထားတာ"

"ဟော … ဟိုမှာ မီးခလုတ်"

အောင်မင်းနိုင်က သူ့နောက်မှ ခြေတွန့်ဆုတ်တွန့်ဆုတ်နှင့် လိုက်လာနေသော ချောစုလှိုင်လက်ကို ဆုတ်ကိုင်ရင်းမှ အပေါ်ထပ်သို့ တက်သည့်လှေကားအနီးရှိ မီးခလုတ်ခုံအား မာတ်မီးဖြင့်ထိုးရင်း ပြောသည်။ မီးရှိသည်ဟု သိလိုက်ရသဖြင့် ချောစုလှိုင်စိတ်အနည်းငယ် အေးသွား၏။ မူလက ဒီခြံကြီးထဲသို့ စတင်ခြေချမိကတည်းက ချောစုလှိုင်စိတ်တွင်းမှ အောင်မင်းနိုင်၏ အလိုကိုလိုက်ကာ ချောင်းသာကမ်းခြေသို့ ဟန်နီးမွန်းထွက်မည့် အစီအစဉ်ကို ပယ်ဖျက်ပြီး သူမတို့၏ အိမ်ထောင်ဦးကို ကျေးလက်ဆန်ပြီး အေးချမ်းဆိတ်ငြိမ်စွာ ဖြတ်သန်းရန် ဆုံးဖြတ်မိကတည်းက ကပင် အမှားကြီး မှားပြီလားဟု တွေးမိသည်။ ယခု … တိတ်ဆိတ်ငြိမ်သက်ပြီး လှုံ့သူကင်းဝေးသည့် ဤအိမ်ကြီး၌ မီးရှိသည်ဆို၍ စိတ်အတန်ငယ် ပေါ့ပါးသွားလေသည်။

"ဟာ …"

"ဟင် … ဘာဖြစ်လို့လဲဟင်"

အောင်မင်းနိုင်ထံမှ စိတ်ပျက်သည့် ဟာ့ ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အာမေဋိတ်သံထွက်ပေါ်လာ၍ ချောစုလှိုင် အထိတ်တလန့်မေးလိုက်၏။ အောင်မင်းနိုင်က ချောစုလှိုင်ဘက်သို့ လှည့်ကြည့်ရင်း

“ဒီ မီးခလုတ်တွေက အဟောင်းတွေက ခု မီးဖွင့်လို့ မရဘူး၊ အပေါ်ထပ်ရော၊ အောက်ထပ်ရော ဒုက္ခပဲ၊ ကိုယ်ကလည်း လျှပ်စစ်နဲ့ပတ်သက်လို့ မကျွမ်းကျင်ဘူး”

“မီးရှိတာရော သေချာရဲ့လား အောင်၊ ဟုတ်ရော ဟုတ်ရဲ့လား အောင်ရယ်”

ချောစုလှိုင် မယုံတစ်ဝက် လေသံဖျော့ဖျော့လေးဖြင့် မေးလိုက်မိသည်။ လက်နှိပ်ဓာတ်မီး၏ ဖြာယှက်နေသော အလင်းရိပ်တစွန်းတစဖြင့် ချောစုလှိုင် မျက်နှာလဝန်းလေးက ဖြူရော်နေသယောင်။ အောင်မင်းနိုင်က ခြေထောင့်ထိုး လက်နှိပ်ဓာတ်မီးကြီးအား အိမ်ကြီးအရှေ့ခန်းတစ်ဝိုက် ဝေ့ရမ်းထိုးလိုက်၏။ ဘီရိုကြီးတစ်လုံးနှင့် အခန်းနှစ်ခန်း။ အရှေ့ဘက်တွင်မူ ရေးကြိမ်ကုလားထိုင်လေးလုံးဖြင့် မဟော်ဂနီရောင် လေးပေခန့်ရှည်သော စားပွဲပုတစ်လုံးအား ဖျတ်ခနဲ လှမ်းမြင်ရသည်။

“ဒီမှာ လျှပ်စစ်ကြိုးတွေ၊ မီးခလုတ်တွေ မတွေ့ဘူးလားချောရဲ့၊ ဟိုဘက်ခြံကလည်း ရွှတင်ခြံပဲ၊ မီးမရှိဘဲ ဗီဒီယိုရိုက်လို့ ဘယ်ရမလဲချောရဲ့၊ တောက် အရေးထဲမှာ အရာပေါ်ကွာ၊ ဟိုမှာလေ မတွေ့ဘူးလား၊ ရှေ့ကခြံ မီးထွန်းထားတာ”





ခုနက ဖွင့်ထားခဲ့သော အိမ်တံခါးမကြီးမှတစ်ဆင့် အရှေ့ဘက်မှ သစ်ပင်ရိပ်တို့အကြား ဝါးပင်များကြားမှ အလင်းတစ်စွန်းတစ စွန်းကွက်ဖိတ်လဲ့နေသည့် ခြံကြီးဘက် ဓာတ်မီးထိုးပြရင်း ပြောသည်။ ဟုတ်သည် ဝါကျင်ကျင် အလင်းရောင်က ဝါးရုံပင်များအကြား ကြိုကြားစွန်းထွက်နေသည်။

ချောစုလှိုင်က ပင်သက်ရှိုက်ရင်း

“ဒါဆို ဘယ်လိုလုပ်မလဲအောင်”

“ဘာလုပ်ရမလဲချောရဲ့၊ မီးခလုတ်ပျက်နေတာ အောင်မှ မပြင်တတ်ဘဲ၊ နေဦး”

“ချော ဟိုကုလားထိုင်မှာ ခဏနေခဲ့၊ အရင် ခြံစောင့်ကြီး ဘကြီးအေးက ဟိုဘက်သုံးလေးခြံတင်နေတာ၊ သူက မီးခလုတ်တွေ ဘာတွေတော့ ပြင်ချင်ပြင်တတ်မှာ ချောရဲ့၊ အောင် သွားခေါ်လိုက်မယ်၊ ခဏနော်”

“ချောကြောက်တယ် အောင်၊ ချောလည်းလိုက်မယ်”

အောင်မင်းနိုင် သွားမည်ဆို၍ ချောစုလှိုင် ကမန်းကတန်း တားလိုက်၏။ လူသူမရှိသည့် အိမ်ကြီးထဲ သူမတစ်ယောက်တည်း နေရဲခဲ့ပါ။

“နေခဲ့ပါချောရဲ့၊ ခုမှ အစောကြီးရှိသေးတယ်၊ ချော လိုက်ခဲ့ရင် တော်ကြာ လမ်းမှာ မြွေပါးကင်းပါး တွေ့မှာစိုးလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ပဲ၊ ဖိုက်မိနစ်၊ ခုပဲ အောင်ပြန်လာမယ်၊ ဘကြီးအေးကဲ ဟိုဘက်ခြံအေးတင်နေတာ"

"အောင်"

အောင်မင်းနိုင် လှစ်ခနဲ တံခါးမကြီးအပြင်သို့ အပြေးတပိုင်းလှမ်းထွက်သွားသည်။ အိမ်ကြီးထဲမှာ ဓာတ်မီးတစ်လက်နှင့် ချောစုလှိုင် တစ်ယောက်တည်း။

ချောစုလည်း စိတ်ပျက် လက်ပျက်ဖြင့် ခရီးဆောင်အိတ်အား ကွေ့ပတ်ကာ ကြိမ်ကုလားထိုင်ခုံများနှင့် စားပွဲရှိရာသို့ လျှောက်လာရင်း ထိုင်မိလိုက်သည်။

"ကျွီ ... အီး ... အီး"

"ဖလူး ... ဖျော ... ဖျော"

"အမေ့"

ရုတ်တရက် ချောစုလှိုင် ကြက်သီးမွေးညင်း ထမတ်တလန့်သွားမိသည်။ ကြိမ်ကုလားထိုင်ထောင့် အမှောင်ရိပ်ထောင်းကနေ တဝေါဝေါနှင့်ဖြတ်ပြေးသွားသော စောစောကနယ် အမွေးစုတ်ဖွာနေသော ရေခွက်တစ်လုံးစာမကသော ကြွက်ကြီးတစ်ကောင်။ ချောစုလှိုင်ရင်ထဲ ထိတ်သွားမိ၏။ ဒီအိမ်ကြီးထဲ ထိုကဲ့သို့ ကြောက်စရာ အမွေးစုတ်ဖွားဖွားနှင့် ကြွက်ကြီးတွေ ဘယ်နှစ်ကောင်လောက် ရှိနေသလဲ။





ဘယ်ကမှန်းမသိသည့် တံခါးချပ်ကြီး တကျွီကျွီမြည်နေသံကိုလည်း ကြားနေရသည်။

ထိုစဉ်

"ဖျတ် ... ဖျတ်"

"ဖျတ် ... ဖျတ် ... ရှပ် ... ရှပ်"

"ဟွင့်"

ကြားလိုက်ရသော အသံကြောင့် ချောစုလှိုင်၏ ကိုယ်လေးက တောင့်ခနဲမတ်သွားသည်။ ခြေသံ။ သူမ အကြားလွဲခြင်းမဟုတ်ပါ။ စိမ့်ခနဲ ကြက်သီးဖျန်းဖျန်းတွေက သူမတစ်ကိုယ်လုံးဘဖျင်းဖျင်းသီးထလာသည်လို့ ခံစားလိုက်ရသည်။

"ရှပ် ... ရှပ် ... ရှပ် ... ရှပ်"

"ဟင်"

သေချာသည်။ အပေါ်ထပ်သို့ တက်သည့် လှေကားချိုးဆောင့်ဘက် အခန်းဘက်ကနေ ချောစုလှိုင်ရှိရာဘက်သို့ တစ်လှမ်းချင်း လျှောက်လာနေသည့် ခြေသံ။ ချောစုလှိုင် ရုတ်တရက် မီသာ ကြားလိုက်ရသောခြေသံကြောင့် ထိတ်လန့်ပြီး ယောင်ယောင်နားများဖြင့် သူမ၏ ညာဘက်လက်ထဲ ဆုပ်ကိုင်ထားမိသည့် ဓာတ်မီးဖြင့် လှမ်းထိုးလိုက်၏။

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



ချောစုလှိုင် အသည်းထိတ်မတတ် အော်လိုက်မိသည်။ ဝင်းခနဲ ဖြာထွက်သွားသည့် ဓာတ်မီး၏ အလင်းရောင်အောက်၌ အမျိုးသမီးတစ်ယောက်။ အမျိုးသမီးမှာ ကျောလယ်ခန့်ရှိ ဆံနွယ်ရိုင်းကြီးများ ကပိုကရို ဖွာကြဲလျက် အချို့မှာ မျက်နှာပေါ် ဖရိုဖရဲ ဖုံးအုပ်ဖြာကျနေလျက်။

အဝါပွင့်ရှုန်သားအင်္ကျီလက်ရှည်လေးနှင့် ထမီအနက်ထည်ပြောင်လေး ဝတ်ဆင်ထားသည်။ သူမတစ်ကိုယ်လုံးမှာ ဓာတ်မီးအလင်းရောင်အောက် ဖြူရော်နေသည်။ နှုတ်ခမ်းက သွေးမရှိသကဲ့သို့ ဖြူဆုတ်နေပါသော်လည်း မပွင့်တပွင့်လေး ဟနေပြီး မထီတရီးပြုံးနေသည်လား။ မဲ့နေသည်လား မဝေခွဲတတ်။ သေသေချာချာ ထင်ထင်ရှားရှား မတ်တပ်ရပ်နေခြင်း ဖြစ်သည်။

အမျိုးသမီးငယ်က ချာခနဲ ချောစုလှိုင်အား ကျောခိုင်းလိုက်သည်။

"အမလေး"

ခုန မတွေ့ရသည့် အမျိုးသမီး၏နောက်ကျော၌ ရှည်လျားစွာ တန်းလန်းကျနေသော ကြိုးတစ်ချောင်း။ ထို့ပြင် တစက်စက် ကျနေသော သွေးစက်များ။

ချောစုလှိုင် ဟန်မဆောင်နိုင်ဘဲ နှလုံးသွေးရပ်မတတ်





လန့်အော်လိုက်မိသည်။ ရုတ်တရက် ဆိုးရွားနံဟောင်းစွန်းလှသော အပုပ်နံ့ကြီးက အော့အန်ချင်စဖွယ် အခန်းကြီးထဲ ထောင်းခနဲ ပျံ့ဝေ့သွားသည်။ ချောစုလှိုင် ပျို့အန်ချင်လာ၍ ပါးစပ်အား လက်ဝါးဖြင့် ပိတ်ထားလိုက်ရသည်။

"ချောရေ အောင်ပြန်လာပြီ"

အိမ်ကြီးထဲ အပြေးတပိုင်း လှမ်းဝင်လာသည့် အောင်မင်းနိုင်အား ချောစုလှိုင် ဟန်မဆောင်နိုင်တော့ဘဲ လွှတ်ထွက်သွားမတတ် ဖက်တွယ်ထားမိတော့သည်။

"ချော… ဘာဖြစ်တာလဲ … ဘာဖြစ်လို့လဲ"

"သရဲ … အောင် … သ … သရဲ"

အောင်မင်းနိုင်က တဆတ်ဆတ်တုန်နေရင်း သူ့ရင်ခွင်ကြီးထဲ မျက်နှာမဖော်သော ချောစုလှိုင်အား ကျောပြင်ညက်ညက်လေးအား ပွတ်သပ်ရင်း…

"ချော … ချော … ဘာဖြစ်လို့လဲ"

"သရဲမ အောင်၊ ချော ကြောက်တယ်"

"ဟာ ချောကလည်း မဟုတ်တာကွာ၊ ဘယ်က သရဲမလဲ၊ ဘယ်သူမှ မရှိပါဘူး ချောရဲ့၊ ကဲ ဘယ်မှာလဲပြော"

"ဟို လှေကားထောင့်ချိုးနားမှာ"

"ဟား ဟား ချောကလည်း ဗီဒီယိုကားတွေကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင့်ကို နှောက်နေတာလား၊ အိမ်ထဲမှာ အောင်နဲ့ချောပဲရှိတယ်။ သရဲမ မပြောနဲ့ ကြွက်တစ်ကောင် ကြောင်တမြီးတောင် မရှိပါဘူး ချောရဲ့၊ မယုံရင်ကြည့်"

"ဟင်"

ဒီတော့မှ ချောစုလှိုင် အောင်မင်းနိုင်ရဲ့ရင်ခွင်ထဲမှ မျက်နှာဖယ်ကာ အောင်မင်းနိုင်ဓာတ်မီးဖြင့် ထိုးပြရာ အိမ်ကြီးအတွင်း လှည့်ပတ်ကြည့်လိုက်မိသည်။ လင်းဖြာနေပါသော အလင်းရောင်အောက်၌ အိမ်ကြီးရှေ့ခန်းတစ်ခုနှင့် မည်သူမျှရှိမနေပါ။ အံ့သြစရာကောင်းသည်။ ခုနက သူမအမှန်တကယ် ထင်ထင်ရှားရှား ယင်းမိန်းမအား မြင်တွေ့ရခြင်းဖြစ်သည်။

ယခု လေကားထောင့်ချိုးအဝိုက် ရှင်းလင်းနေသည်။ ပြီးပြီးတော့ အပုပ်နံ့။ ချောစုလှိုင်၏ နှာခေါင်းသို့စူးရှဆိုးရွားစွာ အပုပ်နံ့က ထောင်းထောင်းထနေဆဲပင်။

"အပုပ်နံ့ကြီး၊ အောင် ရသလားဟင်..."

"ဟာ...ချောကလည်းကွာ ဘယ်က အပုပ်နံ့ရမလဲ၊ မဟုတ်က ဟုတ်ကပြောနေပြန်ပြီ၊ အောင်ရနေတာတော့ ဟောဒီ အောင့်ရဲ့ ချစ်ဇနီးအသစ်စက်စက်လေးဆီက ကိုယ်သင်းနံ့ သင်းသင်းလေးပဲ၊ မွှေးနေတာပဲ ... ကဲ ... ကဲ"

"အို အောင်၊ လွှတ်ကွာ လွှတ်"





"မလွှတ်နိုင်ပါဘူး ချောရယ်"

ချောစုလှိုင်၏ သေးသွယ်ပါးလျသည့် ခန္ဓာကိုယ်လေးက အောင်မင်းနိုင်၏ ရင်ခွင်ကျယ်ကြီးထဲ နစ်မြုပ်သွားသည်။ ပူနွေးရှိန်းမြသော အနမ်းနွေးတို့အောက်၌ ချောစုလှိုင်၏ စိတ်လန့်ခြောက်ချားဖွယ် မြင်တွေ့ရသည့် မိန်းမငယ်လေးနှင့် ဆိုးရွားလှသော အပုပ်နံ့ကြီးက ပျောက်ရှသွားလေပြီ။

"ဘကြီးအေးက ဆည်ကုန်းကြီးဘက် ခဏသွားတယ်ပြောတယ်ကွ၊ မနက်ကျ မီးလာပြင်ပေးလိမ့်မယ်၊ ဒီတစ်ညတော့ဖြစ်သလို ဒီအလင်းရောင်လေးနဲ့ပဲ နေကြတာပေါ့နော်၊ အောင်တော့ ရောက်လာရင် လွှတ်လိုက်ပါလို့လဲ မှာတော့ မှာခဲ့တာပဲ"

"အဲဒီလိုမှန်းသိရင် ချော ဒီနေရာကို မရွေးခဲ့ပါဘူး၊ အောင်ရယ်"

"ဟာ ချောကလည်းကွာ၊ ရွာလေးက ဘယ်လောက်အေးချမ်းလည်း၊ သူ့ခြံနဲ့၊ သူ့ဝင်းနဲ့၊ နောက်ပြီး ဖေဖေတို့က အောင်နဲ့ချောကို ဒီခြံကြီးလက်ဖွဲ့ထားတဲ့ဥစ္စာ။ ချောရဲ့အိမ်၊ ချောရဲ့ခြံ ဖြစ်သွားပြီဥစ္စာ။ အိမ်ရှေ့တောလမ်းလေးက လျှောက်လိုက်ရင် တောင်ဘက်မှာ ကြာနီအင်းဆိုတဲ့ အင်းကြီးက မျက်စိတစ်ဆုံး ရှိတယ် ချောရဲ့၊ သန့်ရှင်းလတ်ဆတ်တဲ့ လေကောင်းလေသန့်တွေလည်းရတယ်၊ တောင်ယာခင်းတွေ၊ ပန်းခြံတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဆုံးပဲ ချောရဲ့ နောက်ဆို ချော ရန်ကုန်မှာတောင် နေချင်မှာမဟုတ်ဘူး”

“ဒါပေမယ့် ချောစိတ်ထဲ ဒီခြံကြီးက တမျိုးပဲ၊ ခုနတုန်းကလည်း”

ချောစုလှိုင်က အခန်းဝန်းကျင်အား အကြည့်တစ်ချက်ဝေ့ဝဲဖိုက်ရင်း လေသံဖျော့ဖျော့လေးဖြင့်ဆိုသည်။

“ကဲပါ ချောရယ်၊ အိမ်အပေါ်ထပ် တက်ကြပါစို့”

□ □ □

အိမ်ကြီး၏ အပေါ်ထပ်အိပ်ခန်းအတွင်း ကုတင်ကြီး၏ ခြေရင်းနံဘေးရှိ သံတိုင်များ ကာရံထားသည့် ပြတင်းပေါက်များမှ တစ်ဆင့် ခြံကြီးထဲရှိ ရှည်လျားယိမ်းနွဲ့နေသော ဝါးရုံပင်ကြီးများအား အပြင်ဘက်ရှိ လရောင်ပျပျအောက် လှမ်းမြင်နေရသည်။ ဝန်းကျင်တစ်ခုလုံး ဘာသံမှ မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ယင်းတိတ်ဆိတ်နေပုံကပင် ခြောက်ချားသွေးပျက်ဖွယ်ရာ ဆန်နေသည်။

ပြတင်းပေါက်မှတစ်ဆင့် ညဖြာရီဝိုးတဝါးအလင်းအောက်၌ လေအဝှေ့တွင် လှုပ်ရှားယိမ်းနွဲ့နေပုံက နာနာဘာဝ ဝိညာဉ်လောကသားတို့ လက်တံကြီးများ ဆန့်တန်းဆော့မြူးနေ





သကဲ့သို့ ထင်မှတ်ရလေသည်။

အောင်မင်းနိုင်က ကုတင်ကြီးကို ရှင်းလင်းနေလေ၏။

“အဟင်း ... ဟင်း ..”

ချောစုလှိုင်၏ နားထဲတွင် လေတိုးခတ်သံလား၊ ဝါးကိုင်းဝါးရွက်တွေချင်း ပွတ်ထိခတ်မြည်သံလား။ ဒါမှမဟုတ် မမြင်ရသော နာနာဘာဝ တစ္ဆေသရဲတွေ ညည်းတွားရှိုက်သံလား မကွဲပြားသည့် အသံတွေကြောင့် ချောစုလှိုင် အောင်မင်းနိုင်ဘက်သို့ တိုးကပ်လိုက်မိသည်။ ယင်းအခိုက်

“ဟင် ...”

“အဟီး ... ဟင်း ... ဟင်း ...”

ချောစုလှိုင်၏ မျက်ဝန်းတွေက အမှတ်မထင် အိပ်ခန်းအနောက်ဘက်ရှိ လူတစ်ရပ်နီးပါးရှိ ရှေးသစ်သားဘီရိုကြီးဘက်သို့ ကြည့်လိုက်မိစဉ် ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။

“အမလေး ...”

“ချော ... ချော .... ဘာဖြစ်တာလဲ ....”

ရုတ်တရက် ကြောက်လန့်တကြား ငယ်သံပါအောင် အော်ဟစ်လိုက်သည့် ချောစုလှိုင်အသံကြောင့် အောင်မင်းနိုင် ကုတင်ကို ရှင်းလင်းနေရာမှ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချောစုလှိုင်က အောင်မင်းနိုင်အား လွှင့်ထွက်သွားမတတ် တင်းတင်းကျပ်ကျပ် ဖက်တွယ်ရင်း

"သ … သရဲမ … အောင် … သ … သရဲမ"

အောင်မင်းနိုင် ရင်ခွင်ကြီးထဲ မျက်နှာအပ်လျက် ချောစုလှိုင် နှုတ်ဖျားမှ တုန်ရီနေသည့် မပီမသ ဗလုံးဗထွေးအသံ၊ ချောစုလှိုင်၏ ခန္ဓာကိုယ်လေးက တဆတ်ဆတ်တုန်ရင်နေသည်။ အောင်မင်းနိုင်သည် ဘာကိုမြင်တွေ့၍ ဘာကြောင့်လန့်နေမှန်း မသိရသည့် ချောစုလှိုင်ကိုယ်လုံးလေးအား ဖက်ပွေ့ရင်းမှ

"ချော … ချော … သတိထားလေ၊ ဘာမြင်လို့လဲ…၊ ဘာဖြစ်လို့လဲ …

"သ … သရဲ … ဟို … ဟိုမှာ ရပ်နေတယ်၊ ချော ကြောက်တယ် … ကြောက်တယ် …"

"ဟာ … မဟုတ်တာ၊ ဘယ်မှာလဲ … ချောပြောတဲ့ သရဲ …"

"ဟို … ဟို … ဘီ … ဘီရိုကြီးဘေးမှာ …"

သူ့ရင်ခွင်ကျယ်ကြီးထဲ အသည်းငယ်သူလို တဆတ်ဆတ် တုန်ရင်လျက် ဦးခေါင်းမဖော်ဘဲ ကုတင်ကြီးခြေရင်းဘက်သို့ လက်ညှိုးလေးတဆတ်ဆတ်တုန်လျက် ချောစုလှိုင် ညွှန်ပြရာသို့ အောင်မင်းနိုင် လှမ်းကြည့်လိုက်၏။ ဖရောင်းတိုင်မီးနှင့်





ဓာတ်မီးအလင်းပျပျအောက် ပေါလစ်ဆေးသားများ ပျက်ပြယ်နေသည့် ရှေးဘီရိုကြီးမှလွဲ၍ ဘာမှမရှိပေ။

"ဘီရိုကြီးပါ … ချောရဲ့ … ဘာမှမရှိပါဘူး …၊ အဟင်း …"

"ခု … ခုန … ချော … ချောတကယ်မြင်တာ၊ မိန်းမတစ်ယောက်ရပ်နေတာ၊ ပြီးတော့ … ပြီးတော့ ချောတို့ကို သေချာကြည့်နေတာ၊ သ … သရဲမ"

"ဟာ ချောရာ၊ ဒီအခန်းထဲ ချောနဲ့အောင် နှစ်ယောက်ထဲရှိတာ၊ ဘယ်ကမိန်းမက ဒီအခန်းထဲရှိမှာလဲ၊ ချော စိတ်ထင်လို့ပါ၊ တံခါးလည်း ပိတ်ထားတဲ့ဥစ္စာ၊ ဒီအခန်းထဲ ဘယ်သူက ဝင်လို့ရမှာလဲ ချောရာ၊ အမိပ္ပာယ်မရှိ၊ လူမပြောနဲ့ ကြွက်တောင် ဝင်လို့မရဘူး"

"ရှပ် … ရှပ် … ရှပ် …"

"ဖျတ် … ဖျတ် … ဖျတ်"

"ဟော … ကြား … ကြားလား၊ အောင် …"

ချောစုလှိုင်က အေးစက်နေသော လက်ဖျားတွေနှင့် အောင်မင်းနိုင်အား တိုးဖက်ရင်း မျက်ဝန်းအစုံက ပြူးဝိုင်းလျက် ဟိုဟိုဒီဒီကြည့်ကာ အထိတ်တလန့်လေသံဖြင့် ပြောသည်။ အောင်မင်းနိုင် တွေခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြားအာရုံထဲ ကုတင်ခြေရင်း ဘီရိုကြီးအပါးမှ ခြေလှမ်းသံ တရှပ်ရှပ်ကား မပီဝိုးတဝါး ကိုယ်တိုင်ကြားလိုက်မိသလို လှမ်းကြည့်လိုက်ပါသော်လည်း ဘီရိုဟောင်းကြီးကသာ ဆိတ်ငြိမ်ထီးကြီး။

အောင်မင်းနိုင်က နာနာဘာဝတို့ တစ္ဆေသရဲ ဝိညာဉ်လောကသားများကို မယုံ၊ ယုံတမ်းစကားများသာ ထင်မြင်ထားသူဖြစ်လေသည်။ သို့ပါသော်လည်း သူ့ရင်ခွင်ထဲ မျက်လုံးဝိုင်းစက်လျက် အကြောက်ပိုနေပါသည့် ချောစုလှိုင်နှင့် ခုန သူကြားလိုက်ရတာ ခြေသံသည် အမှန်ပဲလား။

“ကြွက်ဖြတ်ပြေးတဲ့ အသံပါ ချောရာ၊ သစ်ရွက်တွေလေတိုးသံကို ထင်ယောင်ထင်မှား ကြားတာပါ”

“ချော တကယ်ကြားတာ အောင်၊ နောက်ပြီး ချော မှတ်မိတယ်၊ အဲဒီအမျိုးသမီးကို ချော ညနေမှောင်စပျိုးတုန်းကလည်း အောက်ထပ်မှာ တစ်ခါ မြင်လိုက်ရတယ်၊ ချော မညာတတ်မှန်း အောင်သိတာပဲ၊ အောင် ချောတို့ ရန်ကုန်ပြန်ကြရအောင်၊ ဒီအိမ်ကြီးက မကောင်းဆိုးရွား ဝိညာဉ်တွေရှိတယ်နဲ့တူတယ်”

“ဟာ ချောကလည်းကွာ၊ မဖြစ်နိုင်တာ၊ ချော ပြောတဲ့ မကောင်းဆိုးဝါး တစ္ဆေသရဲတွေရှိမှဖြင့် ကိုယ့်ဖေဖေက ဒီခြံကြီးကို





ဝယ်ပါ့မလား ချောရယ်၊ ချော စိတ်ထင်လို့ဖြစ်မှာပါ၊ အောင်ပြောသလို ကြွက်တွေ ဒါမှမဟုတ် သစ်ရွက်လေတိုက်တဲ့ အသံပါ”

“ဟင်အင်း၊ ချောတော့ ကြောက်နေတာပဲ သိတယ် အောင်၊ ချော စိတ်ထဲမှာ သိနေတယ်၊ အောင် ဘာမှမသိဘူး၊ ဒီအိမ်ကြီးထဲမှာ တစ္ဆေသရဲတွေရှိတယ်”

“ဟာ မဖြစ်နိုင်တာပဲ ချောရယ်၊ ချော စိတ်ထင်”

“ဟင်”

ရုတ်တရက် အိပ်ခန်းအတွင်း ဘယ်ကဘယ်လို ရောက်လာမှန်းမသိရသည့် ဆိုးရွားလွန်းသည့် အပုပ်နံ့ကြီးတစ်ခုက ထောင်းခနဲ တစ်ခန်းလုံး အနံ့ပြန့်ဝေ့လာ၍ အောင်မင်းနိုင် ပြောနေလက်စ စကားတပိုင်းတစဖြင့် ရပ်တန့်သွားသည်။ ဘယ်က ဘယ်လို ဆိုးရွားစွာရောက်လာသည့် အပုပ်နံ့ကြီးလည်း။

“အပုပ်နံ့ကြီး အောင်”

“အင်း၊ အပုပ်နံ့တော့ အပုပ်နံ့ပဲချော။ ဒါပေမယ့် ဒီအခန်းထဲက ချောင်တချောင်၊ ဘီရိုတစ်ခုနောက် အကောင်ပလောင် တစ်ကောင်ကောင် သေနေတာ ဖြစ်ချင်ဖြစ်၊ ဒါမှ မဟုတ်ရင် ဘစ်ခြံခြံက အကောင်တစ်ကောင်ကောင်သေလို့ လေနဲ့ ဝေ့လာတဲ့ အနံ့ထင်ပါတယ် ချောရာ”



www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းနိုင်၏ စကားပင်မဆုံးလိုက် …

"ဟီး …အဟင်း … ဟင်း"

"ရှပ် … ရှပ် … ဖျတ် … ဖျတ်"

"ရှပ် … ရှပ် … ရှပ်"

ဒီတစ်ခါ သစ်ရွက်လေတိုးသံများမှအပ အသံဗလံ တိတ်ဆိတ်နေပါသော ဝန်းကျင်၌ သုံးထပ်သား အခန်းနံရံ၏ အပြင်ဘက်မှ အရှေ့ဘက်သို့ လူတစ်ယောက် ကြမ်းပေါ်လမ်း လျှောက်သွားသည့် ခြေသံအား အောင်မင်းနိုင် ကိုယ်တိုင် ပီသစွာ ကြားလိုက်ရသသည်။ယင်းအခိုက်

"အု … ဝူး … ဝူး … အူး"

"အမလေး"

ပြန်နံ့ခန်း အနောက်ဘက်ခြံထောင့်မှ ဆွဲဆွဲငင်ငင် အူလိုက်သည့် ခြောက်ခြားသွေးပျက်ဖွယ် ခွေးအူသံကြီးကြောင့် ချောစုလှိုင် အောင်မင်းနိုင်အား ဖက်လိုက်သည်။ ပို၍ ခြောက်ခြားဖွယ်ရာ ဆန်လွန်းလှသည်မှာ မည်သည့်အရပ်မှန်းမသိရသော ခွေးလေ ခွေးလွင့်တို့၏ ဆွဲဆွဲငင်ငင် ဟိုမှဒီမှ နာနာဘာဝ ပရလောကသား များကို မြင်တွေ့ဟန်ဖြင့် ဆင့်ကဲ ဆင့်ကဲ အူလိုက်သံက ခြံကြီးဝန်း ကျင်တစ်ခုလုံး တိတ်ဆိတ်နေသည့် ညအား လွှမ်းခြုံသွား လေတော့သည်။





"အူ … အု … အူး"

"ဝု … အူ … အု … အူး"

"ဘာမှ မဖြစ်ပါဘူး ချောရာ၊ စိတ်ထဲ ဘာမှ မထားနဲ့နော်၊ ဒီညတော့ ဒီမှာပဲ အိပ်ပြီး မနက်ကျ စောစောပြန်တာပေါ့"

"တကယ်လား အောင်"

"တကယ်ပေါ့ ချောရယ်၊ ကဲ အိပ်ရာဝင်ကြစို့နော်"

ပြောပြောဆိုဆိုနှင့် အောင်မင်းနိုင်က ချောစုလှိုင်အား အသာအယာ ပွေ့ကာ ကုတင်ကြီးဆီသို့ လှမ်းခေါ်သွားလေသည်။

❑ ❑ ❑

ချောစုလှိုင် ကုတင်ပေါ်မှ အသာအယာဆင်းလိုက်သည်။

ကုတင်ထက်၌ နှစ်ခြိုက်စွာ အိပ်မောကျနေသော ရှင်းသန့်ချောမောသည့် အောင်မင်းနိုင်၏ မျက်နှာအား မြတ်နိုးတွယ်တာစွာ တစ်ချက်ငဲ့စောင်းကြည့်ရင်း အိပ်ခန်းတံခါးဘက်သို့ ခြေသံမကြားရအောင် ဖွဖွလေး နင်းလျှောက်လာခဲ့သည်။ ညအိပ်မီးပြာလဲ့လဲ့လေးက အိပ်ခန်းအတွင်း လဲ့ပြာနေသည်။ ညတုန်းက ချောစုလှိုင်တို့ နှစ်ယောက် အိပ်ယာမဝင်ခင် တစ်လျှောက်လုံး ပျက်နေသော မီးသည် မည်သည့်အချိန် ပြန်လာသလဲမသိ။ အောင်မင်းနိုင်ပြောတော့ မီးခလုတ်ပျက်နေသည်ဆိုပါသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အခု မီးက ပြန်လာနေသည်။

"ကာလစ်"

ချောစုလှိုင် ပေါလစ်ရောင်ပြယ်စပြုနေသော ကျွန်းသစ်သားတံခါးအား ညင်သာတိုးတိတ်စွာပင် ဖွင့်လိုက်သည်။ သူမ ဗိုက်ကျောပြင်တစ်ခုလုံး တင်းတောင့်နေသည်။ ညစဉ် ညစဉ် အိပ်ရာမဝင်ခင် တွိုင်းလက်စ် ဝင်ထားပြီးပါသော်လည်း ငယ်စဉ်ကပင် တရေးနိုးလျှင် ဆီးသွားတတ်သေး အကျင့်က ခုချိန်ထိ အကျင့်ဆိုးကြီးတစ်ခုနှယ် စွဲကပ်နေ၏။ ပထမတော့ အောင်မင်းနိုင်အား ချောစုလှိုင် နိုးဦးမလို့ပင်။ သို့သော် သူမကုတင်ထက်မှ ထ,ထချင်း ဆံရိပ်စများ နဖူးပြင်တဝိုက် ဖွာကျဲလျက် နှစ်ခြိုက်စွာ အိပ်မောကျနေသော အောင့်ကို မနှိုးရက်တော့ဘဲ ချောစုလှိုင် သူမဘာသာပင် အပေါ့ပါးသွားရန် ထလာခြင်းဖြစ်သည်။

အောင်မင်းနိုင် နိုးလာပါသော်လည်း အံစီကလီ အီလေးဆွဲနေခြင်းကြောင့် သူမကဒုက္ခများသွားနိုင်သည်။ ညဦး အိမ်ရာမဝင်ခင်က အောင်သည် ချောစုလှိုင်အား အိမ်ကြီး၏ အစိကနေရာအချို့အား ဓာတ်မီးဖြင့် လိုက်လံပြသထား၍ လှေကားဖြင့် ကပ်လျက် ထမင်းစားခန်း၊ ရေချိုးခန်းနှင့် တဆက်တည်း ရေအိမ်ကိုပါ သိနေသည်။ အိပ်ခန်းများ အပေါ်ထပ် လှေကားထိပ်ဖြင့် ကပ်လျက်ရှိနေသည်မို့ ချောစုလှိုင် ဆင်းလာခဲ့သည်။





"ရှပ် ရှပ် ရှပ်"

ခြေသံအား ဖွဖွနင်းသည်ဆိုပါသော်ငြား ည၏တိတ်ဆိတ်ခြင်းထဲမှာ ခြေသံက တရှပ်ရှပ် မြည်နေသည်။ ဟုတ်သည်။ မီး ဘယ်အချိန်ထဲက ပြန်လာနေသလဲ မသိ။ အောက်ထပ်လှေကားထိပ်၌ ဝါကျင်ကျင် မီးလုံးအလင်းကြောင့် အိမ်ရှေ့ဧည့်ခန်းပြင် အချို့အဝက်ကိုပင် မီးလုံးရောင်က ယှက်ဖြာစွန်းကွက်နေပါသည်။ ညနေက သူမထိုင်ခဲ့သော ကျွန်းစားပွဲရှည်လေးနှင့် ကြိမ်ကုလားထိုင်များကိုပင် မှုန်ဝါးဝါးလေး လှမ်းမြင်နေရသည်။ ဧည့်ခန်းထဲ၌ ပင့်ကူမျှင်များ ဖွာတွဲကျလျက် ကြိုးတန်းလန်းနှင့် မီးချောင်းအား တွေ့မြင်ရသည်။ ကျွမ်းနေသည်ပဲလား သို့တည်း မဟုတ် မီးခလုတ် မဖွင့်မိလေတာလား ချောစုလှိုင် မတွေးတတ်။

သို့သော် လှေကားထိပ်ရှိ မီးလုံးအလင်းကပင် ရေအိမ်နှင့် ထမင်းစားခန်းဘက်သို့ အလင်းဖြာယှက်နေသဖြင့် ရေအိမ်အရှေ့ထိပါ မြင်နေရသည်။ ချောစုလှိုင် လှေကားထောင့်၌ ခဏမျှရပ်တန့်လိုက်သည်။ သူမ၏နားတွင် ထမင်းစားခန်းဘက် ဆီမှ ရေကျသံနှင့် ပန်းကန်သံအချို့ ကြားလိုက်မိသလို ထင်သည်။

"ဝေါ ရှီး ရှီး ဗြန်း ဗြန်း"

"ချလွမ်"

ရုတ်တရက် သူမကိုယ်လေးက ဆတ်ကနဲ တွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲ ကြောင်လား၊ ကြွက်လား၊ တစ်စုံတစ်ခု ဖြစ်မည်ဟု စိတ်က တွေးလိုက်မိသည်။ ချောစုလှိုင်လတ်တလော ရင်ဆိုင်လိုက်ရသည့် ပစ္စက္ခဒုက္ခက ပိုသည်းလာသဖြင့် ခြေလှမ်းအား ခပ်သုတ်သုတ်လှမ်းသွားလိုက်မိသည်။

"ဟင်"

သေချာသည်။ ထမင်းစားခန်းတွင် တစ်စုံတစ်ယောက် ရေဖြင့် ပန်းကန်ခွက်ယောက်အချို့ဆေးကြောနေသံက ပို၍ ပီသထင်ရှားလာသည်။ ဘယ်သူလဲ။ ထမင်းစားခန်းရှေ့ကနေ ရေအိမ်ရှိရာအဖြတ် ချောစုလှိုင် ဖျတ်ကနဲ လှမ်းကြည့်မိလိုက်သည်။ ထူးဆန်းသည်။ ခုန သူမကြားနေခဲ့ရသည့် ရေပိုက်ခေါင်းမှ ရေကျသံ၊ ပန်းကန်အချို့အား ဆေးကြောနေသံကို မကြားရတော့။ ခြေတံရှည်၊ သစ်သားခုံတန်းရှည်၊ ထမင်းစားပွဲရှည်နှင့် သစ်သားကုလားထိုင်ခြေရှည်၊ သုံးလုံးမှလွဲ၍ ဘာမှ မရှိ။ ထမင်းစားခန်းတွင်လည်း မျက်နှာကျက်မှ မီးလုံးတစ်လုံးက လင်းနေသလေကားထောင့်ရှိ မီးလုံးလောက် သိပ်မလင်းဘဲ မှုန်ဝါးဝါးသာ။ မီးလုံးဝပ်အားချင်း မတူ၍ဟု ချောစုလှိုင်ထင်လိုက်မိသည်။ စောစောက သူမကြားနေခဲ့ရသော ရေသံများလည်း သူမနားကြား မှားတာပဲဖြစ်မည်။

ချောစုလှိုင် ရေအိမ်ထဲ ခပ်သွက်သွက် ဝင်လိုက်၏။





"ဝေါ ရှီး ရှီး ရှီး"

"ခလောက် ချွင်"

"ဟင်"

ရေအိမ်ထဲ၌ပင် ထမင်းစားခန်းဘက်ဆီမှ ရေစီးကျသံ၊ ပန်းကန်ခွက်ယောက် အချို့ဆေးကြောရင်း ထိခတ်သံအချို့ကို ချောစုလှိုင် ပီသစွာ ကြားနေရသည်။ ချောစုလှိုင် စိမ့်ကနဲ ထင့်ကနဲ ဖြစ်သွားသည်။ ခုန သူမ ရေအိမ်ထဲမရောက်ခင် လှမ်းကြည့်မိသည်။ ထမင်းစားခန်းထဲ၌ မည်သူမျှ မတွေ့ရပါ။

"ဘယ်သူပါလိမ့် အောင် ပြောတဲ့ ခြံစောင့် ဘကြီးအေးတို့ မိသားစုပဲလား"

ချောစုလှိုင်တွေးရင်း ရေအိမ်ထဲမှ အလျင်အမြန် ပြန်ထွက်လိုက်သည်။ ရေအိမ်နှင့်ကပ်လျက်ရှိ နောက်ဖေးတံခါးချပ်က ခပ်ဟဟလေး ပွင့်ဟနေသည်ကို မြင်လိုက်ရ၏။ အပြင်ဘက်ခြံထဲမှ အလင်းရောင်ဖြူလွဲလွဲလေးပင် ရေအိမ်နားအထိ စွန်းကွက်ဝင်ရောက်နေ၏။ စောစောက ချောစုလှိုင် သတိမပြုမိပါ။

ဘကြီးအေးဆိုတာများလား။ မိး ၁ည်း ပြန်လာနေသည်။

ညနေက အောင်မင်းနိုင် သွားရှာစဉ်က မတွေ့ခဲ့သော်လည်း ရောက်လာခဲ့ရင် လွှတ်လိုက်ပါဟု မှာခဲ့ကြောင်း ပြောပြခဲ့သေးသည်။ အခု ရောက်လာ၍ ချောစုလှိုင်တို့က အိမ်ရှေ့တံခါး



www.burmeseclassic.com

www.burmeseclassic.com



မကြီးအား ချက်ပိတ်ထား၍ နောက်ဖေးမီးဖိုချောင်ပေါက်ကနေ တံခါးဖွင့်ဝင်လာခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ နှစ်ပေါင်းများစွာ ဒီခြံ ဒီအိမ်ကြီးအား ခြံစောင့်အဖြစ် စောင့်ရှောက်ခဲ့သူဖြစ်၍ ဘယ်တံခါး ဘယ်လိုဖွင့်ရမည်ဆိုတာလည်း သိနေပုံပေါ်သည်။ ဒါကြောင့် သူမတို့ ခွေးများအူ၍ အိပ်ရာဝင်ကြစဉ်အထိမှောင်မည်း နေသည့်အိမ်အတွင်း မီးပြန်လင်းနေခြင်းလည်း ဖြစ်မည်။

ချောစုလှိုင် ထမင်းစားခန်းရှေ့အရောက် အမှတ်မထင် လှမ်းကြည့်မိလိုက်သည်။

"ဟင်"

သူမထင်သလို လူကြီးတစ်ယောက်မဟုတ်။ အသက် ဆယ့်ကိုးနှစ် နှစ်ဆယ်ဝန်းကျင်မျှသာရှိဦးမည့် မိန်းမပျိုလေး တစ်ယောက်အား နီကျင်ကျင်မှုန်ဝါးဝါး မီးလုံးရောင်အောက်မှာ လှမ်းမြင်လိုက်ရသည်။ နှစ်ပေခန့်အကျယ်ရှိ ပန်းကန်ဆေးကန် ထဲတွင် ပန်းကန်ခွက်ယောက်အချို့အား သူမကို ကျောခိုင်း [illegible]ျက် ဆေးကြောနေ၏။ ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် ချောစုလှိုင် စိမ့်ကနေ ကြက်သီးတစ်ချက် ထသွားမိသည်။

ချောစုလှိုင် ရှိရာသို့ မိန်းကလေး ဖျက်ကနဲ စောင်းငဲ့ လှမ်းကြည့်သည်။

ပြေပြစ်သည့် နဖူးပြင်ပေါ် ဖရိုဖရဲကျနေသည့် ဆံနွယ်





မျှင်စု အချို့နှင့် မိန်းကလေး၏ မျက်နှာလေးမှာ မရယ်မပြုံး တည်တည်လေးဆိုပါသော်လည်း နီကျင်ကျင် မီးရောင်ကြောင့် ပေပဲလား မသိ။ မိန်းကလေး၏ မျက်နှာက ဖြူရော်ရော် ဖြစ် နေသလို ထင်ရသည်။ ရှန်သားအဝါနု အင်္ကျီလက်စကနှင့် ထမီ အနက်ပါ ပြောင်ပေါ် အပွင့်နုတ်ပန်းခက်လေးများ ယက်ဖောက် ထားသည့် အဝတ်အစားကို ဝတ်ဆင်ထားသည် ဆိုပါသော်လည်း နွမ်းဖတ်ဖတ်မျှသာ ဖြစ်သည်။ သို့သော် တစ်ခုထူးဆန်းနေသည် က ခုနသူမအား လှမ်းကြည့်သော မိန်းကလေး၏ မျက်နှာအား ချောစုလှိုင် တစ်နေရာမှာ မြင်ဖူးနေသလို ထင်နေမိသည်။

ထမင်းစားခန်းအဝ၌ ချောစုလှိုင် မင်သက်စွာ တဒင်္ဂ ကြောင်ငေးနေမိဆဲမှာပင် မိန်းကလေးက ဖျက်ကနဲ သူမ၏ ပါးဖျော့ဖျော့ ပိန်လှပ်လှပ် ခန္ဓာကိုယ်လေးကို နေမကောင်းဟန် လူမမာတစ်ဦးက သယ်မလာရသကဲ့သို့ ချောစုလှိုင် ရပ်နေမိရာ တံခါးဝဘက်သို့ တရွေ့ရွေ့ နှေးကွေးစွာ လှမ်းလာသည်။

ထူးခြားသည်က အမှတ်မထင် ချောစုလှိုင်၏ နှာခေါင်း ဝတွင် ညှီစို့စို့ပုပ်အဲ့အဲ့အနံ့ တစ်မျိုးလိုလို၊ မီးနေသည်များ လိမ်းကျံ သလို နနွင်းနံ့လိုလို အနံ့တစ်မျိုး ရနေသလို ခံစားနေမိခြင်း ဖြစ်သည်။

မိန်းကလေးက ချောစုလှိုင်ရှေ့ ငါးပေခန့်အကွာတွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်သည်။

"မင်းက ဘယ်သူလဲ၊ ဘယ်ကနေ ဘယ်လို အိမ်ထဲ ရောက်နေတာလဲ၊ အရင်က ဒီအိမ်မှာ ခြံစောင့်လုပ်ဖူးတဲ့ ဘကြီးအေးရဲ့ သမီးလား"

ချောစုလှိုင်အမေးကို မိန်းကလေးက ဆတ်ကနဲ ခေါင်းလေးညိတ်ပြရင်း ထမင်းစားခန်းအနောက်ဖက်တံခါးဘက်ဆီသို့ လက်လှမ်းညွှန်ပြသည်။ ချောစုလှိုင်သဘောပေါက်သွားသည်။ ခုန ရေအိမ်အနီးရှိ ပွင့်ဟနေသည့် နောက်ဘက်တံခါးမှ ဝင်လာသည်ဟု ဆိုလိုရင်းဖြစ်မည်။ သူမအား ကြည့်ရသည်မှာ သိပ်နေကောင်းပုံမပေါ်ချေ။

နီကျင်ကျင် အလင်းအားမပြည့်သည့် မီးလုံးအောက် မသဲမကွဲ မြင်နေရသည့် အသွင်အပြင်ကပင် ဖျော့တော့လျက် သွေးမဲ့သည့်နှယ် ဖြူရော်နေခြင်းဖြစ်သည်။

"မင်းက ဘကြီးအေး သမီးဆို ဘကြီးအေး လွှတ်လိုက်လို့လာတာလား၊ ကိုအောင်တောင် ညနေက ရောက်ရောက်ချင်း သွားရှာသေးတယ်၊ သည်ကုန်းကြီးဘက် သွားတယ်ဆိုလား"

"အဖေက မူးနေပြီ။ ဖြူနှင်းက ဧည့်သည်တွေ ရောက်နေတယ်ဆိုလို့ ရောက်လာတာပါ။ ဖြူနှင်းက အစက အဖေနဲ့အတူ ဒီမှာနေတာ"





ဖြူနှင်းဆိုသော မိန်းကလေး အက်ရှရှတစ်ဆို့ဆို့ လေသံတိုးညင်းညင်းလေးဖြင့် မပီဝိုးတဝါး ပြောသည်။ သူမ၏ စကားသံက လေတိုးသံကဲ့သို့လား လူမမာညည်းသံကဲ့သို့လား ချောစုလှိုင် မဝေခွဲတတ်။ ကြည့်ရတာ ဝေဒနာတစ်ခုခု၊ ရောဂါတစ်ခုခု ခံစားနေရဟန်ပေါ်သည်။ စကားပြောသံကိုက မှုမှုန်အဲ အက်ကွဲကွဲ ရှတတ ဆန်နေသည်။

သို့သော် ဖြူနှင်းဆိုသော မိန်းကလေးစကားကြောင့် ချောစုလှိုင် မိန်းမသားအဖော်ရပြီဟု လှိုက်ကနဲ ဝမ်းသာသွားမိလေသည်။

"နေစမ်းပါဦး မင်းနာမည်က ဖြူနှင်းလား"

မိန်းကလေးက ခေါင်းညိတ်ပြသည်။ ခုန ချောစုလှိုင်ခန့်မှန်းသကဲ့သို့ပင် အသက်အရွယ်က တစ်ဆယ့်ရှစ်၊ တစ်ဆယ့်ကိုးခန့်ပင်ရှိပေဦးမည်။ ခုနအိပ်ချင်မူးတူးဖြစ်နေသေးသော ချောစုလှိုင်၏ မျက်ဝန်းအစုံက အိပ်ချင်စိတ်များ ပျောက်ကွယ်နေလေပြီ။

ယင်းအခိုက်

"အု ... ဝူ ...အူး.... ဝူ"

ရုတ်တရက် အိမ်ကြီး၏ အနောက်ဘက်ခြမ်းမှ ဆွဲငင်ရှည်လျားစွာ တရှိုက်ငင်ငင် အူလိုက်သော ခွေးအူသံက မြိုင်းကနဲ ထွက်ပေါ်လာသဖြင့် ဖြူနှင်းဆိုသည့် မိန်းကလေး၏ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးက ဆတ်ကနဲ တုန်လှုပ်သွားပြီး နောက်ဖေးတံခါးဝဆီသို့ အထိတ်တလန့် ချာကနဲ လှည့်ကြည့်သည်။ ချောစုလှိုင်က

"အု …ဝူ … အူး….ဝူ"

"အု …ဝူး…အူး"

ချက်ချင်းပင် ဆင့်ကဲ ဆင့်ကဲ ဆက်၍ ပျံ့လွင့်လာသော ခွေးအူသံတွေကြောင့် ဖြူနှင်းဆိုသည့်မိန်းကလေး ပို၍ ထိတ်လန့်ချောက်ချားလာဟန်ဖြင့် နောက်ဖေးတံခါးဝဘက် လှည့်ကြည့်ရင်း ခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်းလှုပ်လျက် ခြေလှမ်းက နောက်ဘက်သို့ ရွေ့ရွေ့သွားလေသည်။

"အဟင်း၊ မင်းလည်း တို့လိုပဲ ခွေးအူသံကို ကြောက်တယ်ထင်တယ်၊ တို့တောင် အစောပိုင်းက ကြက်သီးတဖြန်းဖြန်းနဲ့ ကြည့်ရတာ အချိန်မတော် တစ္ဆေသရဲတွေများ မြင်လို့လားမသိဘူး၊ ဒါထက် မင်းက ခုနပြောလို့ ဒီအိမ်မှာနေဖူးတယ်ဆိုတော့ ဒီအိမ်ကြီးထဲမှာ သရဲတွေများ ရှိသလား"

ချောစုလှိုင်အမေးသံကြောင့် ဖြူနှင်းဆိုသော မိန်းကလေး ဖျတ်ကနဲ လှမ်းကြည့်သည်။ ချောစုလှိုင်ဖြင့် အကြည့်ချင်းဆုံသည့် အခါအမှတ်မထင် ချောစုလှိုင်အမြင်၌ ဖြူနှင်းဆိုသော မိန်းကလေး၏ မျက်ဝန်းဖြူရော်ရော်ကြီးက မျက်ဆံမရှိတော့သလို ဖျတ်ကနဲ သတိထားသွားမိသည်။ သို့သော်





"အစ်မက တစ္ဆေသရဲတွေ နာနာဘာဝတွေကို ကြောက်လို့လား"

"အမလေး မိန်းကလေးပဲ မကြောက်ဘဲနေပါ့မလား၊ ညနေတုန်းက တို့ရောက်လာစတုန်းက ခွေးတွေကလည်း အူလိုက်တာ ဆူညံနေတာပဲ၊ ဒီကြားထဲ ဟိုရှေ့က လှေကားထောင့်ချိုးတွေမှာ မိန်းမတစ်ယောက်ရပ်နေတာတွေ့လို့ အသည်းထိတ်မတတ် အော်ရသေးတယ်"

"ဟင် ဟုတ်လား"

"အင်း ဟုတ်တယ် ဒါပမယ့် နောက် သေချာကြည့်တော့ ဘာမှ မရှိဘူး။ ဒီအိမ်ကြီးထဲမှာ မကျွတ်မလွတ်တဲ့ နာနာဘာဝတွေ ရှိနေတယ်လို့ တို့စိတ်ထဲမှာ ထင်နေမိတယ်"

"အစ်မက သရဲကို မြင်ဖူးလို့လား"

"အိုး မပြောစမ်းပါနဲ့၊ မြင်ဖူးဖို့နေနေသာ အသံကြားရင်တောင် ကြောက်လွန်းလို့၊ အဲ ဒါပေမယ့် ညနေက မြင်လိုက်တယ်၊ သိလား"

"ဘာကိုမြင်တာလဲ"

"သရဲလေ သရဲမကိုမြင်တာ၊ ဟိုထောင့်လှေကား ထောင့်ချိုးမှာ ရပ်နေတာ ညီမရဲ့၊ တို့လန့်ပြီး အော်လိုက်လို့ ပျောက်ပျောက်သွားရော၊ အမလေး ခုတောင် ပြောရင်း ကြက်သီးက



www.burmeseclassic.com

www.burmeseclassic.com



စပြီလာပြီ''

''မကြောက်ပါနဲ့ မမရယ်၊ ဖြူနှင်းနဲ့တွေ့နေပြီပဲ''

ထူးဆန်းသည်မှာ မိန်းကလေး၏ စကားပြောသံမှာ ချောစုလှိုင်တို့ကဲ့သို့ ပီသကြည်မြစွာ ထွက်ပေါ်မလာဘဲ ရှည်လျားလှသော လိုဏ်ခေါင်းရှည်ကြီးအထဲမှ တိုးဝှေ့ဖြတ်သန်းပြီး ထွက်လာသော ခြေသံကဲ့သို့ပင် သူမစကားသံက တိုးရှအက်ကွဲနေခြင်း ဖြစ်သည်။ မောပန်းနွမ်းနယ်နေသော အသက်ရှူမဝသည့် အသက်ထွက်ကာနီး လူမမာ တစ်ယောက်လေသံကဲ့သို့ တိုးညင်းကွဲအက်နေသည်ကာ ထူးဆန်းသည်။ ထိုစဉ်..

''ဟင်''

''ဘာလဲ''

''ဖြူနှင်း ရလား။ အပုပ်နံ့ကြီး ထူးဆန်းလိုက်တာ''

''အဟင်း...ဟင်း ဟင်း''

ရုတ်တရက် ဘယ်ကဘယ်လို ပျံ့လွင့်လာမှန်းမသိရပါသော အပုပ်နံ့ကြီးက ချောစုလှိုင်နှင့် ဖြူနှင်းတို့ မျက်နှာချင်းဆိုင်ရပ်နေသည့် ထမင်းစားပွဲဝိုင်းကြီးတဝိုက် မခံမရပ်နိုင်အောင်ပင် ထောင်းကနဲ ထောင်းကနဲ ပျံ့လွင့်လာလေသည်။ ထမင်းစားခန်းကြီးတဝိုက် အော်ဂလီဆန်ဖွယ်ရာ ပုပ်အန်ရလှမတတ် တထောင်းထောင်းထနေသည့် အပုပ်နံ့ကြီးကြောင့် ချောစုလှိုင်က သူမ၏





ခင်းလှသူဖြောင့်တန်းသော နှာခေါင်းဖျားလေးကို လက်ချောင်းနုသွယ်သွယ်လေးများဖြင့် ပိတ်လိုက်မိသည်။

ချောစုလှိုင်ရှေ့တွင် တခြမ်းစောင်းရပ်နေသည့် ဖြူနှင်းဆိုသော မိန်းကလေးကမူ ထမင်းစားခန်းကြီး တစ်ခုလုံး မခံရပ်နိုင်အောင် အော်ဂလီဆန်ဖွယ် အပုပ်နံ့ကြီးက ထောင်းထောင်းထနေပါသော်လည်း ဘာမျှ မထူးဆန်းသလို မည်သည့်အနံ့အသက်မျှ မရသလို ထိုင်နေဆဲပင်။

''ဖြူနှင်း အပုပ်နံ့ကြီး၊ မနံဘူးလားဟင်''

''မနံပါဘူး မမရဲ့၊ ဖြူနှင်းတို့က ရိုးနေပါပြီ''

''ဟင်''

ယင်းအခိုက်

''အု...အူး...ဂူ...အူး''

''အမလေး''

အမှတ်မထင် ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်နေသည့် ညထဲ အိမ်ကြီးခြေရင်း၊ အနောက်ဘက်ထောင့်မှ ခွေးအူသံကြီးက ဆွဲဆွဲငင်ငင် အနီးကပ်ထွက်ပေါ်လာ၍ ချောစုလှိုင်လန့်ပြီး အော်လိုက်မိလေသည်။ ဖြူနှင်းဆိုသော မိန်းကလေးက ချောစုလှိုင် ဘက်သို့ ဖျတ်ကနဲ လှမ်းကြည့်ရင်း...

''အဟင်း၊ မမက သရဲတွေ တစ္ဆေတွေကို အကြော်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်နော်”

“မကြောက်ဘဲ ရှိပါ့မလား ဖြူနှင်းရဲ့၊ သူတို့က မမြင်အပ်တဲ့ ပရလောကသား ဝိညာဉ်နာမ်ဘုံသားတွေ၊ ကိုယ်က သက်ရှိထင်ရှားလူ၊ သူတို့က ဘယ်နေရာမှာရှိပြီး ဘယ်လိုအသွင်သဏ္ဌာန်မျိုးရှိမှန်းလည်း ဘယ်သူမြင်ရမှာလဲ၊ ပြီးတော့ သူကကိုယ့်ကို ကြည့်နေမြင်နေရမှာ သေချာတယ်၊ မတော်လို့ ကိုယ့်ရှေ့မျက်ဝါးထင်ထင် အကောင်လိုက် အထည်လိုက်ပြရင် ဘယ့်နှယ့်လုပ်မလဲ၊ တို့က ကြောက်တတ်တယ်”

“အူ…ဝူ…ဝူး”

“ဟော”

ခွေးအူသံတွေက ဆင့်ကဲ ဆင့်ကဲပြီး ဟိုမှ ဒီမှရှည်လျားစွာ ဆွဲဆွဲငင်ငင် အူသံတွေက; လေပြေနှင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံး ချောက်ချားဖွယ်ရာဆန်အောင် အူနေကြပုံကိုကအသည်းငယ်သူတို့အတွက် ကျောချမ်းဖွယ်ရာ ကောင်းလှသည်။ ချောစုလှိုင် ဝန်းကျင်အမှောင်ထုတဝိုက် ချောက်ချားဖွယ်ရာ ဆွဲဆွဲငင်ငင် အူနေကြပါသော ခွေးအူသံများအာ နားထောင်ရင်း တစ္ဆေခွေးကြီးတွေလား။ ယင်းခွေးနက်ကြီးတွေ ဖွ မပြောကောင်းမဆိုကောင်း ဗီဒီယိုကားတွေထဲကလို အိမ်ထဲ တိုးပြေးဝင်လာကြရင်အခက် ဟု တွေးရင်း ကြောက်စိတ်ဖြင့် ဖြူနှင်းဆိုသော





မိန်းကလေး အနားသို့ မသိအသာရွှေ့မိသည်။

ဖြူနှင်းဆိုသည့် မိန်းကလေးကမူ အကြားအာရုံ ဆွံ့အနေသူပမာ ဘာသံမျှ မကြား၊ ဘာအနံ့မျှ မရသလို မလှုပ်မယှက်ရပ်နေလေသည်။ ချောစုလှိုင်ဘက်သို့လည်း စောင်းငဲ့၍ပင် မကြည့်ပါ။

“အု …ဝူ…အူး”

“ဂစ်…ဂီး…ဂစ်”

“ဝေါ …ဖရော…ရော…ဝုန်း”

အမင်္ဂလာ ကျက်သရေကင်းမဲ့သော ခွေးအူသံတွေကခြံကြီးအတွင်းသာမက ဟိုခြံ ဒီခြံတွေကနေ တစ်ရွာလုံး ရှိသမျှခွေးလေခွေးလွင့်တွေက ရွာထဲ မကောင်းဆိုးရွား သရဲတစ္ဆေများသွားလာလှည့်လည်နေခြင်းကို မြင်ရသည့်ပမာ အဆက်မပြတ်အူနေကြခြင်းကပင် ကျောချမ်းဖွယ်ရာ ကောင်းနေသည်။

ညဥ့်နက်မှ အစာရှာထွက်လေ့ရှိသည့် လင်ကောင်မိုးငှက်ဆိုးတစ်ကောင်၏ အစ်တစ်တစ် ချောက်ချားဖွယ်အသံကြီးကလည်း အမှောင်ထုထဲ ကျယ်လောင်စွာ ပေါ်ထွက်လာ၏။ ထို့အပြင် အစောပိုင်းက သာမန်လေပြေရမ်းများ သိမ်မွေ့ညင်သာစွာ တိုက်ခတ်နေပါသော်ငြား ခွေးအူသံအရှည်ကြီး စတင်ထွက်ပေါ်လာသည်နှင့် ဝါးရုံပင်များ၊ သစ်ပင်ကြီးငယ်များက ခွေ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခေါင် လေပြင်းမုန်တိုင်းတိုက်ခတ်နေသကဲ့သို့ ကြမ်းတမ်းစွာပင် အကိုင်းချင်းရိုက်ခတ်သံ လေကြမ်းဖြတ်ပြေးသံ၊ တိုးဝှေ့သံများက အချိန်ကိုက်လို့ ဝန်းကျင်တွင် ဆူညံမြည်ဟီးလာသလို ချောစုလှိုင် ထင်နေမိသည်။

ရုတ်တရက် အပုပ်နံ့ကြီးက ဆိုးရွားစွာ ထောင်းကနဲ လှိုက်ဝေ့လာပြန်လေသည်။

"အင်း ဟီး ဟီး"

"ဟင်"

သူမနှင့်ဖြူနှင်းဆိုသည့် ဘကြီးအေး၏သမီး နှစ်ယောက်သာရှိသည့် ထမင်းစားခန်းထဲ၌ အပြင်ဘက်မှ လေကြမ်းတွေ အခန်းထဲ ဖြတ်သန်းပြီး တိုးဆောင့်ခုန်ပေါက်၍ နံရံများဖြင့် ထိရိုက်ပြီး မြည်ဟီးသံလား။ လေကြမ်းသံလား အမျိုးအမည် မကွဲပြားသည့် လူမမာတစ်ဦး အသက်ငင်နေချိန် နောက်ဆုံးညည်းညူသံအလား မပီမသညည်းတွားသံကြီးက ထမင်းစားခန်းထဲ ဟိုမှဒီမှ ကြားလာရသည်။

"ဟင်"

ထူးခြားဆန်းကြယ်လွန်းသည်မှာ ထမင်းစားခန်းအလယ်ဘက် တွဲလွဲကျနေပါသော နီကျင်ကျင် မီးလုံးမှိန်မှိန်က သူ့ဘာသာသူ ပင့်ကူမျှင်တွေ ယှက်ဖွဲ့ရစ်တွဲနေသော မီးကြိုး၌ တစ္ဆေတစ်





ကောင်လက်တံပမာ ဘယ်မှညာ အရှေ့မှအနောက်သို့ လှုပ်ရှားဝေ့ရမ်းနေခြင်းကာ ပို၍ ဆန်းကြယ်နေခြင်းပင်...

ချောစုလှိုင်ပို၍ ထိတ်လန့်လာသည်။

ထို့ပြင် သူမ၏ရှေ့လက်တစ်ကမ်းအကွာရှိ ဘေးစောင်းရပ်နေလျက်ကပင် ခေါင်းကြီးငိုက်စိုက်ကျလျက် အိပ်ငိုက်နေသည်လား မသိရသည့် ဖြူနှင်းအား တစ်လှည့်၊ သူ့ဘာသာသူ လှုပ်ရှား ယိမ်းခါနေသည့်မီးလုံးအား တစ်လှည့်၊ အပြင်ဘက်သို့ တစ်လှည့်လိုက်ကြည့်ရင်းမှ ကြောက်စိတ်က ငယ်ထိပ်ဆံစသို့ တိုးဆောင့်တက်လာသလို ကြက်သီးမွေးညင်းများပင်တစ်ကိုယ်လုံး ထလာလေသည်။

"ဖြူနှင်း ညီမ"

အားကိုးတကြီးဖြင့် ချောစုလှိုင် ဖြူနှင်းဆိုသော မိန်းကလေးလက်ကို ဆုပ်ကိုင်လိုက်မိသည်။

"အမလေး"

ချောစုလှိုင်နှုတ်ဖျားမှ အလန့်တကြား အော်သံက ထွက်ကျသွားသည်။ ဖြူနှင်းအား ချောစုလှိုင်ထိတွေ့လိုက်မိသော လက်မှာ ဆေးရုံကြီးရေခဲတိုက်အတွင်းမှ လူသေကောင်ပမာ အေးစက်၍ နေလေသည်။

"အဟင်း ဟီး အင်း"

www.burmeseclassic.com



"အူး အု ဝူ ဝူး"

"ဂစ် ဂစ်"

"ဖြူနှင်း"

"အဟင်း ဟင်း ဟီး"

ချောစုလှိုင်ငယ်ထိပ်ထိ ဆောင့်တိုးမတတ် ကြောက်စိတ်များ ပရွက်ကောင်များလို တဖွဖွထွက်လာပြီး ဖြူနှင်းအား ခေါ်လိုက်မိသည်။ ခုနတုန်းက အိပ်ငိုက်နေသည်လား နှမ်းနယ်နေသည်လားမသိဟု သူမထင်ခဲ့မိသည့် ဖြူနှင်းဆိုသည့်မိန်းကလေး မျက်ကနဲ ချောစုလှိုင်ဘက် လှည့်ကြည့်သည်။

"အမလေး"

နီကျင်ကျင် ဝါဖန့်ဖန့် မီးအလင်းရောင်အောက်မှ မထင်မှတ်စွာ မြင်လိုက်ရပါသော မြင်ကွင်းကြောင့် ချောစုလှိုင် မျက်လုံးများ ပြူးဝိုင်းလျက် အလန့်တကြား ထိတ်လန့်စွာ အော်သံက ထွက်ပေါ်သွားသည်။ နှလုံးသားဆီသို့ သွေးအစုံ ဆောင့်တိုးသွားသကဲ့သို့ ခံစားလိုက်ရသည်။

ဖြူနှင်း မဟုတ်။ ဖြူနှင်းလည်း မဟုတ်ပါချေ။

ကျောပြင်လယ်ထိ ဖရိုဖရဲ ဖွာလန်ကျဲနေသည့် ဆံရှိင်းရှည်ကြီးများ ယှက်ဖြာနေသည့်ကြားမှ ပြူးကျယ်ဝိုင်းစက်နီရဲပြီး မျက်ဆံနက် လုံးဝမရှိသည့် မျက်ဝန်းများ၊ ပါးပြင်ကြီးက အသား





စများ တွဲရရွဲ ဖွာလန်လျက် သွေးများ တစက်စက် နှင့် မျက်နှာကြီးက သွေးပုပ်ဖွယ်ရာ၊ နှုတ်ခမ်းအစုံကမူ ကြီးမားထူအမ်းပြီး ညိုပုပ်နေသလို အထူးခြားဆုံးမှာ ဖြူနှင်း၏ လည်တိုင်ဖျော့ဖျော့တင်းကျပ်စွာ ချည်နှောင်ထားပြီး တန်းလန်းကြီးကျနေသော နိုင်လွန်ကြိုးတစ်ချောင်း။

"အ ... အမလေး"

❑ ❑ ❑

"စိတ်မကောင်း မဖြစ်ပါနဲ့၊ ဝမ်းနည်းကြေကွဲမနေပါနဲ့လို့ ဘကြီးအေး မပြောလိုပါဘူး ငါ့တူကြီးရာ၊ ဘကြီးအေးလည်း ကြားကြားချင်းလာခဲ့တာပဲ၊ အမှန်က ဘကြီးအေးသာ ညတုန်းက ဆည်ကုန်းစပ်တောင်ယာထဲမှာ ချက်ကြီးတို့နဲ့ တစ်ခွက်တစ်ဖလားမသောက်ဖြစ်ရင် ဒီလိုအဖြစ်မျိုး ကြုံတွေ့ရမှာ မဟုတ်ဘူး"

ညတုန်းက သောက်ထားသည့် အရက်နံ့ အကြွင်းအကျန်က သဲ့သဲ့မျှ ရှိသေးသော်လည်း ဘကြီးအေး၏ စကားသံကမူ အမှန်တကယ် ဝမ်းနည်းကြေကွဲ ထိခိုက်မှုတို့ဖြင့် ငိုသံစွက်လျက် အသံက တိုးတိမ်ဖျော့တော့နေလေသည်။ ဘကြီးအေးနှင့် အခြားလူတစ်ချို့ရှေ့တွင် ဖွာလန်ကျဲနေသည့် ဆံပင်များအား ဘယ်ညာလက်အစုံ ထိုးနှိုက်လျက် ကြမ်ကုလားထိုင်ပေါ်သောင်းပေါ် ခေါင်းငိုက်

www.burmeseclassic.com



ချထိုင်နေသည့် အောင်မင်းနိုင်၏ မျက်နှာပြင်အား ငုံ့ငိုက်ထား၍ မတွေ့ရပါသော်လည်း အင်္ကျီတကြမ်းပေါ် ပေါက်ကနဲ လွင့်စင်သွားသည့် မျက်ရည်ပေါက်ကိုမူ ရွာလူကြီးနှစ်ဦး၊ သုံးဦးနှင့် ဘကြီးအေးပါ မြင်တွေ့လိုက်ရသည်။

အဖြစ်က ဆန်းလည်း ဆန်းကြယ်လွန်းလှသည်။

အိမ်ကြီး၏ အိမ်ရှေ့ဧည့်ခန်းရှိ ရှေးရိုးရင်စွဲ မဟော်ဂနီရောင်ပြယ်စ ကျွန်းစားပွဲငယ်နှင့် ကြိမ်ဆက်တီခုံပုလေးထက် ခေါင်းကြီးငိုက်စိုက်ချနေလျက် မျက်ရည်ပေါက်များ တပေါက်ပေါက်စီးကျနေလျက်ကပင် မချိတင်ကဲ အံကြိတ်သံတုန်ခိုက်ခိုက်ကြီးနှင့် အောင်မင်းနိုင်ထံမှ အသံထွက်ပေါ်လာသည်။

"ကျွန်တော့ အပြစ်ပါ ဘကြီးအေး။ ချောကို ဒီ အဖြစ်ဆိုးကြီးမျိုးနဲ့ ကြုံတွေ့ရမယ်မှန်းသိရင် ကျွန်တော် ဒီရွာကို ခေါ်မလာပါဘူး"

"ဟုတ်ပါတယ် ငါ့တူ၊ လူဆိုတာ သူ့အကြောင်းကံ လာရင် ဘယ်သူမှ ရှောင်လွှဲလို့ မရပါဘူး။ ဖြစ်ချိန်တန်လို့ ဖြစ်ရတာပဲလို့ ဖြေပါကွယ်"

"ချောက မနေ့တစ်နေ့ကမှ ကျွန်တော်နဲ့လက်ထပ် ထားတဲ့ ဇနီးပါဗျာ၊ ကျွန်တော် ဘယ်လို ဖြေဆည်လို့ ရနိုင်မှာလဲဗျာ"

အောင်မင်းနိုင်၏အသံက အက်ကွဲတိုးတိမ်စွာ ပေါ်ထွက်





လာလေသည်။ အောင်မင်းနိုင်အား ဖြေသိမ့်နိုင်ရန် ဝိုင်းဝန်း၍ ပြောဆိုနေကြပါသော်လည်း ဧည့်ခန်းတွင်းရှိ ရွာမိရွာဖ ခြံဝိုင်းနားချင်း သက်ကြီးရွယ်အိုတချို့မှာ စာနာနားလည်စွာ ဂရုဏာသက်ပြင်းချကြသည်။

ချောစုလှိုင်နှင့်အောင်မင်းနိုင်မှာ အသစ်စက်စက် ပူပူနွေးနွေး အကြင်လင်မယား မဟုတ်ပါလား။ မင်္ဂလာဦးပျားရည်ဆမ်းခရီးအဖြစ် တစ်ပတ်ခန့် အေးချမ်းစွာ နေထိုင်ရန် မင်္ဂလာခြံကြီးအဖြစ် မနေ့ညနေကမှ ကားတစ်စီးဖြင့် ရောက်လာခဲ့ပြီး ယခုမနက်ခင်း၌ အမင်္ဂလာအိမ်ကြီးအဖြစ် ပြောင်းလဲသွားလေပြီ။ သတို့သမီးအသစ်စက်စက်ကလေး ချောစုလှိုင် မည်သည့်အတွက်ကြောင့် မည်သည်ဖြစ်၍ မည်သို့သေဆုံးသွားရကြောင်း မည်သူမျှ မသိကြသည်မှာလည်း ပဟေဠိတစ်ခုဖြစ်နေသည်။

အောင်မင်းနိုင် ပြောပြ၍ မူလချောင်းသာ မင်္ဂလာဦးခရီးစဉ်သွားမည်ကို ဖျက်ရွှေ့၍ အောင်မင်းနိုင်၏ မိဘလက်ဖွဲ့သည့် ဤသန်လျင်ကျိုက်ခေါက်စေတီတော်ကြီးနှင့်မနီးမဝေး ကြာနီရွာကလေးသို့ ဤခြံကြီးသို့ အောင်မင်းနိုင်ကြောင့် ချောစုလှိုင်မလိုက်ချင် လိုက်ချင် လိုက်ပါလာခဲ့ပြီး ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံရခြင်းအတွက်လည်း အောင်မင်းနိုင်ပို၍ ဖြေမဆည်နိုင်ဖြစ်နေရပါသည်။

www.burmeseclassic.com



နောက်ညတုန်းက အောင်မင်းနိုင် ပင်ပန်း၍ အိပ်မောကျသွားသဖြင့် ချောစုလှိုင်အိပ်ခန်းတံခါးဖွင့် အပြင်ထွက်သွားမှန်း မသိလိုက်ချေ။ အောင်မင်းနိုင် တရေးနိုးတော့ အရုဏ်ကျင်းစ ပြုနေပြီ။ အခန်းတွင်းရှိ ဓာတ်မီးအိမ်အလင်း ဝိုးတဝါး၌ ချောစုလှိုင်အား မတွေ့၍ စိုးရိမ်တကြီး အမှောင်မည်းမည်းထဲ လိုက်လံရှာဖွေရာမှ အောက်ထပ် ထမင်းစားခန်း၌ ချောစုလှိုင်အား လဲကျနေတာ တွေ့ရခြင်းဖြစ်သည်။ အိပ်ပျော်နေမိသည့် သူ့ကိုယ်သူ အောင်မင်းနိုင် အပြစ်တင်မဆုံး။

ဓာတ်မီးရှိနေ၍သာ ထမင်းစားခန်း ခုံအကြိုအကြား ဝိညာဉ်ကင်းမဲ့နေပြီးဖြစ်သည့် ချောစုလှိုင်အား တွေ့မြင်ခြင်းဖြစ်သည်။ အောင်မင်းနိုင် စွဲလန်းတပ်မက်ခဲ့ရပါသော ချောစုလှိုင်၏ မျက်ဝန်းညိုကြီးများက နောက်ဆုံး ဝိညာဉ်စိတ်လေး လွင့်စင်မပြေးခင် မည်သည်အား သွေးပျက်ခြောက်ချားဖွယ်ဆုံစည်းခဲ့သလဲ မသိရပါသော်လည်း ပြူးကျယ်ဝိုင်းစက်နေလေသည်။ တစ်စုံတစ်ရာအား အသည်းပျက်အူပျက်ဖွယ် ကြောက်လန့်ဖွယ်ရာ တစ်ခုခုတွေ့ကြုံရသည့် ပုံစံ။

ချောစုလှိုင်က ငယ်စဉ်က တစ္ဆေသရဲ နာနာဘာဝ မမြင်ရသည့် အရိပ်အယောင်ဟူသမျှ ကြောက်လန့်တတ်မှန်း အောင်မင်းနိုင် သိသည်။ ညနေစောင်း မှောင်ရီပျိုးတဝါး စတင်ရောက်





ရှိချိန်ကပင် အောင်မင်းနိုင် ခြံစောင့်ကြီး ဘကြီးအေးကို လိုက်ရှာစဉ် သရဲခြောက်သည်ဟု ဆိုကာ ဘာကိုမြင်တွေ့မှန်းမသိဘဲ တုန်လှုပ်ခြောက်ခြားခဲ့သေးသည်။ အောင်မင်းနိုင် အရောက်နှင့် ဆုံ၍ တုန်လှုပ်ခြောက်ချားနေသည့် ချောစုလှိုင်အား ချော့မော့ရသေး၏။

နောက် အပေါ်ထပ်အိပ်ခန်းထဲ ရောက်သော်လည်း စူးစူးရှားရှားနှင့် ကုတင်ခြေရင်း၌ ဆံပင်ဖားလျားနှင့် ရပ်နေသည့် မိန်းမတစ်ယောက် မြင်သည်ဟုဆိုကာ ကြောက်လန့်နေသေး၍ အောင်မင်းနိုင် ချော့ရသေးသည်။ သို့သော်လည်း ထူးဆန်းသည်မှာ အောင်မင်းနိုင်ကိုယ်တိုင်လည်း ချောစုလှိုင်မြင်သကဲ့သို့ မမြင်ပါသော်ငြား စိတ်ထဲ မသိုးမသန့်နှင့် ခြေသံလိုလို ဘယ်ကမှန်းမသိသော အပုပ်နံ့လိုလိုပင်ရသယောင် ဖြစ်ခဲ့သေးသည်။

အောင်မင်းနိုင်က မြင်နေရသည့် လက်ရှိ ပစ္စက္ခရုပ်ဘဝထက် မမြင်ရသည့် ပရလောက၊ တစ္ဆေသရဲ နာနာဘာဝများကို သိပ်ယုံကြည်လှသူမဟုတ်။ သို့သော် အခန်းပြင်ဘက်က ခြေသံကိုမူ နားဖြင့် ဆက်ဆက်ကြားရခြင်းဖြစ်သည်။

ရုတ်တရက် အောင်မင်းနိုင် သူ့အရှေ့ရှိ သူ့ဖခင် ဤအိမ်ဤခြံကြီးအား ဈေးသက်သာချောင်ချိစွာ ဝယ်ယူပြီးကတည်းက ခြံစောင့်အဖြစ်နေထိုင်ခဲ့သော ဘကြီးအေးအား စေ့စေ့ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးအေးကို ကျွန်တော်မေးစရာရှိတယ်"

"ဘာမေးမလဲ မောင်မင်းနိုင်"

"ဒီအိမ်မှာ လူတွေ ဘာတွေ သေဖူးသလား၊ အထူးသဖြင့် အမျိုးသမီးပေါ့"

"ဟို ဘာလိုပြောရမလဲ၊ ဘာ ဘာဖြစ်လို့လဲ မောင်အောင်မင်းနိုင်"

ရုတ်တရက် အောင်မင်းနိုင်၏ စူးလက်သော မျက်ဝန်းအကြည့်နှင့် ထူးဆန်းစွာ မေးမြန်းလာသည့်စကားကြောင့် ခြံစောင့်ကြီး ဘကြီးအေး မျက်နှာကွက်ခနဲ ပျက်သွားပြီး စကားများ အထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားသည်။

'ဟို ... ဟို'

အောင်မင်းနိုင်က ဘကြီးအေးအား စူးလက်သော မျက်ဝန်းဖြင့် သိလိုစွာ မျက်တောင်မခတ်တမ်း စေ့စေ့ကြည့်နေစဉ် နဘေးရှိ အသက်ငါးဆယ်ဝန်းကျင်ရှိ လူကြီးတစ်ဦးက

'ဟာ သေဘူးတာပေါ့ မောင်ရင်လေးရ၊ သေဖူးတာမှ တစ်ယောက်တည်း မဟုတ်ဘူး၊ နှစ်ယောက်၊ နှစ်ယောက်၊ လူသေပြီး ဘယ်သူမှ မနေကြတဲ့ ခြံပျက်ကြီးမို့ မောင်ရင်လေးရဲ့အဖေ ဈေးချိုချိုနဲ့ ရလိုက်တာပေါ့၊ နောက်ပြီး ရပ်စကား ရွာစကားပေါ့ကွာ၊ အဲဒီသေဆုံးခဲ့ကြရတဲ့ ကလေးမတွေကလည်း မကျွတ်





မလွတ်သလို အစွဲလမ်းနဲ့ ဒီအိမ် ဒီခြံကြီးမှာပဲ ခြောက်လှန့်နေသလို ရံဖန်ရံခါ အခြောက်အလှန့်ခံရ ကိုယ်ထင်ရှား မြင်တွေ့ရသလို လို့လည်း ဆိုကြတာပဲကွ၊ ဖြစ်တော့လည်း ဖြစ်နိုင်သား၊ ဘာပြုလို့လဲဆိုတော့ အဲဒီသေဆုံးခဲ့ကြတဲ့ ကလေးမနှစ်ယောက်စလုံးက အစိမ်းသေတွေ ချည်းပဲကိုး"

"ဗျှင်"

အောင်မင်းနိုင်ပင် ရုတ်တရက် လည်ပတ်နေဆဲ သွေးကြောတွေ ရပ်ဆိုင်းသွားသလို အထိတ်အလန့်ဖြင့် မျက်နှာပြင်တစ်လုံး သွေးဆုတ်သွားသလို ဖြူလျော့သွားလေသည်။

"မဟာင်နဲ့ မောင်ရင်၊ အခုလည်း ဘာဒဏ်ရာ တစ်စုံတစ်ရာမှ မတွေ့ရဘဲ ထူးဆန်းစွာသေဆုံးနေတဲ့ မောင်ရင့်ရဲ့ ဇနီးအသစ် စက်စက်လေးနဲ့ဆို သုံးလောင်းရှိပြီလို့ ပြောလို့ရတယ်၊ ပထမ သေတာက အိမ်ရှင်လုပေါ်ရဲ့သမီးလေး၊ ရည်းစားနဲ့ကွဲပြီး အဆိပ်သောက်သေရတာ၊ အဲ ဒုတိယက အခု မောင်ရင့်ရှေ့မှာ မောင်ရင်တို့အိမ်ကြီးကို ခြံစောင့်လုပ်ခဲ့ဖူးတဲ့ ဒီကောင် ညိုအေးရဲ့သမီး ဖြူနှင်း၊ အဲဒီကောင်မလေးလည်း ဒီခြံကြီးထဲ ညိုအေးနဲ့အတူ ဝိုင်းလုပ်ဝိုင်းကိုင်နေရင်းက ရွာလယ်က သူ့ကောင်လေးနဲ့ ရည်းစားသနာကိစ္စနဲ့ ဘာဖြစ်တယ်မသိဘူး မပေါ့မပါးနဲ့ ဟော့ဟိုက [illegible]ကားရင်း ထောင့်မှာ ကြိုးဆွဲချ သေသွားရှာခဲ့တာ၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးသေပြီး ညိုအေးလည်း မောင်ရင်တို့ ဒီခြံကြီးထဲမှာ ဖြ စောင့်မလုပ်တော့ဘဲ ထွက်လိုက်တာလေ၊ ဒီကောင်ညိုအေး မောင်ရင်တို့ကို ဘာမှ မပြောပြဘူးလား"

"ဘကြီးအေး ပထမဆုံးပြောတဲ့ ဘကြီးအေးနဲ့သာ ညနေက ရောက်ရောက်ချင်း တွေ့ခဲ့ကြရင် ဒီအဖြစ်"

ဘကြီးအေး စကားမဆုံးလိုက်။

"ချောရယ်"

အောင်မင်းနိုင် ရင်ထဲဖျတ်ခနဲ တစ်စုံတစ်ခုအား သိလိုက်ရသလိုလို၊ ရိပ်စားမိလိုက်သလိုလို။

❑ ❑ ❑

"အောင်မလေးဗျ ... သ ... သရဲ"

"အ -- ပွး ... ပွး ... အူး ..."

"အု ... ပွး ... ပွး ..."

သိပ်သည်းသော အမှောင်ရင်ခွင်ထဲ လူခြေတိတ်စ ညဦးအချိန်မှာပင် တစ်ရွာလုံး ထိတ်လန့်ဖွယ်ရာ ကြောက်လန့်တကြား စူးစူးရှားရှားအော်သံနှင့်တစ်ပါတည်း တဆွဲတငင် အူမြည်လိုက်သော ခွေးအူသံတို့ကပါ ညနံ့ရုံကို ထိခတ်လှုပ်ရှား ယိမ်းထိုးသွားပါသည်။





"အူ ... အူး ... ပွး ..."

"ဂစ် .. ဂီး ..."

"ဘယ်သူလဲဟေ့"

"အောင်ဘ ဖြစ်မယ်၊ အောင်ဘ အသံပဲ..."

"အင်း ဒီကောင်ကတော့ ပိုက်တန်းချအပြန် မူးမူးနဲ့ ဟိုဘက်လမ်းမှာ မပြန်ဘဲ ဟိုခြံကြီးရှေ့က ဖြတ်ပြန်တာ ထင်တယ်၊ အင်း ဒုက္ခ၊ ဒုက္ခ"

မီးရောင်လေးများ လင်းတစမှိန်တစ ဟိုခြံဒီခြံကနေ လှမ်းအော်ကြ မေးမြန်းကြပြီး ခဏအကြာ ကြုံတွေ့နေကြ ဘာမျှ မထူးထန်းသလို ခြံဝိုင်းကြီးများထဲမှ အသံဗလံအချို့ ပြန်လည် တိတ်ငြိမ်သွားကြလေသည်။ ဤအဖြစ်မှာ လကွယ် လမိုက်ရက် အချိန်၌ ကြုံတွေ့နေကြ သာမန်အဖြစ်ကဲ့သို့ ဖြစ်နေလေပြီ။

သို့ပါသော်လည်း မည်သူမဆို ယင်းကဲ့သို့ တတ်နိုင်သမျှ အထိတ်တလန့် သွေးပျက်ခြောက်ချားဖွယ် အသံဆိုး အသံနက်ကြီးအား မကြားလိုကြပါ။ ယင်းသို့ကြောင့်လည်း ရွာကလေး၏ တောင်ဘက်ယွန်းယွန်းဘက်ကျ ရေးကပင်တည်ရှိခဲ့ပါသော ကြာနီအင်းကြီး၏အစပ် ဝါးရုံပင်ကြီးများယှက်ဖြာပြီး အကိုင်းခက်များ ထိဆက်အုပ်မိုးနေသည့် ဦးဘပုလမ်းကြားဘက်သို့ ညနေနေဝင်ချိန် တစ်ရီးသရီဆိုလျှင် မည်သူမျှ ဖြတ်သွားဖြတ်လာ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ကြတော့ချေ။ အတတ်နိုင်ဆုံး ရှောင်ကွင်းကြသည်။

ရံဖန် လပြည့်ည လရောင်ဖြာနေချိန်၌လည်းကောင်း၊ ရံဖန် လမိုက်ည ကြယ်ရောင်ပိုးတဝါး ညများ၌လည်း ကောင်း၊ ရံဖန် အမှောင်ထုသိပ်သည်းတတ်သည့် ညတချို့ တလေ၌လည်းကောင်း၊ အ,မင်္ဂလာကျက်သရေကင်းမဲ့လှသည့် ခွေးလေခွေးလွင့်အချို့၏ တရှိုက်ငင်ငင် တဆွဲတလျား ဆွဲဆွဲငင်ငင် အူသံများနှင့်အတူ ယင်းလမ်းထိပ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ ရံဖန် ချောမောလှပသည့် မိန်းမငယ်နှစ်ယောက်၊ တစ်ခါတရံ မိန်းမပျိုသုံးဦးအား ရယ်မောသံများနှင့်အတူ တွေ့ရတတ်သည်ဟု ဆိုကြသည်။

အားလုံးက အသိအမှတ်ပြု လက်ခံထားကြသည်မှာ ယင်းဦးဘပုလမ်းကြားသည် ခြံဝိုင်းကျယ်ကြီးများနှင့် တိတ်ငြိမ်အေးချမ်းရာ လမ်းပင်ဖြစ်ပါသော်လည်း မကျွတ်မလွတ်သည့် ပရလောကသား အစိမ်းသေ မိန်းကလေးသုံးယောက် ခြောက်လှန့်တတ်သည်။ လိုက်လံနှောက်ယှက်တတ်သည်။ ဝါးကိုင်းခြောက်၊ တုတ်တို၊ ဂဝံမြေကျစ်စာခဲများဖြင့် ပစ်ပေါက်လှန့်တတ်သည်ဟု ဆိုကြလေသည်။

□ □ □

ရွှေဘုန်းတံ





# နေမှည
# ဝေးကာကျောင်းကျား သွားကြပြီ

ဘိုးဘိုးအောင် သီချင်းထဲကကဲ့သို့ ‘ငယ်သူငယ်ချင်း သုံးယောက်ရှိလေသည်’ မဟုတ်။ ကျွန်ုပ်တွင် လွန်စွာခင်မင်ရင်းနှီးရသော၊ ယခုထက်တိုင် အဆက်အသွယ်မပြတ်ကြသော ငယ်သူငယ်ချင်း ငါးဦးရှိလေသည်။ ထိုငါးဦးသည် ဗဟိုစံပြ အထက်တန်းကျောင်း(Central) ယခု အ.ထ.က(၁)လသာတွင် (၅)တန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားဘဝမှသည် ကျောင်းထွက်ရသည့်အချိန်အထိ တန်းစဉ်အလိုက် အောင်အတူ၊ ကျအတူ နေခဲ့ကြသူများပင် ဖြစ်တော့၏။ ကျွန်ုပ်တို့ သူငယ်ချင်းအားလုံးတွင် တူညီသော ဝါသနာတစ်ခုရှိ၏။ ထိုဝါသနာမှာ 'အနုပညာ' ပင် ဖြစ်ချေ၏။

သူငယ်ချင်းငါးဦးတွင် အနုပညာဝါသနာပါသည်ချင်း တူသော်လည်း အမျိုးအစားချင်းမူ ကွဲပြား၏။ တစ်ဦးမှာ ကျွန်ုပ်တို့၏ တန်းစဉ်အလိုက် မော်နီတာဖြစ်ပြီး ပန်းချီလွန်စွာထူးချွန်၏။ ဘိုင်အိုဆရာမ ဒေါ်ကြည်ကြည်သန်း၏ လက်စွဲ။ နောက်တစ်ဦးမှာ ဆရာမစာသင်ချိန်တွင် ကာတွန်းရုပ်လေးများ ရေးဆွဲနေတတ်သည်။ အိမ်ပြန်ရောက်လျှင် မိဘလုပ်ငန်းတွင် ပန်းပုရုပ်လေးများ ထုရ၏။ နောက်တစ်ဦးမှာ စာရေးခုံကို စန္ဒရားသဖွယ် သဘောထားပြီး တီးကာ သီချင်းညည်းနေတတ်သည်။ 'နွဲ့'နှင့် 'နွယ်'ဆိုသော စာလုံးအဓိပ္ပာယ်ကို သရုပ်ခွဲနေတတ်သည်။ အပတ်စဉ် ရုံတင်ရုပ်ရှင်ကားများကို မလွတ်တမ်းကြည့်ကာ ဝေဖန်နေတတ်သူ။ ကျန်တစ်ဦးမှာ ဂျလေဘီ ကဗျာဆရာပေါက်စ။ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ကပင် မော်ဒန်ကဗျာများကို ရေးသားနေပြီး လက်ကမ်းကဗျာစာအုပ်များ ရေးသားနေသူ။ ကျွန်ုပ်မှာမူ ပြဇာတ်ရေးဆရာ၊ [illegible]ရေးဆရာ၏ သားတစ်ဦးပီပီ စာရေးခြင်းကို ဝါသနာထုံ၏။ [illegible]များကို ရေးသားနေပေပြီ။ (အထူးသဖြင့် ကြေးစား





ရည်းစားစာရေးသူ)

ကျွန်ုပ်တို့ သူငယ်ချင်းငါးဦးတွင် မော်နီတာ ပန်းချီဆရာမှလွဲ၍ ကျန်လေးဦး၏ တူညီသော အခြားဝါသနာမှာ ဘောလုံးအားကစားပင်။ ဤတွင် ကာတွန်းဆရာနှင့် ကျွန်ုပ်သည် ဘောလုံးသမားစစ်စစ် ဖြစ်ခဲ့၏။

❑ ❑ ❑

ကျောင်းမှထွက်ပြီးသည့်နောက် လူစုကွဲကုန်၏။

ရုပ်ရှင်ရူး၊ ဂျလေဘီကဗျာဆရာ၊ ကျွန်ုပ်တို့က တစ်မြို့နယ်တည်းသားမို့ အမြဲလိုလို တွေ့ဖြစ်၏။ ကာတွန်းဆရာသည် သံတွဲတွင် ဆိုင်ခန်းရှိသည်မို့ မကြာခဏဆုံရ၏။ မဆုံဖြစ်သည်က ပန်းချီဆရာမော်နီတာ။ စာပုံနှိပ်စက်တစ်ခုတွင် စာပြင်ဆရာ လုပ်နေသည်ဟုသာ သတင်းကြားရ၏။

ဤသို့ဖြင့် နောက် (၁၀)နှစ်ခန့်ကြာသော်...

ပန်းချီဆရာမော်နီတာက နာမည်ကြီးမဂ္ဂဇင်းတစ်ခု၏ အယ်ဒီတာ။ ရုပ်ရှင်ရူးသည် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်။ ကာတွန်းဆရာသည် ကျောက်စိမ်းပန်းပုပညာရှင်၊ ရွှေနေကြီး။ ဂျလေဘီကဗျာဆရာသည် သတင်းထောက်။ ကျွန်ုပ်ကား ကိုယ်ပိုင်လုပ်ငန်း (မိဘပိုင်) လုပ်ကိုင်သူ ယမကာလုလင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ငယ်သူငယ်ချင်းက သူငယ်ချင်းများအား ဆင့်ခေါ်သည်။ သူ့ရုံခန်းရှိရာ (၃၅)လမ်းသို့။ ထိုအချိန်တွင် သူသည် ဝင်ငွေ ပက်ပက်စက်စက်၊ သောက်သောက်လဲရသော ရုပ်ရှင်ကားကြီးများ၊ ဗီဒီယိုကားများ ထုတ်လုပ်ပြီးချိန် ဖြစ်၏။ သူ၏ဆန္ဒအား ကျွန်ုပ်တို့အား ပြောပြ၏။ သူ့ဆန္ဒမှာ ရုပ်ရှင်လုပ်ငန်းအပြင် စာပေတိုက်တစ်ခု ပူးတွဲဖွင့်လှစ်ရန်ပင်။ သူ့တွင် ထုတ်ဝေခွင့်ရပြီး မဂ္ဂဇင်းတစ်စောင် ရှိသည်။ ပုံနှိပ်စက်ရှိသည်။ မော်နီတာတွင် ထုတ်ဝေခွင့်ရပြီး မဂ္ဂဇင်းနှစ်စောင်၊ ကျွန်ုပ်တွင် အားကစားဂျာနယ်တစ်စောင် ရှိသည်။ အားလုံးကို သူစုတ်မည်။ သူငယ်ချင်းများက ဝိုင်းဝန်းရန် ပြော၏။ အားလုံးက သဘောတူ၏။ ဤသို့ဖြင့် 'ပန်းနုရောင်' စာပေတိုက် ပေါ်ထွက်လာခဲ့၏။

ရုံးခန်းက (၃၅)လမ်း ရုပ်ရှင်ကုမ္ပဏီမှာပင်။ ပေအစိတ်၊ ပေငါးဆယ် အခန်းကျယ်ကြီးဖြစ်သဖြင့် ရုပ်ရှင်ကုမ္ပဏီရော၊ စာပေတိုက်အတွက် လုံလောက်သော အကျယ်အဝန်းရှိ၏။ စာပေတိုက် ဖွင့်လှစ်သောအခါ (၃၅)လမ်း ရုံးခန်းသို့ စာရေးဆရာ၊ ပန်းချီဒီဇိုင်းဆရာ၊ ကာတွန်းဆရာ စသည်တို့ အဝင်အထွက် ရှိလာသည်။ ဤတွင် ကျွန်ုပ်တို့ သူ့ကို စတင်ဆုံစည်း တွေ့ရှိရသည်။

□ □ □





သူသည် ရှည်လျားသော အရပ်ရှိ၏။ ထို့ကြောင့် ကြည့်လျှင် အနည်းငယ် ခါးကိုင်းသယောင်။ ဤသည်ကလည်း သူ့ကို ဂရုစိုက်ကြည့်မှသာ သိသည်။ ငွေရောင်ဆံပင်ရှည်များနှင့် ဖြူဖွေးနေသည့် မုတ်ဆိတ်ရှည်များကို ပိုင်ဆိုင်၏။ ဆံပင်ရှည်များကို နောက် ကြက်တောင်စည်း စုစည်းထားသည်။ အင်္ကျီဖြူလက်ရှည်ကိုသာ ဝတ်တတ်၏။ ပုဆိုးအရောင်ဖျော့ဖျော့၊ အကွက်ကျဲများဝတ်တတ်သည်။ ညာလက်ကောက်ဝတ်တွင် ကျောက်စိမ်းကိုးလုံးပုတီးကို စွပ်ထားသည်။ ဘယ်ဘက်လက်ကောက်ဝတ်တွင် ယနေ့လူငယ်များဝတ်ဆင်သည့် ဂေါ်ကွင်းများ ဝတ်ထားသည်။ ငွေရောင်၊ အနက်ရောင် ဂေါ်ကွင်းများ။ ပခုံးပေါ်တွင်မူ လွယ်အိတ်တစ်လုံးက အမြဲနေရာယူထားသည်။ သူသည် စာရေးဆရာဖြစ်၏။ ရေးအားအလွန်ကောင်း၏။ ကျွန်ုပ်တွေ့ဖူးသည့် စာရေးဆရာများထဲတွင် လက်ရေးလှန်စွာကောင်းသည့် စာရေးဆရာလည်း ဖြစ်၏။ သူ၏ လက်ရေးသည် ရှင်းလင်း၏။ လှပ၏။ ရှေးဆန်၏။ ထို့ပြင် သူသည် ဂမ္ဘီရပညာရှင်တစ်ဦးလည်း ဖြစ်၏။ လောကီ၊ လောကုတ္တရာ နှံ့စပ်၏။ သို့သော် သူသည် မြန်မာမဟုတ်။ အသက် ၆၀ နီးပါး တရုတ်လူမျိုးစစ်စစ်ဖြစ်၏။

သူသည် ဆရာကြီးမင်းသိခ်၏ဇာတ်ကောင် 'ကြေးမုံဆစ်' ကဲ့သို့ ပုံပြောကောင်း၏။ သူပြောသမျှသည် မှတ်သားစရာ



www.burmeseclassic.com

www.burmeseclassic.com



များသာတည်း။ ကျွန်ုပ်တို့ သူငယ်ချင်းအားလုံးက သူ့အား ကင်ပွန်းတပ်လိုက်သည်မှာ

"ဆရာကြီးလောင်ဖူး"

တရုတ်ပညာရှင်တစ်ဦး၏ အမည်။

❑ ❑ ❑

ဤတွင် ကျွန်ုပ်တို့အိမ်၏ ထူးခြားမှုတစ်ခုကို တင်ပြပါမည်။ ကျွန်ုပ်၏အိမ်သည် ပေအစိတ်၊ ပေငါးဆယ် နှစ်ထပ်တိုက်ဖြစ်၏။ အောက်ထပ်တွင် တိုင်းရင်းဆေးလုပ်ငန်းနှင့် ပုံနှိပ်စက်လုပ်ငန်း ရှိသည်။ ဤလုပ်ငန်းများသည် ကျွန်ုပ်၏မိဘများ ဧရာဝတီမြစ်ကမ်းနံဘေး မြို့လေးတွင် နေစဉ်ကတည်းက စတင်ခဲ့သော လုပ်ငန်းများ ဖြစ်သည်။ ယခုဆိုလျှင် စိန်ရတုသက်တမ်းပင် ကျော်ချေပြီ။ အောက်ထပ် နောက်ဖေးခန်းသည် စက်ခန်းဖြစ်၏။ နောက်ဖေးခန်းတွင် ထပ်ခိုးရှိ၏။ ထပ်ခိုးပေါ်တွင် စာခုံများ စုစုပေါင်း ငါးခုံရှိ၏။ စာခုံများဘေးတွင် ခုတင်နှစ်လုံး ရှိသည်။ စာခုံများကြားတွင် လူသုံးဦးလောက် ချောင်ချောင်ချိချိ အိပ်၍ရ၏။

ကျွန်ုပ်တို့အိမ်၏ ထူးခြားမှုမှာ ဤထပ်ခိုးပင်ဖြစ်၏။ ကျွန်ုပ်သည် လူပျိုပေါက်အရွယ်မှစ၍ အိမ်ထောင်ကျသည့်အချိန်





ထိ ဤထပ်ခိုးတွင် နေခဲ့သည်။ ခုတင်နှစ်လုံးအနက် တစ်လုံးမှာ ကျွန်ုပ်ခုတင်ဖြစ်ပြီး၊ တစ်လုံးမှာ နယ်မှ လာအလုပ်လုပ်သည့် စာစီဆရာ၏ ခုတင်ဖြစ်၏။ ထူးခြားသော ဤထပ်ခိုးတွင် မည်သည့် လူစိမ်း၊ သူစိမ်းမှ အိပ်၍မရခြင်းပင် ဖြစ်၏။ ကျွန်ုပ်တို့ မိသားစုဝင်တစ်ဦးဦးက "အဘရေ…ကျွန်တော့်သူငယ်ချင်း ခုည ထပ်ခိုးပေါ်မှာ အိပ်မယ်။ အေးအေးဆေးဆေး အိပ်ပါစေ"ဟု ကြိုပြောထားရ၏။ ဤသို့မှ မပြောဖြစ်လျှင်တော့ အိပ်သူမှာ ထပ်ခိုးပေါ်မှ ဆင်းပြေးရပြီမှတ်။ ပထမ ခဲစာလုံးများနှင့် ပစ်မည်။ ဤသို့မှ အိပ်သူမနိုးလျှင်တော့ ခြေထောက်က ဆွဲချခြင်း ခံရပေမည်။ ထိုအဖြစ်မျိုး ခံခဲ့ရသော သူငယ်ချင်း၊ မိတ်ဆွေ၊ ဆွေမျိုးများကား မနည်းတော့။

တစ်ခါက တောမှ ဆွေမျိုးတစ်ဦး အရက်မူးကာ မပြောမဆို ထပ်ခိုးပေါ်သို့ တက်အိပ်၏။ ညသန်းခေါင်အချိန်တွင် အမလေး၊ အဘလေး အော်ကာ ဆင်းပြေးလာ၏။ အမူးလည်းပြေပြီ။ သူ့ကို လည်ပင်းလာဖျစ်သည်ကို ခံရကြောင်းပြောပြသည်။

ဤသို့ ဖြစ်ရသည်ကား…

❑ ❑ ❑

ကျွန်ုပ်၏ မိဘများသည် နယ်မြို့တွင် နေစဉ်ကာလ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏မိဘများသည် ပုံနှိပ်စက်တွင် စာစီစက်ရိုက်လုပ်သော လုပ်သားမှာ အသက်(၅၀)ကျော် ဦးစံငြိမ်းဆိုသည့် ပုဂ္ဂိုလ်ပင်။ လျှပ်စစ်မီးမရှိ၍ ပုံနှိပ်စက်ကို ခြေဖြင့်နင်း၍ ရိုက်ရ၏။ ဦးစံငြိမ်းသည် ကျွန်ုပ်၏ဖခင်အား လွန်စွာလေးစား၏။ လွန်စွာချစ်ခင်၏။ လွန်စွာ ရိုသေ၏။ ကျွန်ုပ်၏ ဖခင်ကလည်း ဦးစံငြိမ်းအား လွန်စွာ အားကိုး၏။ လွန်စွာ ဦးစားပေး၏။ ဦးစံငြိမ်းကား တစ်ကောင်ကြွက်သမားဖြစ်၍ ကျွန်ုပ်တို့၏ အိမ်မှာပင်အိပ်၊ အိမ်မှာပင် စားဖြစ်၏။

တစ်နေ့၌ ဦးစံငြိမ်းသည် စက်ရိုက်နေစဉ်အတွင်းမှာပင် လဲကျသေဆုံးသွား၏။ ဦးနှောက်သွေးကြောပြတ်ခြင်းပင်။ ကျွန်ုပ်၏ဖခင်လည်း ကြီးစွာစိတ်မကောင်း၊ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရ၏။ အသုဘကိစ္စကို ပြီးအောင် ဆောင်ရွက်သည်။ အသုဘချသည့်နေ့က မြေမချမီ အဖေ မချိတင်ကဲ ပြောလိုက်သည့်စကားမှာ...

"စံငြိမ်း...အိမ်မှာပဲ နေကွာ။ ကလေးတွေကို စောင့်ရှောက်"

ဟူ၍ပင်။ ထိုအချိန်တွင် ကျွန်ုပ်၏အထက် အစ်မဖြစ်သူမှာ ပုခက်တွင်းပင် ရှိသေး၏။ ကျွန်ုပ်၏မိခင် ပြောစကားအရဆိုလျှင် အမေသည် ပုခက်ကို တစ်ကြိမ်လွှဲခဲ့လျှင် အိမ်မှုကိစ္စအဝဝ ချက်ပြုတ်ပြီးစီးသည့်တိုင် ပုခက်အလွှဲမရပ်ကြောင်းပင်။





ကြီးပွားတိုးတက်ရန် အမြဲကြံစည်ကြိုးစားနေသည့် အဖေသည် ရန်ကုန်သို့ ပြောင်းတော့လည်း စက်ပစ္စည်းများ ကမ်းနားသဘောဆိပ်သို့ အချတွင်လည်း အဖေပြောသည်က...

"စံငြိမ်းရေ...ရန်ကုန်ကို လိုက်ခဲ့ဟေ့..."

□ □ □

၇

ရန်ကုန်ရောက်တော့ အဖေသည် စာစီသမား၊ စက်ရိုက်သမား သီးသန့်ထပ်ခေါ်၏။ စာစီသမားမှာ ရန်ကုန်က မဟုတ်။ ပဲခူးက ဖြစ်၏။ အဖေသည် သူ့အား 'ပဲခူး' ဟုပင် ခေါ်၏။ အဖေကိုယ်တိုင် စာခုံအပ်သည်။ စက်သမားအား စက်အပ်သည်။ ပဲခူးမှ စာစီသမားအမည်မှာ ကိုညွန့်ရွှေဖြစ်ပြီး စက်သမားအမည်မှာ ကိုအောင်သိန်း ဖြစ်၏။ ကိုညွန့်ရွှေမှာ စနေနေ့ညနေတွင် ပဲခူးပြန်ပြီး တနင်္လာနေ့တွင် အလုပ်ပြန်ဝင်၏။

တစ်နေ့တွင် စက်မှာ မော်တာလည်၏။ မော်တာကြီးကလည်း ကောင်း၏။ သို့သော် ဘီးကား မလည်။ ကြိုးလည်း မလျော့။ စက်သမား ကိုအောင်သိန်း ချွေးပြန်လေပြီ။ မည်သို့မှ ကြိုးစား၍ မရသည့်အဆုံး ဖခင်ကြီးထံ သတင်းပို့၏။ စာစီဆရာ ကိုညွန့်ရွှေမှာ ထပ်ခိုးပေါ်တွင် မြည်တွန်တောက်တီးနေ၏။ ကောက်လိုက်တိုင်း စာလုံးများ တလွဲတချော် ဖြစ်နေသည်။

www.burmeseclassic.com



ရ၊ ရာ၊ မ၊ မှူး၊ ၏၊ (။) စာခွက်တစ်တန်းလုံးသည် (ကြွ၊ ကြာ၊ ကြီ၊ ချိ၊ ငိုး၊ ဉ်) စာခွက်တစ်တန်းလုံး ပြောင်းထားသည်။ ကိုညွန့်ရွှေလည်း ဖခင်ကြီးအား သတင်းပို့သည်။ ဖခင်ကြီးက တစ်တန်းလုံးစီ ပြောင်းထားသည့် သူ့ခွက်၊ သူ့စာလုံး ပြန်နေရာချရန် ပြော၏။ စက်ဘေးသို့ ဖခင်ကြီးသွားပြီး စက်မောင်းခိုင်းတော့ ဘီးက လည်လိုက်သည်မှာ မွတ်လို့။

ဖခင်ကြီး စက်ခန်းအတွင်း အော်၍ပြောပြီး ပြန်ထွက်သွားသည်။

"ဟော့ကောင် စံငြိမ်း၊ ကလေးတွေကို မစပါနဲ့ကွာ"

ကိုညွန့်ရွှေနှင့် ကိုအောင်သိန်းမှာ ပါးစပ်အဟောင်းသား ကျန်ခဲ့သည်။

❑ ❑ ❑

၁၉၆၃ ခုနှစ် အဖေဆုံး၏။ သို့သော် ဦးစံငြိမ်း သား မကျွတ်မလွတ်သေး။ အမေသည် အလှူဒါနပြုတိုင်း ခင်ပွန်းသည်ကို အရင်ရည်စူး၍ အမျှအတန်းဝေသည်။ ပြီးလျှင် ဦးစံငြိမ်းသို့ အမျှဝေသည်။ သို့သော် ဦးစံငြိမ်းသည် ကျွတ်ချိန်မတန်သေးသည်ထင့်။ ထပ်ခိုးပေါ်သို့ လူစိမ်းအတက်မခံ။

လွန်ခဲ့သော (၁၀)နှစ်ခန့်က ကျွန်ုပ်၏အစ်ကိုလေးသည်





ခိုကိုးရာမဲ့နေရှာသည့် သူ့မိတ်ဆွေအဘိုးကြီးနှစ်ဦးအား ဤထပ်ခိုးပေါ်သို့ ဦးစံငြိမ်းကို ပြော၍ တင်လိုက်သည်။ အဘိုးကြီးနှစ်ဦးအား ဦးစံငြိမ်း မည်သူကိုမှ မနှောင့်ယှက်။ အဘိုးကြီးနှစ်ဦးမှာ အဘနီနှင့် အဘသင်။ အဘနီက အစ်ကိုလေး၏ စားဖိုမှူးဖြစ်လာ၏။ ဟင်းချက်လွန်စွာ ကောင်း၏။ အဘသင်ကမူ အစ်ကိုလေး၏ ပုံနှိပ်စက်လုပ်ငန်းအတွက် အလုပ်ရှာပေး၏။ သူက ဓာတ်ပွဲစား။ ယခင်က ဓာတ်နောက်လိုက်ခဲ့သည်။ ယခုမူ အသက်အရွယ်ကြောင့် ပွဲစားသာလုပ်နိုင်တော့၏။ အစ်ကိုလေးအတွက် ဓာတ်လက်ကမ်းကြော်ငြာများစွာကို သယ်ဆောင်လာခဲ့သူ။ ဖဲရိုက်အလွန်ဝါသနာကြီး၏။ အဘနီသည် ယမကာနှစ်သက်သဖြင့် ကျွန်ုပ်နှင့် အတွဲများသည်။ သူသည်လည်း ဖဲဝိဇ္ဇာတစ်ဦး ဖြစ်ခဲ့သူပင်။ ကျွန်ုပ်အား ဖဲရိုက်သည့်နည်းမျိုးစုံကို သင်ကြားပေး၏။ ဖဲအထာများကို ပြောပြ၏။

အဘိုးကြီးနှစ်ဦးကား အချိန်ရတိုင်း ဟောလိဝုဒ်ဖဲ ကစားနည်းကို ကစားကြသည်။ ရန်ဖြစ်ရန်ခါများတွင် အငြင်းပွားကာ လက်သီးလက်မောင်းတန်းကြသည်။ သို့သော် နေ့စဉ် ကစားမှုကတော့ မပျက်။

ဤသို့ အဘိုးအိုနှစ်ဦးကား ကျွန်ုပ်တို့အိမ်တွင် ငါးနှစ်မျှ နေပြီး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကုန်ကြ၏။ အနည်းအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



မှုသော သူတို့၏ အသုံးအဆောင်ပစ္စည်းများသည် စက်ထပ်ခိုးပေါ်၌ ကျန်ခဲ့၏။ ထိုအခါ ပြဿနာတစ်ခုက ထပ်တိုးလာသည်။

ယခင်က ကျွန်ုပ်တို့မိသားစုအား ဦးစံငြိမ်းသည် သူရှိနေကြောင်း အသိပေးသည့် အချက်တစ်ချက်ရှိသည်။ ၎င်းမှာ အိမ်သားတစ်ဦးဦးကို ညနက်သန်းခေါင် အပေါ့အပါးသွားလျှင် ထပ်ခိုးပေါ်မှ တဖောက်ဖောက်နှင့် 'စာ'(ခဲစာလုံး)ပစ်ပြနေသည့် အသံပင်။ ယခု ထပ်တိုးလာသည်က စာပစ်သံအပြင် ဖဲကုလားဖန် ထိုးသည့်အသံက တဖျပ်ဖျပ်။

❑ ❑ ❑

တစ်ညနေတွင် ကျွန်ုပ်တို့၏ 'ပန်းနုရောင်'စာပေတိုက်သို့ ဆရာကြီးလောင်ဖူး ရောက်လာ၏။ စာမူပေး၏။ ထွေရာလေးပါး စကားများ ပြော၏။ ကျွန်ုပ်ပြန်မည်ဟုဆိုသော် သူလည်း ပြန်လိုက်မည်ဟုဆိုကာ လိုက်လာသဖြင့် အတူပြန်ဖြစ်၏။ ပြန်မည့်လမ်းချင်းကလည်း တူ၏။ သူနေသော မြို့နယ်နှင့် ကျွန်ုပ်နေသောမြို့နယ်က ကပ်လျက်။ ကျွန်ုပ်အိမ်မှ သူ့အိမ်သို့ (၁၅)မိနစ် လမ်းလျှောက်လျှင် ရောက်၏။ လမ်းတွင် ကျွန်ုပ်၏အိမ်သို့ မရောက်ဖူးသည်ဖြစ်၍ လိုက်လည်မည်ဟု ဆို၏။ ကျွန်ုပ်ကလည်း လိုလိုလားလား ဖိတ်ခေါ်လိုက်၏။ ဤသို့ဖြင့် ဆရာကြီးလောင်ဖူးသည်





ကျွန်ုပ်၏အိမ်သို့ လိုက်ပါလာတော့၏။ ကျွန်ုပ်လမ်းအတွင်းသို့ စတင်ဝင်ရောက်သည်နှင့် ဆရာကြီးလောင်ဖူးက ကျွန်ုပ်အား စကားဆို၏။

"မောင်ရင်တို့လမ်းက မသန့်ပါလားကွ"

"သန့်ပါတယ် ဆရာကြီး။ စည်ပင်က မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သန့်ရှင်းရေးလုပ်နေတာပဲ၊ သန့်ပါတယ် ဆရာကြီးရဲ့"

ကျွန်ုပ်၏အဖြေကြောင့် ဆရာကြီးလောင်ဖူး မျက်နှာရှုံ့မဲ့သွားကာ ပြောလေ၏။

"မောင်ရင်က ဂမ္ဘီရဆန်ဆန်၊ လျှို့ဝှက်ဆန်းကြယ်ဆန်ဆန် မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်နေပြီး တယ်ညံ့တာကိုး။ ကျုပ်ပြောတာတစ်မျိုး။ ကျုပ်မျက်လုံးထဲမှာ မြင်နေရတယ်။ မီးနေသည်ရဲ့(နံ့စွင်းနံ့) ရနေတယ်"

သူ့စကားကြောင့် ကျွန်ုပ် လွန်စွာအံ့ဩသွားရ၏။ သူ့စကား မှန်နေသောကြောင့်ပင်။ ကျွန်ုပ်တို့လမ်းထိပ် အိမ်တစ်အိမ်တွင် လွန်ခဲ့သော သုံးလခန့်က မီးဖွားပြီး နှစ်ရက်အကြာ သွေးအဆမတန်တက်ပြီး သေဆုံးသွားသော အမျိုးသမီးတစ်ဦး ရှိခဲ့၏။

ကျွန်ုပ်အိမ်သို့ ရောက်သောအခါ ဆရာကြီးလောင်ဖူးက အပေါ့သွားလိုကြောင်း ပြောသဖြင့် စက်ခန်းထဲရှိ အိမ်သာသို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးဖြစ်၏။ အိမ်သာမှအထွက်တွင် ဆရာကြီးက ပြော ပြန်၏။

"မောင်ရင်တို့လမ်းတင် မသန့်တာမဟုတ်ဘူး၊ မောင်ရင့် အိမ်လည်း မသန့်ပါလား"

သူ့စကားကြောင့် ကျွန်ုပ်၏နားတွင် စာပစ်သံများ၊ ဖဲ ကုလားဖန်ထိုးသံများ ကြားယောင်လာမိ၏။ ဆရာကြီးလောင်ရှူး သည် ပြောပြောဆိုဆို သူ၏လွယ်အိတ်အတွင်းမှ အနီရောင် ဆော့ပင်ကို ထုတ်ကာ စက်ခန်းနံရံများ၌ လေးထောင့်အင်းကွက် များချကာ အင်းဆံများ သွင်းပါ၏။ ပါးစပ်မှလည်း တတွတ်တွတ် ရွတ်နေ၏။ ကျွန်ုပ်တားဆီးရန်ပင် မေ့နေသည်။ သူလုပ်သမျှကို ငေးကြည့်နေမိ၏။

ကျွန်ုပ် သူ့အား အပေါ်ထပ်ဧည့်ခန်းတွင် ဧည့်ခံသည်။ သူသည် အပေါ်ထပ်အရောက်တွင် ဘုရားခန်းသို့ အရင်ဝင်ပြီး ဦးချသည်။ ကျွန်ုပ်က သူ့အား (သူ့အခေါ် ကော်ပီ)နှင့်မုန့် ချ ကျွေးသည်။ ဧည့်ခံသည်။ သူက ပြောလာသည်။

"မောင်ရင့်တို့အပေါ်ထပ်ကတော့ သန့်လိုက်တာ။ ဘုရားခန်းကလည်း ရှယ်ပဲ။ ကျုပ်ဘုရားခန်းထဲမှာ ဆရာတော် ကြီးတွေ ဖူးတွေ့ရတယ်"

ကျွန်ုပ် ဘာမှပြန်မပြောဖြစ်တော့။ ဆရာကြီးလောင်ဖူးနှင့်





မေမေတို့ စကားကောင်းနေကြသည်။ ဂမ္ဘီရသမားအချင်းချင်းပေ ကိုး။ ထိုစဉ် ရေကို သုတ်သုတ်ချိုးလိုက်သည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်အကြံအစည်နှင့် ကျွန်ုပ်။ ယမကာလုလင်တို့၏ သဘာဝ အတိုင်း နေညိုချိန် လေပြိုနေပြီ ဖြစ်၏။

ကျွန်ုပ် ရေချိုး၊ အဝတ်အစားလဲပြီး ဆရာကြီးတို့ စကား ဝိုင်းသို့ ဝင်လိုက်၏။ မကြာခင်မှာပင် ဆရာကြီးလောင်ဖူးက ပြန်မည့်အကြောင်း ပြောကာ မေမေ့အား နှုတ်ဆက်သည်။ ကျွန်ုပ် လည်း ဆရာကြီးအား လိုက်ပို့ဖြစ်သည်။ ဆရာကြီးပြန်မည့်လမ်း ကြောင်းနှင့် ကျွန်ုပ်သောက်နေကျ ယမကာဆိုင်လမ်းကြောင်းက တူသည်။ ယမကာဆိုင်သို့မရောက်မီ ဆရာကြီးလောင်ဖူးက စကား ဆိုသည်။ ကျွန်ုပ်မည်သို့မှ မထင်မှတ်သော စကား။

"မောင်ရင်လေး...ကျုပ်တို့ အရက်သောက်ကြရအောင် လား။ ကျုပ်မှာတော့ ပိုက်ဆံမပါဘူး။ မောင်ရင်လေး တိုက်ရမှာ"

"ဗျာ..."

ကျွန်ုပ်ထံမှ အာမေဍိတ်သံ ထွက်သွားသည်။ လောကီ ပညာရှင်၊ ဂမ္ဘီရပညာရှင်ထံမှ မမျှော်လင့်သော စကားကြောင့် လွန်စွာ အံ့သြသွား၏။ သူ့အား ဂမ္ဘီရပညာရှင့်ဟူသော အမြင်မှ စာရေးဆရာတစ်ဦးအဖြစ် အမြင်ပြောင်းလိုက်၏။

"သောက်လေ ဆရာကြီး။ ကျွန်တော်လည်း ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ပို့ပြီးရင် ဆိုင်ဝင်ဖို့ အစီအစဉ်ရှိပါတယ်''ဟု ပြောလိုက်၏။

□ □ □

ညသို့ဖြင့် ကျွန်ုပ်တို့သည် (၁၆)လမ်း၊ ဒါနား၏ ဆိုင်သို့ဝင်ဖြစ်၏။ ဒါနားက Customer ကောင်းတစ်ဦးဖြစ်သူ ကျွန်ုပ်အား အလုံးစုံ အဆင်ပြေအောင် စီစဉ်ပေးသည်။ ကျွန်ုပ်သည် သူ၏ဆိုင်တွင် အကြွေးလည်း သောက်၍ရ၏။ စာရေးပြီးယူခိုင်းလျှင်လည်း ယူခိုင်းသလောက် ပေးသည်။ သို့သော် သူနှင့် ကျွန်ုပ်သာသိသည့် စကားဝှက်တော့ စာတွင်ပါရန် အရေးကြီးသည်။ စကားဝှက်မပါလျှင်တော့ Sorry ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏နာမည်အား အလွဲသုံးစားပြု၍ သောက်သူများသောကြောင့်ပင်။

BE အရက်တစ်လုံး၊ အမြည်း သုံးပန်းကန် ချပေးသည်။ စာအကြောင်း၊ ပေအကြောင်း၊ ဂမ္ဘီရပညာရပ်အကြောင်း သောင်းပြောင်းထွေလာပြောရင်း ခွက်လှည့်သောက်ရာ တစ်နာရီခန့်အကြာတွင် အရက်တစ်လုံး ကုန်သွားပြီဖြစ်၏။ ကျွန်ုပ်၏ Limit လည်း ပြည့်သွားပေပြီ။ ညသည်က ကျွန်ုပ်၏ စံချိန်ပင်ဖြစ်၏။ သို့သော် ဆရာကြီးလောင်ဖူးက နောက်ထပ်တစ်လုံး ထပ်မှာသည်။ ကျွန်ုပ်အသက်က (၄၀)၊ သူ့အသက်က (၆၀)နီးပါး။ သူမနိုင်မှာစိုး၍





''ဆရာကြီး များမယ်နော်''ဟု သတိပေးသောအခါ သူက လက်ကာပြသည်။ စကားတပြောပြောနှင့် ဆက်လက်သောက်ဖြစ်၏။ ကျွန်ုပ် သူ့အတွက် စိုးရိမ်မိသည်။ ကျွန်ုပ်လည်း အတော်မူးနေပြီဖြစ်သည်။ ဝိုင်းသိမ်း၍ လူစုခွဲရန် အထတွင် သူက ပကတိအတိုင်းဖြစ်သော်လည်း ကျွန်ုပ်မှာမူ ဒယီးဒယိုင်။ သူက ပြော၏။

''မောင်ရင်လေးသာ အိမ်ရောက်အောင် ပြန်ပါ။ ကျုပ်အတွက် မစိုးရိမ်နဲ့။ ကျုပ်က အရက်သောက်တာ မဟုတ်ဘူး။ ရေသောက်ပြီး မောင်ရင်လေးနဲ့ စကားပြောတာပါ''

ဟု ပြောပြီး ကိုင်းကိုင်းနှင့် ထွက်သွားတော့၏။ ခြေလှမ်းတစ်ချက်မှ မပျက်။ ဒါနားက သူ့ဖောက်သည် ဆိုက်ကားသမားတစ်ဦးအား ခေါ်၍ ကျွန်ုပ်အား အိမ်ရောက်အောင် ပို့စေသည်။

□ □ □

ထိုညက ကျွန်ုပ် အိပ်မက်မက်သည်။ ပထမမက်သည့် အိပ်မက်တွင် ဦးစံငြိမ်းက ကျွန်ုပ်အား လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောသည်။

''ကောင်လေး...မင်း သိပ်ရက်စက်တယ်၊ ငါဟာ မင်းအဖေ ငါ့ဆရာကြီးခေါ်လို့ ရန်ကုန်လိုက်ခဲ့တဲ့ကောင်ကွ၊ ဆရာကြီးအမိန့်အတိုင်း မင်းအစ်ကိုတွေ၊ အစ်မတွေကို စောင့်ရှောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်းငယ်ငယ်ကလည်း စောင့်ရှောက်ခဲ့တာပဲ၊ ဆရာကြီး မရှိတော့ အိမ်ကိုပါ ငါစောင့်ရှောက်ခဲ့တယ်၊ ခုတော့ မင်းက ငါ့ကို အိမ်မှာမနေနိုင်အောင် လုပ်လိုက်ပြီ၊ ညနေက ဟိုတရုတ် အဘိုးကြီး ချခဲ့တဲ့အင်းက အင်းစောင့်တွေက ငါ့ကို အိမ်ထဲ အဝင်မခံကြဘူး။ ဒါပေမဲ့ ငါမကျွတ်သရွေ့ ဆရာကြီးအမိန့်အတိုင်း မင်းတို့ကို စောင့်ရှောက်နေဦးမှာပါကွာ"

ဟု ပြောပြီး ပျောက်ကွယ်သွားတော့၏။

ကျွန်ုပ်မွေးဖွားချိန်တွင် ဦးစံငြိမ်းကို မမီလိုက်သော်လည်း အိမ်တွင် ဦးစံငြိမ်း၏ ဓာတ်ပုံတစ်ပုံရှိသည့်အတွက် ဦးစံငြိမ်းမှန်း သိနေခြင်းဖြစ်၏။ ထိုဓာတ်ပုံကို အဖေသည် စာခုံအထက် နံရံတွင် ချိတ်ဆွဲထားခဲ့သည်။ ဆက်၍ မက်သည့်အိပ်မက်တွင်မူ အဘနီနှင့် အဘသင်။ အဘသင်သည် ကျွန်ုပ်ကို တွေတွေကြီး ကြည့်နေသည်။ အဘနီကမူ ကျွန်ုပ်အား ညှိုးငယ်သောမျက်နှာဖြင့်

"မောင်ဒွေး...မင်း အများကြီး မကောင်းဘူးကွာ။ တို့သွားရတော့မယ်"

ဟု ပြော၍ ပျောက်ကွယ်သွားတော့၏။

နံနက် အိပ်ရာနိုးသောအခါ ညက အိပ်မက်အား တွေး၍ လွန်စွာစိတ်မကောင်းဖြစ်နေစဉ် မိခင်ဖြစ်သူက လာရောက်ကြိမ်းမောင်းတော့၏။





"ဟော့ကောင်၊ မင်းဘာတွေ လျှောက်လုပ်ခဲ့သလဲ။ ခု မင်းအဖေတပည့် အိမ်မှာနေလို့ မရတော့ဘူး။ မင်းရဲ့ တရုတ်ကြီး အင်းချသွားတာ ငါသိတယ်၊ ငါလည်း ဒီအင်းကို ဖျက်လို့မရနဲ့၊ ဟိုကောင် စံငြိမ်း အိမ်ရှေ့တ သရက်ပင်ပေါ်ရောက်နေပြီ"

ဟု ပြောပြီး ထွက်သွား၏။ ကျွန်ုပ်မှာမူ ပါးစပ်အဟောင်းသား။ ထိုနေ့မှစ၍ အိမ်တွင် စာပစ်သံ၊ ဖဲကုလားဖန်ထိုးသံတို့ ယနေ့ထက်တိုင် မကြားရတော့။

❑ ❑ ❑

ရန်ကုန်မြို့ လသာလမ်းတစ်ဝိုက်၊ ဆူးလေလမ်းမကြီးနှင့် ပန်းဆိုးတန်းလမ်းကြားတွင် အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်သွယ်သယောင်ယောင်၊ အင်္ကျီဖြူလက်ရှည်ဝတ်ပြီး ညာလက်ကောက်ဝတ်၌ ကျောက်စိမ်းကိုးလုံးပုတီး စွပ်ထားသော လွယ်အိတ်လွယ်ထားသည့် ငွေရောင်ဆံပင်ရှည်၊ မုတ်ဆိတ်ဖြူ တရုတ်ကြီးတစ်ယောက်ကို မြင်တွေ့ရပါလျှင်...ဆရာကြီးလောင်ဇူးဟုသာ။


❑ ❑ ❑

နေပုည



www.burmeseclassic.com

www.burmeseclassic.com



# မင်းဘုန်းသိခ်ၤသူ
# မြို့အပြင်က ည

အရေပြားကို ဖောက်ထွင်းကာ ရိုးတွင်းခြင်ဆီထိတိုင်အောင် အေးစိမ့်လှသော ဆောင်းရာသီပေတကား။ ဖြတ်သန်းခဲ့ရသော ဆယ်စုနှစ်အတွင်း အအေးဆုံး ဆောင်းရက်များမှ တစ်ရက်ဖြစ်လိမ့်မည်။ အရေပြားနှင့် အရိုးတွေ ကွဲရှမည့် ဆောင်းရက်များပေတကား။





စားသွားပမာ စူးရှလှသော ဆောင်းလေသည် ဟူးဟူးလောင်လောင် တိုက်ခတ်နေလေ၏။ အဝေးပြေးလမ်းမကြီးတစ်ဖက်တစ်ချက်ရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များပင် စောစီးစွာကပင်ပိတ်သိမ်းသွားကြပြီ။ ညရှစ်နာရီခန့်ထိ ကြားနေရတတ်သော ဈေးခေါ်သံ၊ ဆိုက်ကားသံ၊ မြင်းလှည်းသံများလည်း စောစောစီးစီး ပိတ်သိမ်းသွားကြလေပြီ။

မြို့အပြင်ရှိ အဝေးပြေးကားလမ်းမကြီးဝဲယာရှိ သစ်ပင်ကြီးများသည် ဆောင်းရာသီအောက်တွင် တဖြည်းဖြည်း ထူထဲနက်ရှိုင်းလာကာ အမှောင်အောက်တွင် ငိုက်မျဉ်းနေကြသည်။ လမ်းဘေးတတ်မီးတိုင် ရှည်ရှည်ကိုင်းကိုင်းကြီးများသည် နီကျင်ကျင် မီးလုံးများဖြင့် အေးစက်စက် အမှောင်ထုကြားထဲမှ တစ္ဆေမျက်လုံးများပမာ ငေးငေးငူငူ စိုက်ကြည့်နေကြသည်မှာ အထီးကျန်ဆန်လွန်းလှသည်။ မြို့အဝင် ချောက်ကမ်းပါးထိပ်ပင် မီးရောင်မမြင်ရတော့။ ညသည် မှုန်ရီအေးစက်လျက်ရှိသည်။

သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာသက်မြင့်ဇော်သည် သူ၏ ကိုယ်ပိုင်ဆေးခန်းကလေးကို ည ၉ နာရီ မထိုးမီကပင် ပိတ်လိုက်ပြီဖြစ်သည်။

သူ၏ဆေးခန်းသည် မြို့အဝင်လမ်းမကြီးဘေးတွင်ရှိသဖြင့် လူဦးရေ မနည်းမများမို့ အဆင်ပြေသည်ဟု ဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ရေတစ်ကာယ လူပျိုကြီးဖြစ်သဖြင့် အစစအရာရာ ပူပန်နေစရာ မလို။ ဆေးခန်းနှင့်အိမ် တွဲဖက်ဖွင့်ထားသဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်လှသည်။ ဆေးခန်းကို အိမ်၏ ရှေ့တွင် တစ်ထပ်တိုက်ပုကလေးနှင့် တွဲ၍ဆောက်ထားသည်။ မြို့ကလေး၏ လူထုအတွက် သွားရောဂါနှင့် ပတ်သက်လာလျှင် ဒေါက်တာသက်မြင့်ဇော်ကို အားကိုးရလဖြင့် သူ့အဖို့ အဆင်ပြေသည် ပြောနိုင်ပါသည်။

ဒါပေမဲ့ သည်လိုကြောက်မက်ဖွယ် ကောင်းလှသော အအေးဒဏ် ပြင်းထန်လွန်းလှတဲ့ ညမှာ ဆေးခန်းကိုပိတ်ပြီး အနားယူလိုက်တာ အကောင်းဆုံးဟု သူထင်သည်။ ဆေးခန်းပိတ်ပြီး တစ်ခုခုစား၊ ရုပ်မြင်သံကြားအစီအစဉ် တစ်ခုခုကြည့်ပြီး ဇိမ်ကျကျ အိပ်စက်အနားယူမည်ဟု စိတ်ကူးလိုက်လေသည်။ ဒါမှမဟုတ် အခွေတစ်ခုခုပေါ့။

ဒေါက်တာသက်မြင့်ဇော်သည် ဆေးခန်းတံခါးကိုပိတ်၊ မီးတွေမှိတ်ကာ အိမ်ပေါ်သို့ တက်ခဲ့လေသည်။

သူသည် တစ်ယောက်တည်းသမားဖြစ်သည့်အတိုင်း ဆေးခန်းပိတ်ပြီးမှသာ ညစာကို စားလေ့စားထရှိရာ သည်ညတွင် အပြင်သို့ထွက်၍ စားသောက်လိုစိတ် မရှိတော့ပေ။ သည်အချိန်မှာတော့ မည်သည့်စားသောက်ဆိုင်မှ ရှိမည်မထင်။





ပြီးတော့ သည်မြို့ကလေး၏ အဝင်ဝမှာ စားသောက်ဆိုင်က ပေါများလှသည် မဟုတ်။ ထို့ကြောင့် ဝယ်ယူထားသော ကြက်ဥသုံးလုံးခန့်ကြော်၊ ကော်ဖီခါးခါးတစ်ခွက်ဖျော်၊ ပေါင်မုန့် မီးကင်ဖြင့်သာ ကျေနပ်ရပေတော့မည်။

သူ လေတစ်ချက် ချွန်လိုက်သည်။

ထို့နောက် လမ်းမကြီးနှင့် ဆက်ထားသော လှေကားထစ်အတိုင်း အိမ်ပေါ်သို့ စိတ်လက်ပေါ့ပါးစွာ ပြေးတက်လိုက်လေသည်။

ရုတ်တရက် ခပ်ဝေးဝေး အဝေးပြေးလမ်းမကြီးဆီမှ တရှူးကြမ်း မောင်းနှင်သွားသော ကုန်တင်ကားတစ်စီး၏ အသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

"တော်တော် ကြမ်းရမ်းတဲ့ ကားမောင်းသမားပဲ၊ တောက်…"

သူ မကျေမနပ် ရေရွတ်လိုက်သည်။

ကားမောင်းသမားသည် အရက်သေစာ သောက်စားထားသလား၊ ဒါမှမဟုတ် တခြားမြို့တစ်မြို့ဆီသို့ အချိန်မီရောက်အောင် သွားရမည်လား မပြောတတ်။ ကားကိုယ်ထည်ကို တပ်ဆင်ထားသော ကလီစာများပင် ပြုတ်ထွက်လွင့်စဉ်ကျမတတ်အောင် မောင်းနှင်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသက်မြင့်ဇော်သည် ကြက်ဥသုံးလုံးကို ကမန်းကတန်းကြော်၊ ပေါင်မုန့်ကို မီးကင်၊ ကော်ဖီကို ခပ်သွက်သွက်ဖျော်ကာ ဧည့်ခန်းဆီသို့ ယူလာသည်။ ထို့နောက် ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ တီဗွီခလုတ်ကို ဖွင့်လိုက်လေသည်။

"အားဟား...ဇိမ်ပဲကွာ"

❑ ❑ ❑

တံခါးကြား တရုတ်ကပ်မှန်ကြားမှ စိမ့်ဝင်လာသော လေသည် အသည်းခိုက်ဖွယ် အေးချမ်းလှသည်မို့ ဒေါက်တာသက်မြင့်ဇော် ဂျင်းအင်္ကျီကို ဝတ်လိုက်ရသည်။ ပြင်ပမှာဆို ရေပင်ခဲချင်ပြီလား မသိ။ အိမ်ထဲမှာ နေရသည်လျှင်ပင် အသားတွေ ပုံကြွေသွားမည်လားဟု ထင်မှတ်ရလောက်သော ဆောင်းရာသီပေတကား။

သည်လောက် ချမ်းအေးလှသော ဆောင်းကြောင့် ချက်ချင်းအိပ်ပျော်မည် မထင်။ ပြင်ပတွင် အသံဗလံများ လုံးဝတိတ်ဆိတ်သွားပေပြီ။ သူသည် ခေါင်မိုးပေါ်သို့ တဖြောက်ဖြောက်လာမှန်သော နှင်းစက်ကျသံကို နားထောင်ရင်း တီဗွီဖန်သားပြင်ပေါ်သို့ အာရုံကို ရွှေ့လိုက်မိသည်။

သက်မွန်မြင့်၏ အပြုံးနုနုသည် သူ့ဆီသို့ နူးညံ့စွာ ခုန်





ဆင်းလာသည်။ သူ အလိုလို ပြန်ပြုံးပြလိုက်သည်။

"အစ်ကိုရေ...ညဉ့်နက်ပြီ၊ မအိပ်သေးဘူးလား၊ မနက်ခရီးသွားဖို့"

သူ တစ်ခုခုပြန်ပြောမည်အပြု...

"ဒီလောက်အလုပ်ရှုပ်နေတာ အိပ်လို့မရသေးပါဘူး။ ဟာ...ရှုပ်တယ်ကွာ"

စိုင်းစိုင်းခမ်းလှိုင်၏ ကြားဖြတ်အိပ်ချင်မူးတူးအသံ။

"ကျုပ်ကတော့ မအိပ်နိုင်သေးဘူးဗျို့၊ ချမ်းချမ်းစီးစီးထဲမှာ၊ ပြီးတော့ ဘာမှမစားရသေးဘူး၊ ဆေးခန်းက စောစောကမှ ပိတ်တာ"

သူ ငေါ်တော့တော့ပြောရင်း ပေါင်မုန့်မီးကင် တစ်ကိုက် ကိုက်လိုက်သည်။ စောစောကပင် ပူပူကျက်ကျက် ဖျော်ထားသော ကော်ဖီခွက်သည် ဆောင်းအအေးဒဏ်ကြောင့် လျှင်မြန်စွာ အေးစက်စပြုလာပြီဖြစ်သည်။ ထို့နောက် ကြက်ဥကြော်တစ်ဖတ်ကို ခပ်မြုံ့မြုံ့ ဝါးလိုက်ပြီး တရုတ်ကပ်မှန်အပြင်မှ ဆောင်း ဥသီ ညရှုခင်းကို ကြည့်လိုက်မိသည်။

ပတ်ဝန်းကျင်တွင် လူသံ၊ ကားသံတွေ လုံးဝတိတ်ဆိတ်သွားပြီ ဖြစ်လေသည်။ ခပ်ဝေးဝေး လမ်းမီးတိုင်မှ ဝါကျင်ကျင် အလင်းရောင်သည် တဖွဲဖွဲကျနေသော နှင်းမှုန်ထုထဲသို့ ရွှေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လျက်ရှိဆဲပင်။ မီးရောင်က လှုမမာမျက်လုံးလို ဖျော့တော့လှသည်။

တဖြည်းဖြည်း အေးစက်စပြုလာသော နောက်ဆုံးကော်ဖီလက်ကျန်ကို ရှင်းလင်းရန် နှုတ်ခမ်းဆီသို့ တော့လိုက်သည်နှင့် ဆေးခန်းအပြင်မှနေကာ တံခါးမကြီးကို တဒေါက်ဒေါက် ခေါက်လိုက်သံကို ကြားလိုက်ရသည်။ သူ့ခန္ဓာကိုယ် ဆတ်ခနဲတွန့်သွားသည်။

သူ ကော်ဖီခွက်ကို အသာပြန်ချလိုက်ကာ တစ်ခုခု မေးမည်အပြု…

"ဒေါက်…ဒေါက်…ဒေါက်…"

တံခါးခေါက်သံ တိုးသဲ့သဲ့ ထွက်ပေါ်လာသည်။ သူ့စိတ်ထဲမှာ နည်းနည်းတော့ ကသိကအောက် ဖြစ်သွားသည်ကို ဝန်ခံလိုက်သည်။ ဆေးခန်းပိတ်ချိန်၊ ဆရာဝန်အနားယူချိန်၊ သည်လို ညကြီးမင်းကြီး အချိန်မှာ ရောက်လာသည့် လူနာမျိုး ကို ဘဝင်မကျချင်ပေ။

"ဒေါက်…ဒေါက်…ဒေါက်…"

ကျွန်းတံခါးဖြင့် ပြုလုပ်ထားသော ဆေးခန်းတံခါးမကြီးသည် တိတ်ဆိတ်နေသော ညဥ့်ယံတွင် ပိုမိုကျယ်လောင်စွာ မြည်သွားခဲ့သည်။ အသံလာရာဆီသို့ သူ့မျက်ဝန်းတွေက အလို





မကျေပန်ဖြင့် ရွေ့လျားသွားသည်။ ထိုင်ရာမှ လေးကန်စွာ မတ်တတ်ရပ်လိုက်သည်။

"ဟူး ··ချမ်းရတဲ့အထဲ"

မတ်တတ်ရပ်ရပ်ချင်းမှာပင် သူ၏ ဒူးခေါင်းနှစ်ဖက်စလုံး တုတ်ချောင်းတွေလို မာကျောတောင့်တင်းနေသည်ကို ခံစားလိုက်ရသည်။ ဒါ့ပေမဲ့ ဆရာဝန်ဆိုသော အသိတစ်ခုဖြင့် တံခါးမကြီးဆီသို့ ကြိုးစားပြီး လျှောက်လိုက်မိသည်။

ပြည်သူ့အကျိုးပြုဆရာဝန်။

ငါဟာ သွားအထူးကုဆရာဝန်··ဆရာဝန်··ဆရာဝန်··။

စိတ်ထဲမှ ရေရွတ်လိုက်သည်။

"ဆေးခန်းပိတ်နေပြီလေ၊ ဘယ်သူလဲဟင်"

သူ တံခါးချက်ကို ညင်သာစွာဖြုတ်ရင်း တံခါးကို တွန်းဖွင့်လိုက်သည်။ အနည်းငယ်ပွင့်သွားသော တံခါးတစ်ချပ်ကြားမှ ဟူးဟူးရှိုင်းရှိုင်း တိုးဝင်လာသော ဆောင်းလေကြမ်းသည် သူ့မျက်နှာကို တရကြမ်း ကုတ်ခြစ်သွားသည်။

"အား··ရက်ရက်စက်စက် အေးတာပဲကိုး"

သူ တစ်ချက်မျှ ညည်းညူလိုက်ပြီး အနောက်ဘက်သို့ ခန္ဓာကိုယ် ယိမ်းယိုင်သွားသေးသည်။ ထို့နောက် အမှောင်ထု သိပ်သည်းရာ အပြင်ဘက်သို့ စောင်းငဲ့ကြည့်ရှုလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ် ထူထဲသိပ်သည်းနေသော အမှောင်ထုအောက်တွင် ပုရစ်အော်သံသာ ကြားနေရ၏။

အပြင်တွင် မည်သူမှ မရှိချေ။ သိပ်သည်းသော အမှောင်ထုသာ လွှမ်းမိုးနေဆဲဖြစ်သည်။ သူ နည်းနည်းအံ့ဩသွားသည်။ တစ်ယောက်ယောက် နောက်ပြောင်သွားတာလား မသိ။ ဒီလိုကြမ်းရှတဲ့ ရာသီဥတုအမှောင်အောက်မှ ဘယ်သူမှ နောက်ပြောင်မည် မထင်။ ဒီအချိန်မှာ နောက်ပြောင်စရာကိစ္စလား။

အဝေးပြေးလမ်းမကြီးပေါ်မှာလည်း မည်သူမျှ မရှိချေ။ လူတို့ စွန့်ပစ်သွားသော စားကြွင်းစားကျန်များကို လိုက်လံရှာဖွေစားသောက်တတ်သည့် အမွေးဖြူစုတ်စုတ် ခွေးပိန်ကလေးပင် တစ်နေရာရာမှာ ခွေနေလောက်ပြီ။ လမ်းမကြီးကတော့ ဧရာမမြွေကြီးတစ်ကောင်လို ငြိမ်သက်လဲလျောင်းနေဆဲ။

သူ နည်းနည်းတော့ စိတ်ကသိကအောက် ဖြစ်သွားသည်။ ထို့ကြောင့် တံခါးပြန်ပိတ်ကာ အိမ်ပေါ် ပြန်တက်လာသည်။

သို့သော် ထိုင်ခုံပေါ် ထိုင်ခါစရှိသေးသည်။ လာပြန်ချေပြီ။

"ဒေါက်...ဒေါက်...ဒေါက်..."

သူ ရုတ်တရက် စိတ်တိုသွားပြီ။

"တံခါး ခဏခဏ ခေါက်နေတာ၊ နောက်ပြောင်စရာ





မဟုတ်ဘူးဟေ့"

သူ ဆတ်ခနဲ ထလိုက်သည်။ တံခါးပေါက်ဆီသို့ လျှင်မြန်စွာ လျှောက်သွားလေသည်။

သွားမခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲနေသူပဲ ဖြစ်ရမည်။

အမြှင်ကို ခေါင်းပြူကာ ကြည့်လိုက်သည်။ အပြင်ဘက်တွင် တိတ်ဆိတ်မှုက စိုးမိုးနေဆဲ။ ဘယ်သူမှ မရှိချေ။ သူ့ရင်ထဲမှာ ဖြန်းခနဲ ကြက်သီးထသွားသည်။ နည်းနည်းတော့ သံသယဖြစ်သွားသည်။ စိတ်ထဲက ကြားယောင်နေသည့် တံခါးခေါက်သံလား။

"တံခါးခေါက်နေတာ ဘယ်သူလဲ"

ဆောင်းလေတစ်ချက် သုတ်ခနဲ ဝှေ့တိုက်လိုက်ရာ ဆတ်ခနဲ တွန့်သွားသည်။ ဆေးခန်းရှေ့ ရေတမာပင်ဆီမှ သစ်ရွက်လေတိုးသံ တရှဲရှဲမြည်နေသည်။ သူ အပြင်မီးတစ်လုံး ဖွင့်လိုက်ပြီး ဟိုဟိုသည်သည် ရှာဖွေကြည့်သေးသည်။

ရုတ်တရက် သူ့မျက်လုံးများက ဆေးခန်းရှေ့ တံခါးရွက်အစွန်းတွင် အပြာရောင်လွှင်လွှင် အရာဝတ္ထုကလေးကို တွေ့လိုက်ရသည်။ အံ့ဩသွားသည်။

အပြာရောင် ခွာမြင့်ဖိနပ်ကလေးတစ်ဖက်။

သူ သေသေချာချာ ငုံ့ကြည့်လိုက်သည်။ ဖနောင့်သိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပြတ်နေသော မိန်းမစီး ခွာမြင့်ဖိနပ်လှလှကလေးတစ်ဖက်သာ ဖိနပ်ကလေးကိုကြည့်ပြီး သူ့အတွေးတွေ ယောက်ယက်ခတ်သွား သည်။ ဖိနပ်ပြတ်ကလေးက ဘာဖြစ်လို့ ပြတ်သွားရတာလဲ အင်း…ဖိနပ်ကလေး လှပသလောက် ပိုင်ရှင်ကောင်မလေးက လည်း လှပရမည်ပေါ့။ ဩော်…ကောင်မလေးရယ်။

အချိန်မတော် သူ့ဆေးခန်းရှေ့ရောက်လာသော ဖိနပ်ပြတ် ကလေးက သူ့ကို မေးခွန်းတွေဖြင့် ချုပ်နှောင်လိုက်ပြီထင်သည်။ ဖိနပ်ကလေးက အကောင်းအသစ်ကလေးပါ။ ပြုပြင်လိုက်လျှင် လုံးဝကောင်းသွားမည့် ဖိနပ်ကလေးပဲ။ ဖိနပ်ပိုင်ရှင်ကောင်မလေး ဘယ်မှာလဲ။

တံခါးကိုခေါက်၊ ဖိနပ်ပစ်ချ၊ ထွက်ပြေးသွားလျှင်ပင် ခြေသံတော့ ကြားရမည်။ ခုတော့ ပတ်ဝန်းကျင်သည် ကမ္ဘာပျက် တစ်ခုလို ချောက်ချားဖွယ် ငြိမ်သက်နေခဲ့သည်။ ဒါပေမဲ့ ဖိနပ် ကလေးကို တုတ်တစ်ချောင်းဖြင့် ကောက်ယူကာ တံခါးကြားခု အသာချထားလိုက်သည်။ ပိုင်ရှင်မလာခင် အနားယူပေဦးပေါ့ ဖိနပ်ကလေးရေ။

တံခါးခေါက်သံနှင့်အတူ ရောက်လာသော ခွာမြင့်ဖိနပ် အပြာကလေးတစ်ရန်ကို သူ မေ့လိုက်ကာ ထိုညက နှစ်ခြိုက်စွာ အိပ်ပျော်အောင် ကြိုးစားလိုက်မိသည်။





ဒါပေမဲ့…။

❑ ❑ ❑

သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခါစပင် ရှိသေးသည်။

"ဒေါက်…ဒေါက်…ဒေါက်…"

တံခါးခေါက်သံ၊ တစ်စုံတစ်ယောက် တံခါးလာခေါက် သဖြင့် အိပ်ရာမှ သူ လန့်နိုးသွားသည်။ စောင်ကိုခွာ၊ ခုတင်ပေါ်မှ ချက်ချင်းထကာ ဆေးခန်းတံခါးပေါက်ဆီသို့ လျှောက်လာပြီး တံခါးကို ဖွင့်လိုက်သည်။

"ဘယ်သူလဲ"

ညကား အေးချမ်းလှသည်။ ထူထဲစေးပျစ်လှသော ဆောင်းညချမ်းထဲသို့ မေးရိုက်သံဖြင့် မေးလိုက်ခြင်းဖြစ်သည်။ သူ့အသံက လေထုထဲသို့ ခက်ထန်စွာ စိုက်ဝင်သွားခဲ့သည်။

"ဘယ်သူလဲလို့ မေးနေတယ်လေ"

တစ်ဖက်မှ ပြန်ထူးသံ မကြားသဖြင့် စိတ်မရှည်စွာဖြင့် ထပ်မေးလိုက်ပြန်သည်။

"ကျွန်မပါရှင်၊ ဒုက္ခရောက်လာလို့ အကူအညီတောင်း တာပါ"

သူ ဘယ်လိုမှ မျှော်လင့်မထားသည့် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏အသံ။ အမှောင်ထုကြားမှ တုန်ယင်စွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

သည်လို ညဉ့်နက်သန်းခေါင် အေးစိမ့်လှသည့်ညမှာ ကောင်မလေးတစ်ယောက်၏အသံကို ကြားရလိမ့်မည်ဟု မထင်ခဲ့ချေ။ ဘာပဲဖြစ်ဖြစ် သူဟာ ဆရာဝန်တစ်ယောက်ပဲ မဟုတ်လား။ ပြည်သူ့ဘက်က ရပ်တည်ရမည်။

အသံလာရာ အမှောင်ထုထဲသို့ သူ ထိတ်ထိတ်ပျာပျာ လှမ်းကြည့်လိုက်သည်။ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက်သည် ဆေးခန်းရှေ့ ဂိုးတံခါးအလင်းအောက်တွင် ရပ်နေလေသည်။ ဆောင်းလေက တဟူးဟူးတိုက်ခတ်နေဆဲ။

ကောင်မလေး၏ အကြည့်ထဲတွင် တောင်းပန်တိုးလျှိုးဟန်အကြည့်တစ်ခုက သူ့ရင်ထဲသို့တိုင် ဖောက်ဝင်သွားဟန်ရှိသည်။

"ဒုက္ခရောက်လာလို့ ကူညီပါရှင်၊ ဆရာရယ် စိတ်မဆိုးပါနဲ့"

ကောင်မလေး၏ နှုတ်ခမ်းဖူးဖူးကလေး လှုပ်သွားသည်။ အသနားခံဟန် အသံက ပြင်းရှသော ဆောင်းလေပြည်ထဲသို့ လွင့်စဉ်သွားလေသည်။ အရပ်မြင့်မြင့်၊ ဖြူဖြူသွယ်သွယ်





ကောင်မလေးသည် အလင်းရိပ်ရှိရာ ဆေးခန်းတံခါးဝဆီသို့ တရွေ့ရွေ့ ခြေလှမ်းများဖြင့် တိုးကပ်လာသည်။ သူမ တိုးဝင်လာပုံမှာ အိပ်မက်ဆန်လှပါသည်။

သည်လောက်လှပသည့် ကောင်မလေးရဲ့ တောင်းပန်မှုကို ဘယ်သူငြင်းဆိုရဲမှာလဲ။ ကောင်မလေးက ဆေးခန်းဆိုင်းဘုတ်ဆောင်းရှိ သူ့နာမည်တပ်ထားသော ဆိုင်းဘုတ်နာမည်ကို လှမ်းကြည့်လိုက်သည်။ ကောင်မလေးသည် မဝံ့မရဲခြေလှမ်းများဖြင့် လေးကန်စွာ ရွေ့လိုက်သည်။

ကောင်မလေး၏ မျက်နှာတွင် ထူးခြားမှုတစ်ခု ရှိနေသည်ဟု သူ ခံစားမိသည်။ ကြောက်ရွံ့မှုလား၊ ကြေကွဲမှုလား၊ ကောင်မလေး၏ အသံမှာ တစ်ခုခု ငြိမ်းနေသည်ထင်သည်။

ဒါပေမဲ့ သည်လိုအချိန်ကြီးမှာ သူ ဆေးကုချင်စိတ်မရှိပါ။

"မနက်မှ လာခဲ့ပါလားကွယ်၊ ခု… ဆေးခန်းပိတ်ထားတယ်လေ"

သည်လိုအချိန်မှာ မိန်းကလေးတစ်ယောက်တည်းကို ဆေးခန်းထဲမှာ ဆေးကုစမ်းသပ်ဖို့ဆိုတာ မဝံ့မရဲနိုင်လှပါသည်။ အသက်အန္တရာယ် မစိုးရိမ်ရဘူးဆိုလျှင် မနက်မိုးလင်းမှလာလျှင် ပိုကောင်းလိမ့်မည်။ ကောင်မလေးမှာ ကိုင်ထားသော လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဝါအပြာလေးဖြင့် နှုတ်ခမ်းတစ်ချက် သုတ်သည်။

"မနက် မလာနိုင်လို့ပါ ဆရာရယ်၊ ဩော်…ဆရာ၊ ကျွန်မကို ကူညီပါနော်"

ကောင်မလေး၏အသံက ဆောင်းလေထုထဲမှာ တိုးတိတ်စွာ ခြောက်သွေ့နေသည်။ ဘာပဲဖြစ်ဖြစ် သူ့နှလုံးခုန်သံသည် ချက်ချင်းနှုန်းညှိသွားတာကိုတော့ ဝန်ခံလိုပါသည်။

သူ ရက်ရက်စက်စက် ငြင်းဆန်လိုက်ဖို့ မကောင်းလှပါဘူး။ အမှန်အတိုင်း ဝန်ခံရလျှင် ဆရာဝန်တစ်ယောက်ရဲ့ နှလုံးသားဟာ ဝေဒနာရှင်တစ်ယောက်ရဲ့ အကူအညီကို ငြင်းဆန်ဖို့ မမာကျောလှပါဘူး။ (အထူးသဖြင့်) သည်လိုချောချောလှလှ ကောင်မလေးဆိုရင်ပေါ့။

"ပြောလေ…သွားက ဘာဖြစ်တာလဲ၊ သွားက တော်တော်ကိုက်နေတာလား"

ကောင်မလေးမျက်နှာပေါ်မှာ အပြုံးရိပ်သဲ့သဲ့ ရုတ်တရက်ပေါ်လာပြီး ပြန်ပျောက်သွားသည်။ ကောင်မလေး တစ်ချက်ညည်းညူလိုက်လေသလား။

"ဟို…ဟိုမှာ…ကျွန်မ ဖိနပ်ပြတ်…ပြတ်သွားလို့ပါ ဆရာရယ်၊ အဲ…အဲဒါ…"

"ဗျာ"





မယုံကြည်နိုင်စွာဖြင့် ကောင်မလေးကို ငေးကြည့်လိုက်မိသည်။ ကောင်မလေးရေ…နောက်နေတာလား၊ နောက်နေတာ မဟုတ်ပါဘူးနော်။

ကောင်မလေးက သူ့ကို အားနာရှက်ရွံ့ဟန်ဖြင့် လှမ်းကြည့်လိုက်တော့ သူ့စိတ်ထဲမှာ ကသိကအောက် ဖြစ်သွားသည်။ ကောင်မလေးမျက်နှာကတော့ ချက်ချင်းဖြူဖပ်ဖြူရော် ဖြစ်သွားသည်ထင်သည်။ ကြည့်စမ်း…ဆရာဝန်တစ်ယောက်ကို ဖိနပ်ပြတ်လို့ အကူအညီတောင်းသတဲ့။ ခြသေ့ကို ပလာတာကျွေးသလို ဖြစ်နေမလားဗျာ။ ခက်တာပဲနော်။

"ကျွန်တော် ဖိနပ်မချုပ်တတ်ဘူး၊ ပြင်လည်း မပြင်တတ်ဘူးဗျ"

"ကူညီပါ ဆရာရယ်၊ ဟောဒီဖိနပ်ကလေး တော်တော်ကို ဒုက္ခပေးလွန်းတယ်"

သူတစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချပြီး ဖိနပ်ပြဿနာကို ရှင်းလင်းဖြေရှင်းရန် တံခါးတစ်ချပ်ကို ခပ်ကျယ်ကျယ် ဖွင့်လိုက်ပါသည်။

"ကဲ…လာ…အထဲဝင်၊ ခက်ပဲခက်ရချည်ရဲ့၊ ဆရာဝန်က ဖိနပ်ပြင်ပေးရတယ်လို့"

ကောင်မလေးက ချက်ချင်းမဝင်သေးပေ။ ဆေးခန်းဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်အောက် မီးရောင်မှိန်မှိန်အောက်မှာ ရပ်တန့်နေသည်။ ကောင်မလေးကို အကဲခတ်လှမ်းကြည့်လိုက်တော့ မျက်နှာအမူအရာ ပြောင်းနေပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည်ထင်သည်။ ကောင်မလေးကို အထဲဝင်ရန် ဆက်မခေါ်တော့ဘဲ တူနှင့်သံယူရန် အိမ်ပေါ်တက်မည် စိတ်ကူးလိုက်သည်။

"ဘယ်မှာလဲ…မင်းရဲ့ဖိနပ်"

ဆေးခန်းတံခါးဝမှာ ရပ်နေသော ကောင်မလေး၏ အထဲဝင်ဖို့ အားနာနေဟန်ရှိသည်။ သူ ဆေးခန်းမီးချောင်းတစ်ချောင်း ဖွင့်လိုက်သည်။ ဖြူလင်းသော မီးအလင်းအောက်တွင် ကောင်မလေး၏ ဖြူဖပ်ဖြူရော်မျက်နှာကို တွေ့လိုက်ရသည်။ ထိုအရာသည် သေချာမှုတစ်ရပ်ဖြစ်သည်။

ထိုအချိန်တွင် ကောင်မလေးသည် အပြာရောင်ထဘီအနားစကလေးကို ခြေသလုံးသားကလေးပေါ်အောင် အပေါ်သို့ဆွဲတင်သည်။ ထို့နောက် သူမ စီးလာသော အပြာရောင် ခွာမြင့်ဖိနပ်ကလေးကို မီးရောင်တွင် သေသေချာချာ ကြည့်နေသည်ကို သူ သေသေချာချာ မြင်လိုက်ရသည်။ သူ့အသက်ရှူမှုဆိုင်ရာ ခန္ဓာကိုယ်တွင်းရှိ ယန္တရားများ ရုတ်တရက် ရပ်ဆိုင်းသွားသည်။

◻ ◻ ◻





"ဟင်"

အံ့သြတုန်လှုပ်မှုဖြင့် သူ့တစ်ကိုယ်လုံးရှိ ခွန်အားများ ယိုစီးထွက်သွားသလို ခံစားလိုက်ရသည်။ သူ၏ နှလုံးခုန်သံသည် မာကျောသော ကြမ်းပြင်နှင့် အရာဝတ္ထုတစ်ခု ထိတွေ့လိုက်သကဲ့သို့ ကျယ်လောင်သွားလေသည်။

ကောင်မလေး၏ အပြာရောင်ခွာမြင့် ဖိနပ်ပြတ်ကလေး စွပ်ထားသော ခြေထောက်သည် ဒူးအောက်နေရာမှ တွဲလောင်းကြီးဖြစ်နေပြီး အရိုးဖြူဖြူကြီး ငေါထွက်နေခြင်းပင်တည်း။ ခြေဖဝါးတစ်ဖက် ပြတ်လုပြတ်ခင်ဖြစ်ကာ တွဲလောင်းကျနေခြင်းကို သူ သေသေချာချာ မြင်လိုက်ရသည်။

"ဘုရား…ဘုရား…ကောင်မလေးရဲ့ ခြေထောက်ကြီးက ပြတ်လုပြတ်တဲကြီးပါလား၊ ဘယ်လိုဖြစ်ရတာလဲ"

သူ တီးတိုးရေရွတ်လိုက်မိသည်။

ထိုအချိန်တွင် ကောင်မလေးသည် ခြေဖနောင့်ကွင်းပြုတ်နေသော ခွာမြင့်ဖိနပ်ကလေးကို ခြေထောက်မှဖြုတ်ပြီး ဖြစ်နေသည်။

"တော်တော်ဒုက္ခပေးတဲ့ဖိနပ်၊ ဒင်းကြောင့် ဒုက္ခရောက်ရတာ"

တစ်ယောက်တည်း ညည်းညည်းညူညူပြောရင်း ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို သမံတလင်းကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေ၏။ ဖိနပ်ကို ဒေါသထွက်နေပုံရသည်။

သူ ကောင်မလေးဖိနပ်ကို မဝံ့မရဲ ပြန်ကြည့်လိုက်ပြန်သည်။

သူ့ရင် ဖြန်းခနဲတစ်ချက်ခုန်သွားကာ မျက်လုံးပြူးသွားသည်။

'ဘယ်လိုလဲဟ' ဟု ရေရွတ်ကာ ခြေထောက်ကို ခပ်သေချာချာ ပြန်ကြည့်လိုက်မိပြန်သည်။

ဘယ်မှာလဲ၊ စောစောက သူမြင်လိုက်ရတာ ခြေထောက်တွဲလောင်းပြတ်ကြီးပါ။ ခု...ဘယ်ရောက်သွားပြန်ပြီလဲ၊ စောစောက ခြေထောက်က ပြတ်နေတာလေ။

ခု...သူမြင်နေရသည်က လှပသည့် ခြေခုံမို့မို့ ဖြူဖြူဖောင်းဖောင်းနှင့် ခြေနှစ်ဖက် စုံစုံလင်လင်ပါပဲ။ ခြေခုံမို့မို့ကလေးသည် မီးရောင်အောက်တွင် ခြေဖျားကလေးထောက်ထားပုံမှာ ပန်းပုရုပ်ကလေးနှင့်တူသည်။

သူ သက်ပြင်းရှည်ကြီးကို မသက်မသာချလိုက်မိသည်။

အင်း...ငါ အမြင်မှားတာပဲ၊ ဒီလိုပဲ ဖြစ်တတ်တာပဲလေ။ ယုန်ထင်ကြောင်ထင်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ငါကိုယ်တိုင် အိပ်ချင်မူးတူးဖြစ်နေတာကိုး။ နဂိုကလည်း မျက်စိမကောင်းတာ။





ကောင်မလေးကို ထားခဲ့ပြီး သူ အိမ်ပေါ်ပြန်တက်ကာ တူတစ်ချောင်းနှင့် သံအနည်းငယ်ယူကာ ချက်ချင်းပြန်ဆင်းလာသည်။

"ပေး...ပေး...ပြတ်နေတဲ့နေရာကို သံနှင့်ရိုက်လိုက်ရင် ယာယီတော့ စီးလို့ရမှာပါ၊ ဖိနပ်အသစ်ကြီးပဲ၊ နှမြောစရာကြီး၊ မင်းကလည်း ဖိနပ်အကောင်းကို ပြတ်အောင် စီးရတယ်လို့"

ဖိနပ်ပြတ်ကလေးကို သူ ဆွဲယူလိုက်ပြီး သံနှင့် ရိုက်ပေးလိုက်သည်။ ကောင်မလေး၏ ဖြူဖပ်ဖြူရော်မျက်နှာကလေးဆီမှ အားနာဟန်အပြုံးငွေ့ငွေ့ကို တွေ့လိုက်ရတော့ သူ နည်းနည်းပျော်သွားသည်။

အဲ...သွားဆရာဝန်တစ်ယောက်က ကိုယ်နဲ့ ဘယ်လိုမှ မသိကျွမ်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဖိနပ်ကို ပယ်ပယ်နယ်နယ် ကိုင်ပြီး တူတစ်ချောင်းနဲ့ သံရိုက်ပေးနေရတာ နည်းနည်းတော့ အူကြောင်ကြောင်နိုင်လှမယ် ထင်ပါတယ်။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ သိပ်ဒုက္ခပေးတဲ့ ဖိနပ်၊ ဒင်းကြောင့် ဒင်းကြောင့်..."

ကောင်မလေးက သူ့ဖိနပ်ကလေးကို ဖျတ်ခနဲ ကောက်စွပ်လိုက်ပါသည်။ ခြေထောက်ဖြူဖြူကလေးနှင့် ဖိနပ်က သိပ်လိုက်တာပဲဟု သူပြောလိုက်မည်ပြုစဉ် ကောင်မလေးသည် တံခါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်လှပ်ထားသော ဆေးခန်းဝဆီသို့ လျှင်မြန်စွာ ရောက်ရှိသွားသည်။ သူကတော့ ကောင်မလေး၏ 'ကျေးဇူးတင်လိုက်တာ ဆရာရယ်' ဟူသော စကားအပြင် နောက်ထပ် တစ်စုံတစ်ခု ပြောလိမ့်ဦးမည်အထင်ဖြင့် နှုတ်ခမ်းထူထူဖောင်းဖောင်းကလေးကို စိုက်ကြည့်လိုက်သေးသည်။ ဒါပေမဲ့ ကောင်မလေးထံမှ မည်သည့်တုံ့ပြန်ချက်မှ ထွက်ပေါ်မလာချေ။ ထို့နောက် ကောင်မလေးသည် သူ ရပ်တန့်နေမောနေရာဆီသို့ တစ်ချက်ကလေးမှ ငဲ့စောင်းမကြည့်တော့ဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။

သူ ကောင်မလေး ထွက်သွားရာဆီသို့ သိလိုသဖြင့် တံခါးဝသို့ လျှင်မြန်သော ခြေလှမ်းများဖြင့် ခပ်သွက်သွက် လျှောက်သွားမိသည်။ သို့သော် မည်သည့်အရပ်ဒေသသို့ ထွက်သွားမှန်း မသိနိုင်လောက်အောင် ကောင်မလေး၏ ခြေလှမ်းများက လျှင်မြန်လှချေသည်တကား။

ကောင်မလေးသည် သူမကို အကူအညီပေးခဲ့သည့်ေ ကို ပင် နောက်သို့ တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ အမှော င် ဟူးဟူးရှိန်းရှိန်းထဲသို့ ဝင်ရောက်ပျောက်သွားခြင်းဖြစ်သည်။

မြင်ကွင်းထဲမှ ကောင်မလေး ပျောက်ကွယ်သွားမှ သက်ပြင်းတစ်ချက် ချလိုက်မိပြီး တံခါးရွက်ကို ကိုင်လိုက်သည်။ ကောင်မလေးနာမည်ကို မမေးလိုက်မိ၍ နောင်တရနေသေးသည်။





သူ တံခါးကို သေသေချာချာပိတ်လိုက်ပြီး ပယောင်းဆန်စွာ သူ့မျက်မှောက်မှ ပျောက်ကွယ်သွားသော ကောင်မလေး အကြောင်းကို စဉ်းစားနေဆဲမှာပင် ကြမ်းပေါ်တွင် ကျကျန်နေသော အရာတစ်ခုကို မြင်လိုက်ရပါသည်။

မိန်းမသုံး လက်ကိုင်ပဝါ အပြာရောင်လေးတစ်ထည်။

"ဩ... ဟိုကောင်မလေး ကျကျန်ရစ်တာပဲ"

သူ ဆတ်ခနဲ ကောက်ယူလိုက်မိသည်။ လက်ကိုင်ပဝါဆီမှ အကောင်းစား ရေမွှေးရနံ့ကို သင်းသင်းကလေး ရလိုက်၏။

"လက်ကိုင်ပဝါ ကျန်ရစ်ခဲ့လို့ မင်းကလေး လှည့်ပြန်လာဦးမလား"

သူ တီးတိုးရေရွတ်လိုက်သည်။

သူ လက်ကိုင်ပဝါကလေးကို ကောက်ကိုင်ကာ လမ်းမဘက်ဆီသို့ ထွက်လိုက်သည်။ ညသည် နက်မှောင်ကာ ပတ်ဝန်းကျင်သည် အေးခဲတိတ်ဆိတ်လျက်ရှိဆဲ။ ကောင်းကင်မှာ လခြမ်းစိမ်းစိမ်းရေးရေးကလေး ရှိနေသေးသည်။ သူ့အာရုံထဲတွင် အလျှင်အမြန် ပြေးထွက်သွားသော ကောင်မလေး၏ ပုံရိပ်ကို မြင်နေပြီး လက်ကိုင်ပဝါကိုကိုင်လျက် တွေဝေနေမိသည်။ ကောင်မလေး၏ အရိပ်အယောင် လုံးဝမတွေ့ရတော့။

သူ အိမ်ထဲပြန်ဝင်ရန် ဆုံးဖြတ်လိုက်သည်။ ဒါပေမဲ့

www.burmeseclassic.com



လက်ကိုင်ပဝါလေးကိုတော့ ကောင်မလေး ပြန်လာလျှင် တွေ့လို တွေ့ငြား ဆေးခန်းရှေ့ ယုနေပန်းချုံပေါ်တွင် မြင်သာထင်သာ တွေ့သာအောင် တင်ထားလိုက်သည်။ ထို့နောက် အိမ်ထဲပြန်ဝင်ရန် တံခါးပေါက်ကို ခပ်ဖွဖွ တွန်းဖွင့်လိုက်စဉ်မှာပင် ဆူဆူညံညံ အသံများကြောင့် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားရသည်။

သူ အိပ်မက်မက်နေတာပဲ။ ဟုတ်တယ်၊ ဆောင်းအိပ်မက်။ ကယောက်ကယက်အိပ်မက်။

ညအိပ်ရာဝင်ခါနီး တံခါးခေါက်သံနှင့်အတူ မြင်လိုက်ရသော နှာမြင့်ဖိနပ်ကလေးတစ်ဖက်ကြောင့် သူ့စိတ်က စွဲလမ်းပြီး အိပ်မက် မက်တာပဲဟု တွေးလိုက်လေသည်။

□ □ □

အိပ်ရာထဲမှာ ဆက်၍မှိန်းနေချင်သေးသော်လည်း ရပ်တန့်သွားခြင်း မရှိသော ဆူဆူညံညံအသံများကြောင့် အိပ်ရာမှ မ ထချင်ဘဲ သူ ထလိုက်ရပါသည်။

လမ်းမပေါ်တွင် အလင်းရောင် စူးစူးရှရှပင် နေရာယူနေပြီကော။ သူ့ခုတင်ခေါင်းရင်းရှိ ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး အသံကြားရာဆီသို့ လှမ်းကြည့်လိုက်ရာ လမ်းမပေါ်မှာ လူတွေ ဟိုတစ်စု သည်တစ်စုကို တွေ့လိုက်ရသည်။ တချို့က တီးတိုး





ပြောနေကြသည်။

လူတွေ စုစုဝေးဝေးနဲ့ ဘာဖြစ်နေကြပါလိမ့်။

သူ အသာငြိမ်ပြီး နားစွင့်လိုက်မိသည်။

"သနားစရာကွာ၊ လှလှပပကောင်မလေးကိုမှ ကားက ကြိတ်ပြီး ပြေးရတယ်လို့"

သူ့ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ခါသွားသည်။ မျက်မှောင်တစ်ချက် ကြုတ်လိုက်မိသည်။ သံသယတစ်ခုဖြင့် သူ့အတွေးက တစ်နေရာဆီသို့ လွင့်စဉ်သွားသည်။

"ဟုတ်တယ်နော်၊ ဘာမှကြီးကြီးကျယ်ကျယ် ဒဏ်ရာမရဘဲနဲ့ သွေးလွန်ပြီး သေရတာ၊ မသေသင့်ဘဲ သေရတာပါဗျာ၊ နှမြောစရာပဲ"

သူ မျက်နှာတစ်ချက် ပျက်သွားသည်။ သူ့မျက်ဝန်းများသည် သံသယစိတ်ဖြင့် မှုန်မှိုင်းအေးစက်သွားခဲ့သည်။

"ဘုရား...ဘုရား...ဝတ်စုံအပြာနဲ့ ကောင်မလေး မဖြစ်ပါစေနဲ့"

လူအုပ်ထဲမှ တစ်ယောက်က...

"ခြေထောက်ကို ကြိတ်မိပြီး လမ်းဘေးမှာ သတိမေ့လဲကျပြီး ကယ်သူမရှိ သွေးလွန်ပြီး သေရတာဖြစ်မှာ၊ ကောင်မလေးက ဝတ်စုံအပြာကလေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် လန့်ဖျပ်ကာ အိမ်အောက်သို့ ပြေးဆင်းလိုက်သည်။ လမ်းမပေါ်တွင် လူအုပ်က တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုနေကြဆဲ။

လူအုပ်ထဲမှ သူနှင့်ရင်းနှီးသော လူတစ်ယောက်ကို အူယားဖားယား မေးလိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲဗျ"

ညကဗျာ မိန်းကလေးတစ်ယောက်ကို ကုန်ကားတစ်စီးက တိုက်သွားတယ်လို့ ပြောကြတယ်၊ တရကြမ်းမောင်းသွားတဲ့ကားတစ်စီးတဲ့ဗျ၊ ခြေထောက်ကို ကြိတ်မိသွားတာလေ၊ ညက မှောင်ကလည်းမှောင်၊ ချမ်းကလည်းချမ်းဆိုတော့ လူနေအိမ်တွေနဲ့ ဝေးတော့ ဘယ်သူမှ ထွက်မကြည့်ကြဘူး၊ အော်သံက တချို့လည်း ရုပ်ရှင်ထဲကအသံ၊ တီဗွီထဲကအသံတွေနဲ့ရောပြီး ဂရုမပြုမိကြတာပါ။ တစ်ညလုံး အေးလိုက်တာဗျာ။ ဆရာသိတဲ့အတိုင်းပဲ အအေးမိသွေးလွန်ပြီး လမ်းဘေးချုံပုတ်ထဲမှာ သေသွားတာနေမှာပါ။ ဆရာ ဆရာ သွားကြည့်ပါလား၊ အလောင်းကို ရဲတွေစစ်နေကြပြီ၊ ကောင်မလေးက ချောချောလေးပါဗျာ"

"နေပါဦး၊ ကလေးမလေးက ဘာအင်္ကျီဝတ်ထားတာလဲ"

"အပြာရောင်ဝမ်းဆက်ကလေးဗျာ၊ ညဘက်ညည့်ခံပွဲတစ်ခုက ပြန်လာတာ ထင်ပါရဲ့၊ အင်း... ခွာမြင့်ဖိနပ်အပြာကလေး





တစ်ဖက် ပြုတ်နေတယ်၊ သနားပါတယ်ဗျာ"

သူ့ရင်ထဲမှာ ကြောက်မက်ဖွယ် လျှပ်တစ်ခု လှုပ်သွားသည်။ သူ ကောင်မလေး လဲကျရာနေဆီသို့ ဘယ်လိုရောက်ရှိသွားသည်ကိုပင် မသိလိုက်။ အပြာရောင်ဝတ်စုံနှင့် ကောင်မလေးသည် လမ်းဘေးမြက်ပင်ရှည်ကြီးများကြားတွင် အင်္ဂလိပ်အက္ခရာ "S" ပုံသဏ္ဌာန် လဲကျနေသည်။ ညာဘက်ခြေထောက်တစ်ဖက်မှာ ကားကြိတ်ဒဏ်ရာကြောင့် ကြေမွနေပြီး ပြတ်လုပြတ်ခင် ဖြစ်နေသည်။ ဖိနပ်ကလေးကတော့ ဖနောင့်ကြီးပြုတ်ကာ ခြေထောက်မှ ကျွတ်ကျနေသည်။

"ကောင်မလေးရယ်... ဖြစ်မှဖြစ်ရလေ"

ဒါဟာ အံ့သြဖွယ်တိုက်ဆိုင်မှုပဲလား။ လောကမှာ ဒီလိုဖြစ်ရပ်မျိုးတွေ ရှိတတ်သလား။ ဒါ... ညက အိပ်မက် မက်ခဲ့တဲ့ ကောင်မလေးပဲပေါ့။ ဒါဖြင့် ညက သူ အိပ်မက် မမက်ခင် တံခါးခေါက်သံနှင့်အတူ ရောက်လာတဲ့ ဖိနပ်ကလေးကရော။ တံခါးကြားမှာ ညှပ်ထားတဲ့ ဖိနပ်ကလေးပေါ့။

ဒေါက်တာ သက်မြင့်ဇော် ဆေးခန်းသို့ ပြန်လာသည်။ တံခါးကြားတွင် ညှပ်ထားသည့် ဖိနပ်ကလေး မရှိတော့ပါ။ အား... ဘာတွေဖြစ်ကုန်ပြီလဲ။ ဒါဟာ အိပ်မက်လား၊ တိုက်ဆိုင်မှုလား၊ တကယ့်ဖြစ်ရပ်မှန်လား။ ကဲ... ဘယ်လိုဆုံးဖြတ်ကြမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပန်းချီပေါ်တင်ကျန်ရစ်ခဲ့သည့် ကောင်မလေး၏ လက်ကိုင်ပဝါကို ရုတ်တရက် သတိရလိုက်သည်။ ဆေးခန်းအပြင်သို့ လျှင်မြန်စွာ သူထွက်ကြည့်လိုက်သည်။

ဘုရားရေ...

အပြာရောင်လက်ကိုင်ပဝါလေးက ဆောင်းလေနှင့်အတူ တရွေ့ရွေ့လွင့်ကာ လမ်းတစ်ဖက် ချောက်ကမ်းပါးဆီသို့ လွင့်ပါးနေပြီကော။ ပတ်ဝန်းကျင်မှာတော့ နှင်းတွေကို နေရောင်ခြည်က ဝါးမျိုစပြုကာ မြို့ကလေးပေါ်သို့ ခုန်ချနေပေပြီ။

ချောက်ကမ်းပါး၏ထိပ်သို့ လေအဟုန်ဖြင့် လွင့်ပါးနေသော အပြာရောင်လက်ကိုင်ပဝါလေးကို နှမြောတသစွာ ငေးကြည့်နေမိသည်။ ထိုစဉ် ကုန်တင်ကားတစ်စီး အဟုန်ပြင်းစွာ ဖြတ်မောင်းသွားသည်။ ကား၏ လေအဟုန်ဖြင့်ပင် လက်ကိုင်ပဝါကလေးသည် ချောက်ကမ်းပါးအောက်သို့ လွင့်စဉ်ကျသွားတော့သည်၊ လက်ကိုင်ပဝါလေးကို လက်ဝယ်ရရှိဖို့ အခွင့်အရေး ရပါတော့မလား။

သူ ချောက်ကမ်းပါးထိပ်သို့ လျှင်မြန်စွာ ပြေးလိုက်သည်၊ လက်ရန်းကိုကိုင်ရင်း ချောက်ကမ်းပါးအောက်သို့ ငုံ့ကြည့်လိုက်သည်။ လေတိုးသံ တဝေါဝေါ မြည်နေသည်။

အပြာရောင်လက်ကိုင်ပဝါကလေးသည် မပျံသန်းတတ်






သော ငှက်ကလေးတစ်ကောင်ပမာ တရွေ့ရွေ့ နိမ့်ဆင်းဝဲပျံကာ တောင်နံရံနှင့် တိုက်ကာရိုက်ကာ အောက်ခြေသို့ ကျဆင်းနေသည်။ ထို့နောက် မြင်ကွင်းထဲမှ ပျောက်သွားလေသည်။

သူ့ရင်ထဲမှာ ကွက်လပ်ကြီးတစ်ခုလို လစ်ဟာသွားခဲ့ရပြီ။

မြို့အပြင်ဘက် အဝေးပြေးလမ်းမဟာ ပုပ်သိုးနေသည့် နာကျင်ကြေကွဲဖွယ် စိတ္တဇအိပ်မက်တွေကို ပွေ့ပိုက်ရင်း အိပ်စက်နေဆဲ..

□ □ □

မင်းဘုန်းသိခ်သူ





www.burmeseclassic.com

www.burmeseclassic.com



# မင်းဘုန်းသိခ်သူ

# လူနှစ်ယောက် စက်ဘီးတစ်စီး သုသာန်ရှေ့ဆောင်းတစ်ည

ဆောင်းခါးခါးညချမ်း ။ ညသည် တိတ်ဆိတ်မှုန်ရီ အေးစက်။ မားသွားလို စူးရှအေးစက်သော နှင်းထုသည် နှင်းစက်တွေ လက်ကျန်မရှိလောက်အောင် ညမှာ ကောင်းကင်ပေါ်မှ သွန်ကြဲနေလေသည်။ နောက်တစ်နေ့ နှင်းတွေ ဖြာဝေဖို့ နှင်းစက် လက်ကျန်မှ ရှိပါသေးရဲ့လား။ နှင်းတွေက တဖွဲဖွဲ ဆွေကျနေသည်။ လေမတိုက်သော်လည်း အသည်းခိုက်မတတ် ချမ်းလှစွာသော





ဆောင်းညရက် ဖြစ်ပေသည်။

ဆောင်း၏ အအေးဒဏ်ကို ကာကွယ်သည့်အနေဖြင့် လူတွေ နေအိမ်ထဲသို့ ဝင်ရောက်ကာ အနားယူနေကြပြီ။ လမ်းမကြီးတစ်လျှောက် လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်တွေပင် စောစီးစွာ သိမ်းဆည်းတံခါးပိတ်ကြပေပြီ။ ကားလမ်းမကြီးပေါ်တွင်သာ အချိန်လွန် ကားတစ်စီးတလေ၊ ဆိုက်ကားအချို့သာ ဖြတ်သွားဖြတ်လာရှိသည်။ သို့မဟုတ် အိမ်အပြန်နောက်ကျလေ့ရှိသော အလည်လွန် အမူးသမားအချို့သာ ရှိမည်။

ဆောင်းကား အရိုးကျေကွဲမတတ် အေးစက်လှသော မညှာမတာဆောင်း ဖြစ်လေသည်။ ချမ်းလွန်းသောကြောင့် အမူးသမားအုပ်စုပင် ခါတိုင်းရက်တွေလို သီချင်းအော်မဆိုနိုင်တော့။ အသံပျောက်ကာ ငြိမ်သက်နေပြီ။ ညဉ့်နက်သန်းခေါင်အထိ လမ်းဘေးအုတ်ခုံမှာ ဂစ်တာဝိုင်းဖွဲ့လေ့ရှိသော ကောင်လေးတွေလည်း အိမ်ပေါ်တက်သွားကြပြီ။ အိမ်တွေ မီးမှိတ်ကုန်ကြပြီ။

ထိုအချိန်တွင် ဈေးဆိုင်ကလေးကို ရုတ်တရက် မသိမ်းဆည်းနိုင်သေးဘဲ ဝင်ငွေ၊ ထွက်ငွေစာရင်းတွေနှင့် အလုပ်ရှုပ်နေသော ဆိုင်ရှင်တစ်ယောက်တော့ ရှိလေသည်။ ထိုသူသည် အနည်းငယ် အလှမ်းဝေးသောနေရာမှ လာရောက်ဆိုင်ဖွင့်သူ ဖြစ်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဇော်သည် ဝါးခနဲ တစ်ချက်သမ်းဝေကာ နံရံမှာ တိုင်ကပ်ချိတ်ထားသော နာရီကို ကြည့်လိုက်သည်။ ည(၁၁)နာရီ တိတိရှိပြီ။ အိမ်ပြန်မှ ဖြစ်တော့မည်။ ဆိုင်တံခါးကတော့ (၉)နာရီ လောက်ကပင် ပိတ်ပြီးသွားပေပြီ။ ညက မှုန်ရီတိတ်ဆိတ်လျက်။

သူ၏ဆိုင်သည် တိုလီမိုလီ အတိုအထွာ အိမ်သုံးပစ္စည်း ရောင်းသောဆိုင် ဖြစ်လေသည်။ အပ်မှအစ အိမ်မိုးသွပ်ပြားအထိ ရောင်းချသော သံထည်ဆိုင် ဖြစ်လေ၏။ ဆိုင်နှင့် နေအိမ်မှာ မှတ်တိုင်သုံးတိုင်ခန့်သာ ဝေးသဖြင့် ညဉ့်နက်ခါမှ ဆိုင်ကို အေး အေးလူလူ ပိတ်သိမ်းလေ့ရှိပြီး စက်ဘီးကလေးနှင့် ပြန်လာလေ့ ရှိသည်မှာ နိစ္စဓူဝပင်။ သူ အိမ်ပြန်ချိန်သည် လမ်းပေါ်တွင် လူမရှိသလောက်ပင်။

သည်နေ့တော့ ဆောင်းက ရက်ရက်စက်စက် အေးလှ သည်။ မိုးတိမ်ညွန့်တွေပင် အေးခဲကာ ကောင်းကင်မှ ပြုတ်ကျ မတတ်။ အရိုးကွဲမတတ် ဆောင်းခါးခါးညများ။

ည ၈ နာရီခန့်ကပင် လမ်းမတွေပေါ်မှာ လူတွေ တိတ် ဆိတ်လျက်ရှိ၏။ ကိုမြင့်ဇော်သည် စက်ဘီးကလေးဖြင့် ခပ်မှန်မှန် နင်းလာသည်။ သူ၏ ဆိုင်သည် အရှေ့မြင်းပြိုင်ကွင်းဘက်မှာ ရှိသဖြင့် ကြက်ဂိတ်ခေါ် သံထည်ပစ္စည်း ရောင်းချသော ဆိုင်တွေ ရှေ့မှာ နေ့စဉ် ဖြတ်သန်းရခြင်းဖြစ်သည်။ ထို့နောက် တာမွေ





သုသာန်သို့ ဖြတ်သန်းရသည်။ အမှန်အတိုင်း ဝန်ခံရလျှင် မဖြတ် ချင်ဘဲ ညစဉ် ဖြတ်သန်းနေရသည်။

နှစ်ပေါင်းများစွာ ညတိုင်းလိုလို ဆိုင်တံခါးပိတ်ပြီး သင်္ချိုင်းရှေ့ရှိ လမ်းမကြီးကို ဖြတ်ပြန်နေရတာကြာတော့ ရိုးသွား သည်။ သင်္ချိုင်းနှင့်ပတ်သက်၍ လူပြောသူပြော များခဲ့သော တစ္ဆေဇာတ်လမ်းများသည် ကြာတော့ ယုံတမ်းပုံပြင်များ ဖြစ်သွား လေသည်။ ညအခါ သင်္ချိုင်းထဲမှ ထွက်လာတတ်သော ကျတ် တစ္ဆေများ၊ မုန့်လုစားတတ်သော မှင်စာကလေးများအကြောင်း၊ သင်္ချိုင်းတွင်းရှိ ထန်းပင်ပေါ်သို့ တက်သွားသော ပြိုင်မြင်း တစ်ကောင်၏ ဖြစ်ရပ်၊ ကလေးတစ်ယောက်နီးပါး ကြီးမားသော ရေမ ဖားကြီးများအကြောင်းသည် ကြာတော့ ရိုးအီသွားလေသည်။

ကိုမြင့်ဇော်သည် သင်္ချိုင်းနှင့် ပတ်သက်သည့် ဒဏ္ဍာရီ လာ ပါးစပ်ပုံပြင်များသည် သုသာန်ရှေ့လမ်းမကြီးမှ ညမှောင် မှောင် ဖြတ်သန်းသွားတိုင်း ဦးနှောက်ထဲမှ ချက်ချင်းဖယ်ထုတ်ပစ် လိုက်ရတတ်သည်။

သူသည် လေကလေးချွန်ကာ ရှည်လျားတိတ်ဆိတ်သော လမ်းမကြီးပေါ်တွင် စက်ဘီးကလေးကို အဖော်ပြုလျက် တစ်ယောက် တည်း နင်းလာစဉ် သင်္ချိုင်းတံခါးဝသို့ ရောက်သောအခါ လမ်းမီး များ ရုတ်တရက် ပြတ်တောက်သွားလေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကိုရပ်ရင်း ဒိုင်နမိုခလုတ်ကလေးကို ဖွင့်ပြီး စက်ဘီးပေါ် ပြန်တက်လိုက်လေသည်။ လမ်းမီးပျက်သော်လည်း အိမ်အချို့ဆီမှ အလင်းရောင်တချို့တစ်ဝက်ကြောင့် တိတ်ဆိတ်နေသော လမ်းမကြီးမှာ မှိန်ပျပျ မြင်နေရပါသေးသည်။ သည်လိုသချိုင်းရှေ့မှ ဖြတ်လေတိုင်း သူ ရွတ်လေ့ရွတ်ထရှိသော ဂါထာလေးတစ်ပုဒ်ကို သတိရမိသော်လည်း မရွတ်မိသေး။ ထိုဂါထာသည် 'သုဝဏ္ဏဘူမိ ဂန္တွာန' အစချီသော မကောင်းဆိုးဝါးပြေး ဂါထာပင်ဖြစ်သည်။ သူငယ်ရွယ်စဉ်က အဖွားဖြစ်သူနှင့် အတူတူအိပ်စက်စဉ် အဖွားဖြစ်သူက နှုတ်တိုက်ချပေးသော ဂါထာတစ်ပုဒ် ဖြစ်ပေရာ ထိုဂါထာကို စိတ်အနှောင့်အယှက်ဖြစ်စရာကြုံတိုင်း၊ ကြောက်လန့်စရာကြုံတိုင်း ရွတ်ဆိုလေ့ရှိသည်။ ယခု ထိုဂါထာကို ရွတ်ဆိုရန် မေ့လျော့နေခဲ့သည်။ စိတ်လှုပ်ရှားလျှင် သည်လို ဖြစ်တတ်သည် မဟုတ်ပါလား။

စက်ဘီးကို ခပ်သွက်သွက်ကလေး နင်းလိုက်သော သချိုင်းရှေ့(ယခုအခါ တာမွေအခွန်လွတ်ဈေးရှေ့)သို့ ရောက်လာသည်။ ထိုနေရာတွင် ကုက္ကိုပင်ကြီးများဖြင့် အုံ့ဆိုင်းဝေဆာနေတတ်သည်။ ထိုအပင်တန်းကြီးများကို ကျော်လွန်လျှင် အိုးစုရပ်ကွက်၊ ရွှေဗဟို ရုပ်ရှင်ရုံရှေ့တို့ကို ရောက်ရှိမည်ဖြစ်သည်။ ထိုအချိန်တွင် မိမိနေအိမ်ရောက်ဖို့ ခရီးတစ်ဝက် ကျိုးသွားပြီ မဟုတ်လား။





သူ၏ စက်ဘီးကလေး ကုက္ကိုပင်ကြီးအောက်သို့ ရောက်သောအခါ ရင်ထဲမှာ ဖြန်းခနဲ အေးစက်တုန်ခါသွားသည်။ ဆောင်း၏ အအေးဓာတ်ကြောင့်လား၊ ဒါမှမဟုတ် တစ်ခါတစ်ရံ တိုက်ခတ်လိုက်သော လေပြည်တစ်ချက်ကြောင့်လား။ ရင်ထဲမှာ အမျိုးအမည်မသိသော ဝေဒနာတစ်ရပ် ဖျတ်ခနဲ ဝင်လာခြင်းဖြစ်သည်။ သူသည် ဆိုက်ကိုတင်းကာ စက်ဘီးခြေနင်းကို တစ်ချက် နှစ်ချက် ဖိ၍နင်းလိုက်စဉ်မှာပင် နောက်ကျောဘက်ဆီမှ တဖျတ်ဖျတ် ပြေးလိုက်လာသော ခပ်ကျယ်ကျယ် ခြေသံတစ်စုံကို ကြားလိုက်ရပါသည်။

ပြေးလိုက်လာသော ခြေသံသည် သူနှင့် မျှော်မြန်စွာ နီးကပ်လာလေသည်။

❑ ❑ ❑

သူ့ရင်တစ်ခုလုံး ဒိန်းခနဲ တုန်ခါသွားပြီး အသိစိတ်နှင့် ခန္ဓာကိုယ် ကင်းကွာသွားသလို လန့်ဖျပ်သွားမိခြင်းဖြစ်သည့် ကြောက်လန့်မှုမျိုးဖြစ်သည်။ လမ်းမကြီးတစ်ခုလုံး တိတ်ဆိတ်နေပြီး ဖြတ်သွားဖြတ်လာ လူတစ်ယောက် ကားတစ်စီးတလေမင် မရှိချေ။ ထို့ကြောင့် ပို၍အားငယ်သွားရသည်။ သည်အချိန်မှာ လူတစ်ယောက်ယောက် အနားမှာ အဖော်ရှိလျှင် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်လေမလဲ။ အခုမှ အဖော်ကောင်းကို သတိရမိသည်။

ယောသည်သချိုင်းရှေ့လမ်းမကြီးပေါ်မှာ နှစ်ပေါင်းများစွာ သူဖြတ်သန်း လျှောက်လှမ်းခဲ့ဖူးပြီ။ တစ်ကြိမ်မျှ ထိုကဲ့သို့ တုန်လှုပ်ကြောက်လန့်မှုမျိုး မဖြစ်ပေါ်ဘူးပေ။ ရုတ်တရက်ဆိုသလိုပင် ရင်ထဲမှ ဖြစ်ပေါ်လာသော ကြောက်စိတ်အစိုင်အခဲတစ်ခုကြောင့် သစ်ပင်ကြီးများသည် အမှောင်ထုအောက်တွင် ကြောက်မက်ဖွယ်ရာ သတ္တဝါအကောင်အမျိုးမျိုး၏ အဆင်းသဏ္ဌာန်အဖြစ်သို့ ကူးပြောင်းသွားလေသည်။

အဖော်…ခရီးသွားဖော်။ တစ်ယောက်လောက်ရှိရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။ အဖော်တစ်ယောက်ကို လိုလားမွတ်သိပ်စွာ တောင်းတလိုက်မိသည်။ သည်လိုအချိန်မှာ တော်ရုံတန်ရုံ သတ္တိကြောင့် သူ့တစ်ယောက်အဖို့ ဆောင်း၏ ပြင်းထန်သော အအေးဒဏ်နှင့် ကြောက်လန့်မှုဒဏ်တို့ကြောင့်ပင် ချက်ချင်းနှလုံးသွေးရပ်၊ မျက်ဖြူလန်ကာ သေဆုံးသွားနိုင်သည်။ ဒါပေမဲ့ သူ သချိုင်းရှေ့လမ်းမကြီးမှ နေ့စဉ် ဖြတ်သန်းနေရဆဲပင်။

မကြာမီ သူ၏ လိုလားတောင့်တမှု ပြည့်ဝသွားသည်ဟု ပြောရမည်။ သူ၏နောက်သို့ ကောင်လေးတစ်ယောက် ပြေးလိုက်လာသောကြောင့်ပင်။ ထိုကောင်လေးသည် ကုက္ကိုပင်အောက်မှ ထွက်လာခြင်းဖြစ်သည်။ ကောင်လေး ဘယ်လိုများ သစ်ပင်





အောက်က ထွက်လာပါလိမ့်။ သူ ချက်ချင်း စက်ဘီးကို ရပ်လိုက်သည်။

ကောင်လေးကိုတွေ့တော့ သူ တော်တော်ပျော်ရွှင်သွားသည်။ ထိတ်လန့်စိတ်တွေ ချက်ချင်းပြေပျောက်သွားမိသည်။ ကျေးဇူးပဲ ကောင်လေးရေ၊ နို့မို့ဆို ငါတစ်ယောက်တည်း လန့်ဖျပ်သွေးခဲပြီး သေတော့မှာကွဲ့။ ကောင်လေးသည် ပိန်ပိန်ပါးပါး အသားဖြူဖြူ အသက် ၁၃ နှစ်ခန့်ရှိမည် ခန့်မှန်းရပြီး သူ့ဆီသို့ ဝမ်းသာအားရ ပြေးလိုက်လာခြင်းဖြစ်သည်။ ခြေသံက သူနှင့် နီးကပ်သွားသည်။ ကောင်လေးသည် မောဟိုက်သံဖြင့်…

"အစ်ကိုကြီး…ခဏနေပါဦး"

"ဘာကိစ္စလဲကွ"

ကောင်လေးသည် သူ့ထံသို့ အရောက်အမီ ပြေးလာရသဖြင့် တော်တော်မောနေပုံရသည်။ ကောင်လေးကို တွေ့လိုက်ရသဖြင့် သူလည်း အားတက်ကာ ကြောက်စိတ်တွေ ပြေသွားသည်ကို ဖန်ခံရပေမည်။ ပထမတော့ ချမ်းအေးလွန်းလှသဖြင့် သူ့နောက်မှ ခြေသံသည် တစ္ဆေတစ်ကောင်၏ ခြေသံဟု ထင်လိုက်သေးသည်မဟုတ်လား။ ကြားဖူးနားဝဖြစ်နေသော သူသာန်ထဲက တစ္ဆေတစ်ကောင်ကို ရုတ်တရက် တွေ့လိုက်ရပြီဟု ကြောက်လန့်တကြား တွေးတောမိလိုက်သော သူ့အဖြစ်ကို ကောင်လေးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရမှ ရယ်ချင်သလိုလို ဖြစ်မိသွားသည်။ (ဒါပေမဲ့ သူ၏ အမြစ်အပျက်က ရုတ်တရက် ခြောက်လှန့်ပြီး ပျောက်ကွယ်သွားသော သရဲဘစ္ဆေကို မြင်လိုက်ရသည့် ခံစားမှုထက် အဆပေါင်းများစွာ ဆိုးဝါးသည့် အဖြစ်အပျက် ဖြစ်နေရလေသည်။)

□ □ □

"ကျွန်တော် အစ်ကိုကြီးနဲ့ ခရီးကြုံလိုက်ပါရစေခင်ဗျာ၊ လမ်းလျှောက်ရတာ ဝေးတဲ့အပြင် မှောင်ကလည်းမှောင်၊ ချမ်းလိုက်တာလည်း လွန်ပါရောခင်ဗျာ၊ ကျွန်တော့်ကို သနားရင် ခေါ်သွားပါဗျာ၊ ကျွန်တော် လိုက်ပါရစေနော်…နော်"

ဟူ၍ ခခယယ ချွဲချွဲပျစ်ပျစ် တောင်းပန်လေသည်။ အသားအရေ ဖြူဖပ်ဖြူရော်နှင့် လူငယ်ကလေးသည် အပေါ်အင်္ကျီလက်တို အဖြူကလေးနှင့်ဖြစ်ပြီး ဆောင်း၏အအေးဒဏ်ကို အံမတုနိုင်ရှာဘဲ တဆတ်ဆတ်တုန်ခိုက်နေပုံမှာ သနား…ယ် ကောင်းလှသည်။ ကောင်ကလေး၏ ဖြစ်အင်ကိုကြည့်ပြီး ‌ဉမြင့်ဇော် ကရုဏာ ဖြစ်မိသွားသည်။ ဘာပဲဖြစ်ဖြစ် ကောင်လေးကို သူ လမ်းကြုံခေါ်သွားနိုင်သည်။ ကောင်ကလေးရှိ၍ သူ့အတွက် အဖော်ကောင်းတစ်ယောက် ရသည် မဟုတ်လား။ သည်အတွက် အပန်းမကြီးပေ။





ထိုအချိန်တွင် လျှပ်စစ်မီးတွေ ပြန်လာသည်။ လမ်းမီးတိုင်တွေ ပြန်လင်းလာပေသည်။ ကောင်လေးသည် ရုတ်တရက် လင်းလာသော မီးရောင်တွေကို ထိတ်ထိတ်ပျာပျာ ကြည့်သည်။

"နေပါဦး ကောင်လေးရ…ငါက သြဘာလမ်းမှာ ဆင်းမှာဆိုတော့ ဒီဗညားဒလလမ်းအတိုင်း သွားမှာကွ၊ မင်းက ဘယ်မှာဆင်းမှာလဲ"

ကောင်လေး မျက်နှာဝင်းလက်သွားသည်။ ရှေ့သို့ တစ်လှမ်းတိုးသည်။

"ဟာ…အတော်ပဲ အစ်ကိုကြီးရာ၊ ကျွန်တော် ကျောက်မြောင်းဈေးထိပ်က မလွကုန်းလမ်းမှာ ဆင်းမှာပါ၊ ဒီကနေ သိပ်မဝေးတော့ဘူးလေ၊ မှတ်တိုင်သုံးတိုင်စာလောက်ပဲ ရှိတော့မှာပါခင်ဗျာ၊ ကျွန်တော် လိုက်ပါရစေနော်၊ ချမ်းလွန်းလို့ပါဗျာ၊ လူကလည်း ပြတ်နေပြီ၊ ချမ်းတာနဲ့တင် ကျွန်တော် သေလိမ့်မယ်ထင်ပါရဲ့ဗျာ"

ကိုမြင့်ဇော် ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။ ကောင်လေးပြောတာ မှန်သည်။

"သြော်…ခေါ်သွားပါမယ်ကွာ၊ ကဲ…နောက်ကယ်ရီခုံမှာထိုင်၊ အဲဒီမှာ ငါ့အစ်မအတွက် ဝက်သားခေါက်ဆွဲကြော် ချိတ်ထားတယ်၊ မင်း ကိုင်လာခဲ့ပေါ့၊ မင်းဆင်းမယ့်နေရာရောက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြန်ချိတ်ထားလိုက်၊ ကဲ…တက်တော့၊ ချမ်းလိုက်တာကွာ ကြည့်စမ်း လူတွေတောင် ချမ်းလွန်းလို့ အပြင်မထွက်နိုင်တာဘဲ ကြည့်တော့၊ ကဲ…တက်''

''ဟုတ်တယ်ဗျ၊ ဟင်း…ဟင်း…ဟင်း…အရိုးကွဲမတတ်ပဲ၊ ဟင်း…ဟင်း…ဟင်း''

ကိုမြင့်ဇော်သည် တာမွေသချိုင်းရှေ့ ကုက္ကိုပင်ကြီးအောက်မှ ကောင်လေးကို နောက်ကယ်ရီယာမှနေကာ တင်၍ခေါ်လာခဲ့ပေသည်။

❑ ❑ ❑

ထိုစဉ် သူတို့နှင့် မျက်နှာချင်းဆိုင်မှ ယိမ်းခါမြည်ဟည်းသော ကိုယ်ထည်ကြီးဖြင့် ကုန်တင်လော်လီကားကြီးတစ်စီး ဖြတ်မောင်းသွားသည်။ ထိုမော်တော်ကားကြီးသည် ပြင်းထန်သော အရှိန်ဖြင့် မောင်းနှင်လာရာမှ ရှေ့ကိုက်အနည်းငယ်တွင် 'ကျွီ' ဂနဲ ကျယ်လောင်စွာ ဘရိတ်အုပ် ထိုးရပ်သွားသည်။ ထို့နောက် ကားခေါင်းထဲမှ လူတစ်ယောက် ခေါင်းပြူထွက်လာပြီး ထိတ်ထိတ်ပျာပျာ မျက်နှာအမူအရာဖြင့် သူတို့ကို လှမ်းကြည့်နေသည်ကိုတော့ ကိုမြင့်ဇော် မမြင်လိုက်ပေ။ ဒါပေမဲ့ လော်လီကားကြီး ရုတ်တရက် ထိုးရပ်သွားသံကိုတော့ ကိုမြင့်ဇော် ကြားလိုက်သော်





လည်း လှည့်မကြည့်မိ။ ဒါကလည်း အရေးတော့ သိပ်မကြီးပါ။

ကိုမြင့်ဇော်သည် ရွှေဗဟို ရုပ်ရှင်ရုံဘေးမှ လမ်းအတိုင်း စက်ဘီးကလေးကို အေးအေးလူလူ နှင်းလာလေသည်။ ထိုအချိန်တွင် ကောင်လေးက သူ၏ခါးကို နောက်မှသိုင်းဖက်လိုက်သည်ကို သတိပြုမိလိုက်ရသည်။ သူ့တစ်ကိုယ်လုံးရှိ သွေးကြောများ ရုပ်တန့်အေးခဲသွားမတတ် ကြက်သီးတွေ တဖျန်းဖျန်းထသွားသည်ကို ခံစားလိုက်ရသည်။ ထို့ကြောင့် 'အမယ်လေး' ဟုလန့်အော်မတတ် ဖြစ်သွားသော်လည်း သူ မအော်လိုက်မိ။ ဒါဘာ◌ိလိုဖြစ်တာလဲ၊ ကောင်လေးတစ်ယောက် ခါးကို သိမ်းဖက်လိုက်သည်နှင့် ဒီလောက်အထိ ရင်တွေခုန်၊ လက်ဖျားခြေဖျားအေးစက်ဖို့အထိ မကောင်းလှပါဘူး။ ကောင်မလေးတစ်ယောက်ဆိုရင် တစ်မျိုးပေါ့။ ကောင်မလေးတစ်ယောက်ဆိုရင်…ဟင်း…ဟင်း…ဟင်း…အချမ်းတောင်ပြေနိုင်သည်။

ရွှေဗဟို ရုပ်ရှင်ရုံကို ကျော်လာသောအခါ ညသည် ပိုမို၍ အေးစက်မှုန်ရီစွာ နှုတ်ဆက်လေတော့သည်။ ဈေးဆိုင်တွေ ပိတ်ကြပြီ။ ဒါပေမဲ့ အချို့ဆိုင်တွေဆီမှ မီးရောင်လက်လက်ကို ကွက်တိကွက်ကျား မြင်နေရပါသေးသည်။

အေးခဲသော နှင်းရိုင်းလေကို ထိုးခွဲကာ စက်ဘီးကလေးက ပြေးလွှားနေလေသည်။ လမ်းမကြီးသည် အသက်မဲ့◌ိသလို



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေဆဲ။ ကောင်းကင်ပေါ်မှ ကန့်လန့်ဖြတ် ပျံသန်းသွားနေသော ခွေးလေခွေးလွင့်အုပ်စုသာ ရှိမနေဘူးဆိုပါလျှင် တစ်လောကလုံးမှာ သူနှင့် ကောင်လေးသာ ရှိနေပါလိမ့်မည်။ မိုးတိမ်တွေက အထီးကျန်စွာ ရွေ့လျားနေသည်။

သည်လိုနှင့် ဗညားဒလလမ်းဆုံသို့ ရောက်လာလေသည်။ ရုတ်တရက် ပုပ်အဲ့အဲ့အနံ့တစ်ခုက နှာခေါင်းထဲသို့ တိုးဝင်လာသည်။

ထိုအချိန်တွင် စက်ဘီးကယ်ရီမှထိုင်၍ လိုက်ပါလာသော ကောင်လေး၏ လက်တစ်ဖက်က သူ့ခါးကို ပိုမိုတင်းကြပ်စွာ ဖျစ်ညှစ်လိုက်သည်ကို ခံစားလိုက်ရသည်။ လက်ဖျားဆီမှ အေးစက်စက်အထိအတွေ့က အသက်ရှူမှားလောက်အောင် လန့်ဖျပ်သွားမိသည်။ ဒါပေမဲ့ သူ ဣန္ဒြေဆည်ကာ…

“မင်း…မင်း…ဘယ်နားမှာ ဆင်းမှာလဲ”

“ရှေ့နားမှာတင်ပဲခင်ဗျ၊ ဟီး…ဟီး…ဟီး…မိုက်တောင်ဆာလာပြီ၊ အမဲသားလေး စားချင်လိုက်တာ”

သူ နည်းနည်းကြောင်သွားသည်။ ဘာပြောလိုက်ပါလိမ့်။ စက်ဘီးကို နင်းနေရာမှ ကောင်လေးထံမှ ရယ်သံသြသြကြီး ထွက်လာလေသည်။ အသားလွတ်ရယ်မောလိုက်သံ ရယ်သံသည် ခြောက်ကပ်ကပ်နိုင်လှသည်။





“ဟို..ဟို..ဟို..ဟား..ဟား..ဟား..ဟား..ဟေး..ဟေး”

ရယ်သံကြောင့် သူ နည်းနည်းအူကြောင့်ကြောင် ဖြစ်သွားသည်။ လန့်ဖျပ်သွားကာ ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်၊ သူ့မေးခွန်းနှင့် အဖြေက ဘခြားစီ ဖြစ်နေသည်။

“မင်း ဘယ်နားမှာ ဆင်းမှာလဲလို့ ငါမေးနေတယ်လေကွ၊ အရူးရှူးရဲ့”

“အမဲသားလေး ၅ ပိဿာလောက်ဆိုရင်တောင် နံကြားကပ်မှာ မဟုတ်ဘူး၊ ဟီး..ဟီး..ဟီး..ဟီး..ဟေး..အမဲသားမဲစားချင်တယ်”

“ဟောကောင်…မင်းကိုယ်ကြီးက လေးလိုက်တာကွာ၊ ပါးစပ်ကလည်း ကျက်သရေမရှိလိုက်တာ၊ ဘာတွေလျှောက်ပြောနေတာလဲကွ၊ ဘယ်မှာဆင်းမှာလဲ မြန်မြန်ဆင်းတော့ကွာ”

“ဟား…ဟား…ဟား…ယောယုဝမှာ ဆင်းမယ်၊ မဟာယောယုဝ”

ကိုမြင့်ဇော် တော်တော်ဖျားသွားသည်။ ခေါင်းနားပန်းကြီးသွားသည်။ ‘ယောယုဝ’ တဲ့။ ဒီယောယုဝဆိုသော လမ်းနာမည်၊ ကျောက်မြောင်းရပ်ကွက်ထဲမှာ လုံးဝမရှိချေ။ ယောယုဝဆိုတာ၊ မဟာယောယုဝဆိုတာ ငရဲကြီးရှစ်ထပ်က ပဥ္စမအထပ်။

“ဟောကောင် နောက်တီးနောက်တောက် လုပ်မနေနဲ့၊



www.burmeseclassic.com

ခင်းပြောတဲ့မှာမည့် ကျောင်းမြောင်းထဲမှာ မကြားဖူးဘူး၊ မင်းကို ခေါ်တင်လာတာတော့ မှားပြီထင်တယ်ကွာ”

ကောင်လေးက သူ၏အမေးကို ဘာမှပြန်မပြောဘဲ အသံကွဲအက်အက်ကြီးဖြင့် တဟီးဟီး ဆက်၍ရယ်မောနေတော့သည်။ ရယ်သံက ကြောက်စရာကောင်းလာသည်။ တဖြည်းဖြည်းနှင့် ကြောက်စရာကောင်းလာသည်။ ကိုမြင့်ဖေ်သည် ရုတ်တရက် သိမှတ်မဲ့ခန္ဓာကိုယ်နှင့် ဆင်ခြင်ခြင်းအသိဉာဏ် ကင်းလွတ်သွားသကဲ့သို့ တုန်လှုပ်သွားမိသည်။ ကောင်လေး၏ ရယ်သံက တဖြည်းဖြည်း ကျယ်လောင်လာကာ အက်ကွဲကွဲ ရှတတ အသံကြီး ဖြစ်လာသည်။ အသံမှာ ဘက်ထရီအားနည်းရာမှ ထွက်ပေါ်လာသော ဟွန်းပျက်ကြီးတစ်လက်၏အသံ (ဒါမှမဟုတ်) မောင်းကွဲကြီး၏မြည်သံနှင့် တူလိမ့်မည်။ ထိုအစ်တစ်တစ် ကွဲတဲတဲ ရယ်သံကြီးက နှလုံးသွေးရပ်ဖွယ် ကောင်းလှတော့သည်။

သူ့ခါးကို ဖက်တွယ်ထားသော လက်များက တဖြည်းဖြည်း ပြုတ်တူနှင့် ညှပ်သကဲ့သို့ အသက်ရှူကြပ်လာလေသည်။ သူ ချွေးစို့လာသည်။

“ဟေ့ကောင် ငါ့ခါးကို ဖက်ထားတဲ့ မင်းလက်တွေကို လျှော့လိုက်စမ်း၊ ဒီမှာ အသက်ရှူကြပ်လာပြီ၊ သေတော့မယ်၊ ဘယ်လိုအရူးကောင်ကို တင်ခေါ်လာမိသလဲ မသိပါဘူး”





ကောင်လေး၏ ပမာမခန့် ရယ်သံ။

ရုတ်တရက် ပုပ်စော်နံလာသည်။

“ဟင်း…ဟင်း…ဟင်း…ဟီး…ဟီး…မြစ်ရတယ်၊ ဖြည်းဖြည်းလေး ဖက်တာကိုများ”

သူ့ခါးကို ဖက်တွယ်ဖျစ်ညှစ်စပြုလာသော လက်ကို ဖယ်ထုတ်ရန် ငုံ့ကြည့်လိုက်မိသည်။ လက်…လက်…ဘုရား… ဘုရား…ကောင်လေးရဲ့လက်။

“ဟာ…အား…”

သူ၏အသက်ဝိညာဉ်သည် ခန္ဓာကိုယ်မှ လွင့်စဉ်သွားမတတ် အော်ဟစ်မိသွားသည်။ အံ့သြလွန်းသဖြင့် ကြက်သေသေသွားခြင်းဖြစ်သည်။ သူ၏ နှလုံးခုန်သံသည် စည်းဝါးလွတ်နေသော ဗုံတစ်လုံး၏ မြည်ဟည်းသံလို မြည်ဟိန်းသွားခြင်းဖြစ်သည်။ ကြောက်လန့်မှုကြောင့် စက္ကန့်ပိုင်းအတွင်းမှာပင် ဗိုင်းခနဲလဲကျကာ ဝိညာဉ်ချုပ်ငြိမ်းသွားလောက်သည့် ကြောက်လန့်မှုမျိုးဖြစ်၏။ ပါးစပ်အဟောင်းသားဖြင့် အသံပင် မထွက်နိုင်။ အသားတွေ တဆတ်ဆတ် တုန်လာသည်။ စက်ဘီးသည် တစ်ချပ်ယမ်းခါသွားသည်။

သူ့ခါးကို ဖျစ်ညှစ်ဖက်တွယ်ထားသော ကောင်လေး၏ လက်တစ်ဖက်သည် ဖြူဖြူသွယ်သွယ် လက်ကလေး မဟုတ်

www.burmeseclassic.com



တော့ဘဲ အရိုးကျနေသော ဖြူညစ်ညစ်အရိုးခြောက်လက်ကြီး ဖြစ်နေသောကြောင့်ပင်တည်း။

"ဟား...မား...ဟား...ဟီး...ဟီး...မှီး...ဟေး...ဟေး"

"အောင်မယ်လေးဗျ"

"ဟူး...ဟူး...ဟူး...မှူး"

အော်ဂလီဆန်စရာ ကြောက်မက်ဖွယ်ရယ်သံကြီးက အဆက်မပြတ် ထွက်ပေါ်နေဆဲ။ ထိုအချိန်အထိ လမ်းမပေါ်မှာ လူတစ်ယောက်မှ မရှိချေ။ ကယ်မည့်သူ ဝေးပေစွ။

သူ လှည့်ကြည့်လိုက်မိသည်။ ဘုရားရေ...ဆိုင်ခုံမှာ ကောင်လေးမရှိတော့ပေ။ ပျောက်ခြင်းမလှ ရုတ်ခြည်းပျောက်သွားလေပြီတကား။ ကောင်လေး ဘယ်ရောက်သွားပြီလဲ၊ ဘုရား...ဘုရား...ကယ်တော်မူပါ။

□ □ □

ကောင်လေးကို မတွေ့ရတော့ဘဲ ရယ်သံကြီးသာ ထက်ကြပ်မကွာ ကြားနေရလေသည်။ ထိုအခါမှ အသိဝင်လာကာ ကိုမြင့်ဇော်သည် စက်ဘီးကို အသားကုန်နင်းပြေးလေသည်။ ထိုအခါမှ သူ အမြဲရွတ်ဆိုနေကျ 'သုဝဏ္ဏဘုမ္မိ' အစချီသော





ဘုံ သတိရကာ ရွတ်လိုက်လေသည်။ သို့သော် အန့်မှုက တစ်ကိုယ်လုံး ဝါးမျိုထားသဖြင့် ဂါထာကို သည်မှာ အမြီးအမောက် မတည့်ပေ။ သို့သော်...

"သုဝဏ္ဏဘုမ္မိ...ဂန္တွာန"

"လောကုတ္တရာ...မဟိဒ္ဓိကာ"

"ဗြိသာစေ နိဒ္ဓမိတွာန"

"ဗြဟ္မစာလ...မဒေသိသုံ"

ဟု တစ်ခွန်းချင်း ကျယ်လောင်စွာ ရွတ်ဆိုလိုက်လေသည်။ ဂါထာစာသားများသည် သူ၏နှုတ်ဖျားမှ လွယ်လွယ်ကူကူ ထွက်ပေါ်လာခြင်း မဟုတ်။ ခက်ခက်ခဲခဲ တိုးထွက်လာခြင်းသာ ဖြစ်သည်။ ထိုဂါထာကို ဆက်ကာ ဆက်ကာ ရွတ်သည်။ ဘယ်နခေါက်ပင် ရွတ်မိမှန်း မသိတော့ချေ။ ကျောက်မြောင်းဈေးမီးပွိုင့်ကို ဘယ်လိုရောက်သွားမှန်း မသိတော့။ အိမ်နှင့်လည်း နီးသွားပြီ၊ ရယ်သံက ရပ်သွားသည်။ သူ့ခါးကို ပြုတ်တူလိုညှပ်ထားသော အရိုးငေါက်ငေါက်လက်ကြီးသည် ခါးမှာ မရှိတော့ပေ။ ရုတ်တရက် 'အား' ခနဲ အော်သံနက်ကျောကျောကြီး ရပ်တန့်သွားပြီးနောက် တစ်စုံတစ်ရာ ပြုတ်ကျသွားသံ ထွက်ပေါ်လာသည်။ ကတ္တရာလမ်းမနှင့် မာကျောသော အရာဝတ္ထုတို့ ပြင်းထန်စွာ ပွတ်တိုက်ထိတွေ့လိုက်သည့် ဂလောက်ဂလက် အသံမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကိုမြင့်ဖော်သည် စက်ဘီးကို ရပ်လိုက်လေသည်။ တစ်ကိုယ်လုံး ဇောချွေးတွေပျံ့နေသည်။ သို့သော် ရင်ခုန်သံတော့ မရပ်သေး။ မောဟိုက်နေဆဲ။

လမ်းမီး၏ အလင်းရောင်ဖြင့် လမ်းမပေါ်ကျနေသော အရာဝတ္ထုများကို ကြောက်လန့်တကြား လှမ်းကြည့်မိလိုက်လေသည်။ သူ၏ခါးကို ဖက်တွယ်ထားသော အရိုးခြောက်လက်ကြီးသည် အပိုင်းပိုင်းအတစ်တစ် ကျွေမွကာ လမ်းမပေါ် ပြန့်ကြဲကျနေခြင်းဖြစ်၏။

□ □ □

ကိုမြင့်ဖော်သည် ရပ်ကွက်ထဲမှ သူငယ်ချင်းအချို့ကို စုစည်းကာ အရိုးခြောက်လက်ပြတ်ကြီး ပြုတ်ကျကျန်ရစ်ခဲ့ရာသို့ ညချင်းတွင်းပင် ပြန်ရောက်လာကြလေသည်။ သူငယ်ချင်းတွေ နေရာအနှံ့ လိုက်ရှာဖွေကြသည်။

ထိုနေရာတွင် အရိုးခြောက်လက်ပြတ်ကြီး မရှိတော့ချေ။

ညကား အနက်ရောင်နံရံကြီးတစ်ချပ်သဖွယ် ပိတ်ကာထားဆဲ။ နှင်းရိုင်းခါးခါးလေတွေက တလွင့်လွင့် တိုက်ခတ်နေဆဲရှိလေသည်။ အရိုးကွဲမတတ် ချမ်းတုန်လှပါသည်။

နောက်(၂)ရက်ခန့် ကြာသောအခါ သုသာန်ရှေ့ရပ်ကွက်





သို့ ကုန်တင်ကားတစ်စီး မောင်းနှင်သော လူတစ်ယောက် ရောက်လာသည်။ ထိုကားမောင်းသူက ညတစ်ညတွင် သုသာန်ရှေ့မှ သူ၏ ကားဖြတ်မောင်းသွားခိုက် စက်ဘီးစီးသွားသော လူတစ်ယောက်ကို ထူးထူးခြားခြား တွေ့လိုက်ရသည်ဟု ဆိုသည်။ ထိုစက်ဘီးနင်းသူ၏ နောက်ထိုင်ခုံတွင် ခန္ဓာကိုယ် စပါးပုတ်လောက်ရှိသော အင်္ကျီဗလာ ကတုံးပြောင်ပြောင်နှင့် ရောမလူအတ္တဘောကြီးတစ်ယောက် လိုက်ပါသွားသည်ကို တွေ့လိုက်ရသည်ဟု ပြောလေသည်။ သူကိုယ်တိုင်ပင် ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်ကြောင့် မော်တော်ကားကို ရပ်တန့်ကြည့်ရှုမိသေးသည်ဟု နီးစပ်ရာ လူအချို့ကို ရှင်းပြသည်ဟု ရပ်ကွက်ကလေးထဲတွင် ပြောစမှတ်တွင်ရစ်နေပေသည်။

(၁၉၇၅-ခုနှစ်က ဖြစ်ရပ်မှန်ကို နာမည်များလွှဲ၍ ရေးသားထားပါသည်။)

□ □ □

မင်းဘုန်းသိင်္ခ